www.burmeseclassic.com

မောင်မြို့
စီစဉ်သည်



# ဂျစ်ပစီတစ်ယောက်ရဲ့
# ရင်ကွဲမက်လောက် လမ်းဆုံ

မင်းခိုက်စိုးစန်

www.burmeseclassic.com

www.burmeseclassic.com

မောင်မျိုးစီစဉ်သည်

two cats PUBLICATION
ကြောင်နှစ်ကောင်
စာအုပ်တိုက်

အမှတ်၁၁၂(မြေညီ) ၃၅လမ်း။ ရန်ကုန်။
ဖုန်း၊ ၀၁-၂၅၃၇၇၂၊ ၀၁-၂၈၂၂၄၈

www.burmeseclassic.com

www.burmeseclassic.com

# မင်း ခိုက် စိုး စန်

## ဂျစ်ပစီတစ်ယောက်ရဲ့
## ရင်ကွဲပက်လက်လမ်းဆုံ

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၁၁၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၇၇၀၅၀၆

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် – ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ – ၅၀၀၊ တန်ဖိုး (၃၀)ကျပ်


www.burmeseclassic.com

www.burmeseclassic.com

မင်းဇေယျာလင်း

အောင်ကြီး(တကောင်းလမ်း)နှင့်

'လူဆိုး'ဟု ပတ်ဝန်းကျင်၏ သတ်မှတ်ခြင်းကို

ခံရသော ညီငယ်များအားလုံးသို့–

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၁)

လမ်းပေါ်မှာ လူတွေတွေ့တိုင်း
လိုက်ပြီး မေးကြည့်ရဦးမယ်...

... ... ...

'ချစ်တယ်' ဆိုတာ ကိုယ့်ကိုယ်ကို
သတ်သေတဲ့
နည်းတစ်မျိုးလား...လို့။

www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးရယ်...
ငါဟာ 'တေလေ' ပါ။
ဖျားနာမှုကိုမှ တွယ်တာတတ်သူတစ်ယောက်ပေါ့။

သန့်စင်ချင်လို့
အလင်းထဲမှာ ငါ လမ်းလျှောက်တယ်။

အပြစ်က လွှတ်ဖို့အတွက်တော့
ငါ ဒူးထောက်လိမ့်မယ် မဟုတ်ပေဘူး။

www.burmeseclassic.com

www.burmeseclassic.com

မင်းအတွက်တော့ ငါဟာ...
... ဘာမှ မဟုတ်ပါဘူး။

ဒါပေမဲ့... အဲဒီ 'ဘာမှ မဟုတ်ဘူး'ကိုပဲ
ငါ သေသေချာချာ သိမ်းဆည်းထားတယ်
မင်းကို သတိရတဲ့အခါ
မကြာ...မကြာ...ထုတ်...ထုတ်ကြည့်ချင်လို့။

www.burmeseclassic.com

www.burmeseclassic.com

ငါ့ကို
'ပြဿနာကောင်'လို့ မပြောပါနဲ့...။

ဖြစ်သမျှတွေအားလုံးအတွက်
ငါ့မှာ ဆင်ခြေဆင်လက်တွေ
လုံလုံလောက်လောက်ရှိနေတတ်တယ်။

(လောကကြီးကို ပခုံးတစ်ချက်တွန့်ပြီး
ပြုံးပြလိုက်ရဲ့)

လူငယ်တစ်ယောက်ရဲ့ ရင်ဘတ်ဟာ
အဆင်မပြေမှုများများ
အလွှမ်းခါးနည်းနည်း
အစွဲအလမ်းကြီးတတ်တဲ့ အိပ်မက်တချို့တလေ
မခံချင်စိတ်တွေ ပေမွ
လူငယ်ပီသတဲ့ ဘဝင်တစ်မျိုး ခပ်တွေတွေနဲ့
ငါ နေပျော်အောင် နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ငါဟာ
ရင်ခုန်နေတဲ့ သံဆူးကြိုးတစ်ချောင်းပေါ့။

ငါ့ရှေ့ တိုးဝင်လာတဲ့
ကောင်မလေးတွေအားလုံးကို ငြိပစ်လိုက်ဖို့
ဟောဒီသံဆူးကြိုးက
အဆင်သင့် စောင့်နေတယ်။

ကဲ...ဘယ်လောက်ချစ်ဖို့ကောင်းတဲ့ ယဉ်ကျေးမှုလဲကွယ်...။

ဘာရယ် မဟုတ်ပါဘူး (ငါကတော့ နောက်တာပါ)

ငါဆိုတဲ့ ကောလေက
မိန်းမတွေကို ချစ်ရတာ
ဂျင်းဘောင်းဘီ ဝတ်ရတာလောက်တောင်
သက်သောင့်သက်သာ မရှိဘူးလို့ ထင်တဲ့ကောင်။

ကျော်ဝင်းမှုံကောင်တာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ငါ့ကို နားလည်တယ်လို့ ထင်တဲ့သူတွေအားလုံးကို
ငါ ရယ်တယ်။

အသုဘချပြီးစ အိမ်လို…ငြိမ်ဆိတ်
ဟောဒီမှာ…တေလေတစ်ယောက်ပေါ့။
သူ့ပါးစပ်ကို တင်းတင်းပိတ်ပြီး
(လောကကြီးကို) ပြုံးတယ်။

ငါ့ကို ဘယ်သူမှ နားမလည်ကြပါဘူး…။

ငါ့ကို ဘယ်သူမှ နားမလည်ကြပါဘူး…။

ငါ့ကို ဘယ်သူမှ နားမလည်ကြပါဘူး…။


www.burmeseclassic.com

www.burmeseclassic.com

## မှုင်း ဟာ ဝန် ခံ ချက် [ ၁ ]

အခုလေးတင်ပဲ ကျွန်တော့်ရဲ့ရည်းစားဟောင်း ကောင်မလေး တစ်ယောက်ရဲ့ မင်္ဂလာဆောင်ကနေ ပြန်လာခဲ့တာပါ။

ပြန်လာပြီးတော့လည်း လမ်းပေါ်မှာ ပျင်းစရာကောင်းလိုက်တာ ဗျာ။ ပျင်းပျင်းရှိတာနဲ့ ဘီလီယက်ဝင်ထိုးရင် ကောင်းမလားလို့တောင် စဉ်းစားကြည့်မိသေးတယ်။

ဒါပေမဲ့ မဟုတ်သေးဘူး။ ဒါဟာ တစ်ခုခုလုပ်လိုက်ရင် ပြေ ပျောက်သွားမယ့် အပျင်းမျိုးမဟုတ်ဘူး။ အပျင်းပြေတစ်ခုခု ထလုပ်ဖို့ ကိုတောင် ငြီးငွေ့ပျင်းရိနေတဲ့ ပေကတ်ကတ်အပျင်းမျိုးပါ။

ဒါ့ကြောင့် လက်ဖက်ရည်ဆိုင်မှာပဲ ထိုင်ပြီး ကောင်မလေးတွေကို ငေးကြည့်နေဖို့ ဆုံးဖြတ်လိုက်တယ်။

အဲဒီ လာဒမလေးတွေကို ကျွန်တော်က 'ဒီနေ့ကောင်မလေး (THE GIRLS TODAY)'တွေလို့ နာမည်ပေးထားတယ်။

●

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လား
တစ်ခါက ကျွန်တော် ရေးခြစ်ခဲ့ဖူးတဲ့ ကဗျာလေးတစ်ပုဒ်လိုပေါ့။

အဖေ...
အသက်(၄၀)ကျော်အမျိုးသား
ဦးနှောက်နဲ့ စကားပြောတယ်။

အမေ...
အသက်(၄၀)အရွယ်အမျိုးသမီး
နှလုံးသားနဲ့ သိမ်းဆည်းတယ်။

ကျွန်တော်...
အသက်(၂၁)ကျော် ကောင်လေး
(ဘာကိုမှ မတွေးဘူး)
အိပ်တယ် စားတယ်၊ အိပ်တယ် စားတယ်။
အိပ်တယ် စားတယ်၊ အိပ်တယ် စားတယ်။
အိပ်တာနဲ့ စားတာကြားမှာ
မကြာမကြာ သန်းဝေတယ်။

●


www.burmeseclassic.com

www.burmeseclassic.com


ဟော...လက်ဖက်ရည်ဆိုင်ရှေ့ လမ်းမှာ စက်ဘီးနဲ့ လာဒမလေးတစ်ယောက် ဖြတ်သွားပြန်ပြီ။

အဲဒီကောင်မလေးကို ကြည့်ရတာ ဘယ်လိုလေးမှန်းကို မသိဘူး။ ဖြူဖြူသေးသေး ချစ်စရာလေး။ တကယ့်ကို သေးသေးကွေးကွေး ကလေးပဲ။ သူ့လက်မောင်းလေးတွေကိုဖြတ်ပြီး သွားကြားထိုးတံ လုပ်ပစ်လိုက်ချင်တဲ့စိတ် ပေါ်လာတယ်။

စက်ဘီးနဲ့ဆိုတော့ ကြာကြာမမြင်လိုက်ရဘူး။ ဒိုင်ခနဲပဲ အဝေးကို ရောက်သွားတယ်။ သူ့နာမည် ဘယ်သူမှန်းလည်း မသိဘူး။

ဟင့်အင်း...သိလည်း မသိချင်ပါဘူး။ ဘာလုပ်ရမှာလဲ။ ကျွန်တော်က မှတ်ပုံတင်လိုက်စစ်နေတာမှ မဟုတ်တာ။ ကောင်မလေးတစ်ယောက် လှတယ် (လှသလိုလိုရှိတယ်)။ ကျွန်တော်က ကြည့်တယ်။ ဒါပဲပေါ့...။ ပြီးပြီ။

ဩော်...ဒီနေ့ မာလာဆောင်တယ်ဆိုတဲ့ ဖြူးစားဟောင်းလား။


www.burmeseclassic.com

www.burmeseclassic.com

အင်း...သူ့နာမည်ကိုလည်း ကျွန်တော် သေသေချာချာမသိပါဘူး။ ရည်းစား ဘဝမှာတုန်းကတော့ ကျွန်တော်က သူ့ကို 'မိုး'...လို့ ခေါ်တယ်။

သည့်ထက်ပိုပြီး သူ့ကို ဘာမှလည်း မေးမကြည့်မိပါဘူး။ သူနဲ့ကျွန်တော် ပြတ်သွားတဲ့အချိန်အထိပဲ ဆိုပါတော့။

ပြီးခဲ့တဲ့အပတ်က ကျွန်တော့်ကို သူ့မင်္ဂလာဆောင်ဖိတ်စာ လာပေးတဲ့အခါကျမှ ဖိတ်စာထဲမှာပါတဲ့ သူ့နာမည်အရင်းဟာ 'မိုး'မဟုတ် မှန်း သိလိုက်ရတယ်။ (သူ့နာမည်အရင်းက ဘာဆိုလားပဲ။ နာမည်က ငါးလုံးတောင်ဆိုတော့ ရည်လို့ မမှတ်မိတော့ဘူး။ မေ့သွားပြီ။)

အင်းပေါ့လေ...ခွဲခွာသွားရတဲ့အခါ လွမ်းလို့ကောင်းရုံ ခဏတဖြုတ် လောက်ပဲ ဆုံကြတဲ့သူတွေဆိုတော့ သူကလည်း သူ့နာမည်အမှန် ဘယ် ပြောပါ့မလဲ။ ဒါ သဘာဝကျပါတယ်။

ကျွန်တော်တောင် ကျွန်တော့်နာမည်အရင်း 'ခေါင်ဗညား'ကို မပြောဘဲ 'ကိုကိုဇော်'ဆိုပြီး ညာပြောထားသေးတာ...။ ကျေရောပေါ့။

ဒါနဲ့ စကားမစပ်ပြောရရင် ကောင်မလေးတွေဟာ 'မိုး'ဆိုတဲ့ နာမည်ကို တော်တော်ကြိုက်ကြတယ် ထင်ပါရဲ့။ ကျွန်တော့်ရည်းစားတွေ ထဲမှာ 'မိုး'ဆိုတဲ့ နာမည်နဲ့ ကောင်မလေးသုံးယောက်တောင် ရှိတယ်။

အခုတော့ ပြီးသွားကြပါပြီ။ ဒါတွေ ထားလိုက်ပါ။ သူတို့ဟာ Eagles ရဲ့ သီချင်းတစ်ပုဒ်လို 'မနေ့က ကောင်မလေး'( The Girls From Yesterday)တွေ ဖြစ်ကြကုန်ပါပြီ။

သူတို့ကို မေ့ပစ်လိုက်ကြပါစို့။ ခင်ဗျားတို့ကော ကျွန်တော်ပါ စိတ်ပါလက်ပါ မေ့ပစ်လိုက်ကြပါစို့။

ဇော်ခြည်သား

နိုဝင်ဘာ ၂၀၀၁



www.burmeseclassic.com

www.burmeseclassic.com

■ SCENE '

ဖွန်လ၏ မိုးရေစက်များကြားတွင် စာသင်ခန်းသည် ပျင်းရိငြီးငွေ့ ဖွယ်ရာကောင်းသော ရှာပနအခမ်းအနားတစ်ခုနှင့် တူနေလေသည်။

ခေါင်းပြားက ဆရာဖြစ်သူ မရိပ်မိအောင် တိတ်တိတ်ကလေး ကြိတ်ပြီး သန်းလိုက်၏။ သူ့ညာဘက်လက်ကတော့ ဟန်မပျက်ပင် ဘောလ်ပင်ကိုကိုင်လျက် ဗလာစာအုပ်၏ စာမျက်နှာများပေါ်တွင် ရွေ့လျားနေသည်။

သို့သော် ဆရာသင်ကြားနေသော လက်ချာကို လိုက်လံရေးမှတ် နေခြင်းတော့ မဟုတ်။ သူ့စိတ်ကူးထဲပေါ်သမျှ ပေါက်ကရအတွေးတွေကို လျှောက်ရေးနေခြင်းသာ ဖြစ်သည်။

သူ့အတွေးတွေက များသောအားဖြင့်တော့ ခပ်ဆိုးဆိုး၊ ခပ်ညစ် ညစ်လူငယ်တစ်ယောက်၏ လောကကြီးကို ကန့်လန့်မြင်ကြည့်သော ကပ်သီးကပ်သပ် စိတ်ကူးစိတ်သန်းတွေ ဖြစ်နေတတ်သည့်ဟာ များ၏။

ယခုလည်း သူ ရေးနေသော စာကြောင်းများမှာ (လမ်းဘေး ပလက်ဖောင်းပေါ်တွင် ဈေးပေါပေါနှင့် ချရောင်းတတ်သော) ဆုံးမဩဝါဒ



www.burmeseclassic.com

www.burmeseclassic.com

လိုလို နိုက်လိုလို အရကြောင်ကြောင် အဆိုအမိန့်များကို အမိပ္ပါယ်ကိုးယိုး ကားယားဖြစ်သွားအောင် ဖျက်လိုဖျက်ဆီး ရေးသားနေခြင်းဖြစ်၏။

ပထမဦးဆုံး သူ့စိတ်ကူးထဲတွင် မြင်ယောင်လာသည့် စာတမ်းက 'သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ'။

ဒါကို ခေါင်ဗညားက တစ်မျိုးပြင်ရေးလိုက်သည်။

'သင်မူးလျှင် ကျွန်ုပ်မတွဲပါ'

နောက်စာကြောင်းက..

'သစ္စာမမြဲ၊ အကျင့်လွဲ၊ ပါယ်ထဲရောက်မည်ကြောက်'

အဲသည်စာကတော့ တွင်းသင်းမင်းကြီး၏ ဩဝါဒသံပေါက် ဖြစ်သောကြောင့် သူက ကာရံကိုက်အောင် ပြန်ပြင်ရေးရသည်။

'လုံချည်မမြဲ၊ အောက်ကဆဲ၊ ဂိတ်တဲရောက်မည် ကြောက်'

နောက်တစ်ကြောင်းက...

'မိဘကို မသောခင်လုပ်ကျွေးပါ၊ သေမှ ငိုမနေပါနှင့်'

ခေါင်ဗညားက...

'မိဘကို မသေခင် ညာစားပါ၊ သေမှ ဖဲဝိုင်းမထောင်ပါနှင့်'

'သေလျှင် ပြီးပြီ'

(သေလျှင်ပြီးပြီဆိုသည်ကတော့ စာနယ်ဇင်းကိုဟ်းချုပ်ဆရာ ဦးမြတ်ခိုင်၏ ဒဿနဖြစ်သည်) ဒါကို သူက ဆင်တူယိုးမှားကလေး ဖြစ်အောင် လိုက်ရေးကြည့်လိုက်၏။

''သေလျှင် ပီးပေါ်''

'ပီးပေါ်'ဆိုသည့် စာလုံးဘေးတွင် ဆိုက်ကားဟွန်းမှ အသံမြည် နေပုံကလေးပါ ရေးဆွဲထည့်လိုက်သေးသည်။

ပြီးသွားသောအခါ လက်သြောင်းလာသဖြင့် ခဏရပ်ပြီး ဘာ ဆက်ရေးရလျှင် ကောင်းမလဲဟု သူ စဉ်းစားသည်။ စဉ်းစားနေရင်း မှာပင် မျက်လုံးအကြည့်က သူ့ရှေ့ကပ်လျက်ခုံတန်းမှာ ထိုင်သည့် ကောင်မလေး၏ ကျောပြင်ဆီသို့ မရည်ရွယ်ဘဲ ရောက်သွား၏။ ထို


www.burmeseclassic.com

www.burmeseclassic.com


ကောင်မလေး၏ မျက်နှာက လှသလား၊ မလှသလားတော့ (မမြင်ရသဖြင့်) သူ ကောင်းစွာမသိ။ ဆံပင်တွေကတော့ နက်မှောင်ရှည်လျားလွန်းသည်မှာ သေချာ၏။

ခေါင်ဗညား အာရုံနောက်နေသည်မှာလည်း ထိုဆံပင်ရှည်တွေကိုပင် ဖြစ်သည်။ စာသင်ခန်းပြတင်းပေါက်နှင့် နီးနေသောကြောင့် အပြင်အပမှ လေပြေတစ်ချက် ဝှေ့တိုက်လိုက်တိုင်း ထိုကောင်မလေး၏ ဆံပင်တွေက နောက်ဘက်သို့ အနည်းငယ် ဝဲဝဲလွင့်လွင့်ဝှေ့ကာ ခေါင်ဗညား စာရေးနေသော စားပွဲပေါ်ထိ ရောက်လာတတ်သည်။

ကျောင်းသား၊ ကျောင်းသူများထိုင်သော ရှေ့ခုံတန်းနှင့် နောက်ခုံတန်း နီးကပ်ကျပ်ညပ်လွန်းနေသောကြောင့် ရှောင်စရာနေရာကလည်း လွတ်လွတ်ကျွတ်ကျွတ် မရှိ။ ခေါင်ဗညားက အဲသည်ကောင်မလေး၏ ဆံပင်ရှည်တွေကို ကြည့်ရင်း စိတ်ညစ်နေမိသည်။

သူ့စားပွဲနှင့်လာငြိရင်း ပြတ်သတ်ပြီး ကျန်နေရစ်ခဲ့သော ဆံပင်စ သုံးလေးမျှင်ကို မြင်ရသောကြောင့် ဖြစ်သည်။ (သူက ဆံပင်ဖြတ်စများ၊ ဆံချည်ထွေးများကို ရွံရှာတတ်သူတစ်ယောက်ဖြစ်၏)

'ကြည့်စမ်း မိန်းမတွေဟာ ဘယ်လောက် အော်ဂလီဆန်စရာ ကောင်းသလဲ'

သူ့ဘာသာသူ ခပ်တည်တည်ဖြင့် တွေးပစ်လိုက်ရင်း ကိုယ့်စိတ်ကူးနှင့်ကိုယ် သဘောကျပြီး ပြုံးလိုက်မိသည်။ ထိုစဉ်...

"မောင်ခေါင်ဗညား။ ထစမ်းပါဦးကွ"

ဆရာဖြစ်သူ၏ အသံကြောင့် အသိပြန်ဝင်လာပြီး ထရပ်လိုက်ရ၏။ ဆရာက စိတ်ဆိုးမာန်ဆိုးဖြင့်...

"မင်းက ငါ စာသင်နေတာကို အာရုံမစိုက်ဘဲနဲ့ ဘာတွေစဉ်းစားပြီး ပြုံးနေ၊ ရယ်နေရတာတုန်း။ တစ်ယောက်တည်း ပြုံးနေရအောင် မင်း အရူးလား။ ကဲ...ဖြေစမ်းပါဦး။ အခု ငါ ဘာတွေ သင်နေတယ်ဆိုတာ ကော မင်းသိရဲ့လား"


www.burmeseclassic.com

www.burmeseclassic.com

ခေါင်ဗညားက အစိမ်းရောင် ကျောင်းသင်ပုန်းဆီသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ မြေဖြူဖြင့် ရေးသားထားသော Evolution Theory (အဆင့်ဆင့်ပြောင်းလဲခြင်းသီအိုရီ)ဟူသည့် ခေါင်းစဉ်ကို မြင်ရသည်။

ထိုသီအိုရီကို ဖော်ထုတ်ခဲ့သူ ချားလ်စ်ဒါဝင် (Charles Darwin) ၏ အမည်ကိုလည်းကောင်း၊ 'လူသည် မျောက်မှ ဆင်းသက်လာသည်' ဟူသော ဒါဝင်၏ သဘောတရားကို အတိုချုပ်ရေးထားသည့် မှတ်စု အတိုအစများကိုလည်းကောင်း ကျောင်းသင်ပုန်းပေါ်တွင် တွေ့နေရ၏။

ဆရာက...

''ဟောကောင် ငါမေးနေတာ ဖြေလေကွာ''

''ဟုတ်ကဲ့...သိပါတယ် ဆရာ။ Evolution Theory ပါ။ ကျွန်တော်လည်း အခုလေးတင်ပဲ အဲ့ဒီသီအိုရီရဲ့ ချို့ယွင်းချက်ကို တွေး နေမိလို့ပါ''

ခေါင်ဗညား၏အဖြေကြောင့် ဆရာက မျက်ခုံးကိုပင့်ရင်း...

''ဘာကွ''

''ဒီလိုပါ ဆရာ။ ဆရာပြောတဲ့အတိုင်းသာဆိုရင် လူဟာ ဟိုအရင်က ဆင်းသက်...''

''မျောက်ကွ...မျောက်။ လူဟာ မျောက်က ဆင်းသက်တာ''

ဆရာ၏ ဒေါသကို လစ်လျူရှုရင်း ခေါင်ဗညားက မေးလိုက် သည်။

''ဒါဆိုရင် မျောက်ကကော ဘယ်က ဆင်းသက်လာတာလဲ ဆရာ''

''ဟင်...''

မျှော်လင့်မထားသော မေးခွန်းဖြစ်သောကြောင့် ဆရာက ကြောင်ပြီး ပြန်ဖြေရန် နှုတ်ဆွံ့နေ၏။ ခေါင်ဗညားက...

''ချားလ်စ်ဒါဝင်ရဲ့ သီအိုရီပေါ်တာ ကြာပါပြီ ဆရာ။ အဲဒီသီအိုရီ


www.burmeseclassic.com

www.burmeseclassic.com

ကို ကြားရလွန်းလို့ ကျွန်တော်တို့ရဲ့ နားရွက်တွေတောင်မှ တော်တော် ဟောင်းနွမ်းနေပါပြီ။

ဒါပေမဲ့ ဒီလောက်ကြာနေတဲ့ ရာစုနှစ်တွေအတွင်းမှာ ဒီအသိနဲ့ပဲ ကျေနပ်နေခဲ့ကြသလား။ လူဟာ မျောက်က ဆင်းသက်တယ်ဆိုတာ လေးနဲ့တင် ပြီးသွားပြီလား။ အဲဒီမျောက်ကကော ဘယ်က ဆင်းသက် လာတာလဲဆိုတာကို ဘယ်ပညာရှင်ကမှ ထပ်ပြီး မေးခွန်းထုတ်ဖို့ သတိ မရခဲ့ကြဘူးလား ဆရာ။ တကယ်စဉ်းစားဖို့ကောင်းတာက...''

ခေါင်ဗညား၏ စကားမဆုံးခင်မှာပင် ဆရာက လက်ဝါးကာပြ လျက် တားရင်း...

''တော်ပြီ...တော်ပြီ မောင်ခေါင်ဗညား။ စဉ်းစားဖို့ကောင်းတာကို မင်းမပြောခင်မှာ အကောင်းတကာ့အကောင်းဆုံးကို ဆရာအရင်ပြော ပြမယ်။ အကောင်းဆုံးကတော့ ဒီစာသင်ခန်းထဲက မင်း ထွက်သွားဖို့ပဲ။ ကဲ...သွားတော့''

●

ခေါင်ဗညားက (ပခုံးနှစ်ဖက်ကို အသာတွန့်ကာ ပြုံးလိုက်ရင်း) စာသင်ခန်းထဲမှ ထွက်ရန် စားပွဲပေါ်မှ သူ၏ မှတ်စုစာအုပ်၊ ဘောပင်လ်ပင် တို့ကို လွယ်အိတ်ထဲ သိမ်းဆည်းထည့်သွင်းလိုက်၏။

တစ်တန်းလုံးရှိ ကျောင်းသား၊ ကျောင်းသူများအားလုံးက အသံ မထွက်ဘဲ သူ့ကို ဝိုင်းဝန်းအာရုံစိုက်ကာ ကြည့်နေမည်မှန်း သူ သိနေ သည်။ ဘယ်သူတွေ ဘယ်လိုဖြစ်ဖြစ် သူကတော့ ပေါ့ပေါ့ပါးပါး၊ အေးအေးဆေးဆေးသာ ဖြစ်၏။

လွယ်အိတ်ကို ပခုံးထက်၌ ထမ်းလွယ်ရင်း စာသင်ခုံမှ ခွာဖို့ ခြေလှမ်းပြင်ခါနီးကလေးတွင် ရှေ့ဘက်ကပ်လျက် စာသင်ခုံမှ ဆံပင် ရှည်ရှည်နှင့် ကောင်မလေးကို အမှတ်မထင် လှမ်းကြည့်လိုက်မိသေး

www.burmeseclassic.com

သည်။

ကောင်မလေးက တောက်ပသောမျက်ဝန်းများနှင့် (သူ့ကို အထူးအဆန်းသတ္တဝါတစ်ကောင်လို) သမင်လည်ပြန်လှည့်ကာ စိုက်ကြည့်နေသည်ကို တွေ့ရ၏။

သူ ရင်ခုန်ကြည့်လိုက်သည်။

အဲသည်ကောင်မလေးဟာ နတ်သမီးလေး တစ်ပါးပါပဲ။ ဂရိရာဇဝင်ထဲက အပိုလိုစမစ်သီးယပ်ဆိုတဲ့ နတ်တာမန်ပေါ့ဟု သူ တွေးကြည့်လိုက်၏။ (ဂရိဒဏ္ဍာရီထဲတွင် အပိုလိုစမစ်သီးယပ်နတ်သည် 'ကြွက်' များကို သုတ်သင်နှိမ်နင်းသတ်ဖြတ်သူဟု ဖော်ပြထား၏)

အဲဒီကောင်မလေးကကော ငါ့ကို ကြွက်တစ်ကောင်လို သဘောထားပြီး ကြည့်နေတာများလား။

ဖြစ်နိုင်တယ်ဟု သူ တွေးရင်း စိတ်ထဲမှ ကိုယ့်ကိုယ်ကို ပြန်သရော်လိုက်သည်။

ထို့နောက် (ဘာကိုမှ မစွဲလမ်း။ မသိမ်းပိုက်သော စိတ်နှလုံးဖြင့်) အားလုံးကို ကျော်နိုင်းပြီး ထွက်ခွာလာခဲ့တော့သည်။

●


www.burmeseclassic.com

www.burmeseclassic.com


ကျောင်းရှေ့က အအေးဆိုင်တွင် သူ အေးအေးဆေးဆေးပင် ဝင်ထိုင်လိုက်သည်။ ဗလာစာအုပ်ကို လွယ်အိတ်ထဲမှ ပြန်ထုတ်ပြီး စောစောက ရေးလက်စ စာမျက်နှာဆီသို့ ပြန်လှန်သည်။

ဘာတွေဆက်ရေးရင် ကောင်းမလဲဟု တွေးရင်း ငြိမ်ငြိမ်ကလေး ပင် ထိုင်စဉ်းစားနေဖြစ်၏။ ခေါင်းထဲတွင် ဘာမှ ပေါ်မလာ။

တစ်ခါတစ်ခါ ဒီလိုပဲ ဖြစ်တတ်သည်။ အမှုမဲ့အမှတ်မဲ့နေရင်း စိတ်ကူးကောင်းကောင်းလေးတွေ ရတတ်သော်လည်း မကောင်းကောင်း အောင် အတင်းဖျစ်ညှစ်စဉ်းစားလျှင် ဘာစိတ်ကူးမှ ပေါ်မလာတော့။

ထို့ကြောင့် သူက အာရုံကို အသာလျှော့ထားရင်း လမ်းသွား လမ်းလာများဆီသို့သာ ငေးကြည့်နေလိုက်တော့သည်။

မကြာခင်မှာပင် အတန်းပြီးသွားသောကြောင့် စာသင်ခန်းထဲမှ ကျောင်းသားတွေ အလျှိုအလျှို ထွက်လာကြသည်ကို မြင်ရ၏။ တချို့က နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲဖြင့် အအေးဆိုင်ထဲသို့ ဝင်လာ ကြသည်။

လမ်းကို ဖြတ်ကူးပြီး အအေးဆိုင်ဆီသို့ လာနေသူများထဲတွင် စောစောက အတန်းထဲ၌ သူ့ရှေ့ခုံတွင် ထိုင်နေခဲ့သော ဆံပင်ရှည်ရှည် နှင့်ကောင်မလေးလည်း ပါသည်ကို မြင်နေရ၏။ (အဲဒီကောင်မလေးကို


www.burmeseclassic.com

www.burmeseclassic.com

တော့ 'ကြွက်နုတ်သမီး' ဟု သူ့စိတ်ထဲမှ နာမည်ပေးလိုက်သည်)

အံ့ဩစရာကောင်းသည်က အဲဒီ ဆံပင်ရှည်ရှည်နှင့်ကြွက်နုတ်သမီးက မိန်းကလေးသူငယ်ချင်းအဖော်တွေ ဘာတွေ မပါ။ တစ်ယောက်တည်းပင် ဖြစ်သည်။

နောက်ပြီး သူမက အအေးဆိုင်ထဲက ခေါင်ဗညားထိုင်နေသည့် စားပွဲဆီသို့ တိတိကျကျ လှမ်းကြည့်လွှန်းနေခြင်းဖြစ်၏။

သေချာသွားပြီ။ ကြွက်နုတ်သမီးသည် သူ့ထံသို့ တန်းတန်းမတ်မတ်လာနေခြင်း ဖြစ်လေသည်။ (ခေါင်ဗညားက မသိချင်ယောင်ဆောင်နေဖို့ ဆုံးဖြတ်လိုက်၏)

"လူရှိလားဟင်...။ ဒီမှာ ထိုင်မယ်နော်"

အနီးတွင် ရပ်ပြီးပြောလိုက်သည့် သူမအသံကို ကြားလိုက်ရတော့မှ ခေါင်ဗညားက ဆတ်ခနဲမော့ကြည့်ကာ...

"ဗျာ...ဟို...အဲ"

ရုတ်တရက် အံ့ဩတုန်လှုပ်စွာဖြင့် နတ်မိမယ်တစ်ပါးကို မထင်မှတ်ဘဲ မြင်တွေ့လိုက်ရသူတစ်ယောက်လို သတိမဲ့ ကြောင်ငေးပြလိုက်၏။ (သည်လို အပြစ်ကင်းစင်သော လှည့်ဖျားမှုကို ယောကျ်ားတစ်ယောက်၏မာယာဟု စွပ်စွဲသတ်မှတ်သင့်ပါသလား)

သူမက မထိတရီ ပြုံးလိုက်ရင်း...

"ဖြူ...ဒီမှာ ခဏထိုင်မယ်နော်"

"ဪ...ဟုတ်...ဟုတ်ကဲ့...။ ထိုင်ပါ"

(ဒင်းကတော့ သူမ၏အလှကြောင့် ယစ်မူးတုန်လှုပ်သွားရသော ခပ်ညံ့ညံ့ကြွက်တစ်ကောင်ကို တွေ့ပြီဟု ထင်နေသလား မသိချေ)

အပြုံးတစ်ခုကို တမင် မလှ လှအောင်ပြုံးရင်း သံပုရာဖျော်ရည်တစ်ခွက် လှမ်းမှာနေသော သူမ၏ တစ်ကိုယ်တော်ပြပွဲပြီးဆုံးအောင် ခေါင်ဗညားက စိတ်ရှည်လက်ရှည် စောင့်နေလိုက်သည်။ ပြီးတော့မှ...

"နာမည်က 'ဖြူ' တဲ့လား"


www.burmeseclassic.com

www.burmeseclassic.com


''ဟင်း...ဟင်း...ကျွန်မနာမည် 'မာနဖြူ'တဲ့''

''ဗျာ...မာနဖြူတဲ့လား။ နာမည်က ဆန်းတယ်နော်။ ကျွန်တော့်အတန်းထဲမှာ ဖြူ့ကို သတိထားမိနေတာတော့ ကြာပြီ။ နာမည်ကိုတော့ ခုမှပဲ သိရတော့တယ်''

ခေါင်ဗညားက ခပ်တည်တည်ဖြင့် ဖြေးလိုက်၏။ တကယ်တော့ သူမကို အရင်က သတိထားမိဖို့ ဝေးစွ၊ သူကိုယ်တိုင်ပင်လျှင် ကျောင်းမှန်မှန်တက်သူ မဟုတ်ချေ။ မာနဖြူက အနည်းငယ် အသံတွက်အောင် ရယ်မောလိုက်ရင်း...

''ဖြူကတော့ သူ့ကို ဒီနေ့မှ သေသေချာချာ သတိထားကြည့်မိတာ။ ခပ်ဆန်းဆန်းမေးခွန်းတွေ တွေးပြီး မေးတတ်လို့လေ''

''ဪ...''

ခေါင်ဗညားက ဪ...ဟု ရေရွတ်ရုံသာ ရေရွတ်ပြီး ပခုံးတွန့်ပြလိုက်သည်။ သူမက...

''ဖြူကလည်း ပုံစံအသေတွေ၊ ပုံစံအဟောင်းတွေထဲမှာ နေရထိုင်ရတာကို ငြီးငွေ့တယ်။ အသစ်ဖြစ်တာကို ကြိုက်တယ်၊ စိတ်ကူးတွေ ဖောက်ထွက်တာကို သဘောကျတယ်။ အဲဒါကြောင့် သူ့လိုလူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရရင် ကောင်းမှာပဲဆိုပြီး တွေးမိလို့''

(ကိုယ့်ကိုယ်ကို ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သည်ဟု အထင်ရှိသော မိန်းမ (၉၀)ရာခိုင်နှုန်းလောက်သည် ဒီလိုပင် သမားရိုးကျ ပုံစံဟောင်းများကို ငြီးငွေ့ကြောင်း၊ တွေးခေါ်ပုံအသစ်ကို နှစ်သက်ကြောင်း ပြောတတ်ကြသည်ချည်းပင် ဖြစ်၏)

ဒါမျိုးတွေ ကြားရလွန်းသောကြောင့်လားတော့ မသိ။ ခေါင်ဗညားကတော့ အဟောင်းတွေကို ငြီးငွေ့ရုံသာမက အသစ်ကို ကြိုက်သည်ဟု ပြောတတ်ကြသူများကိုပါ ငြီးငွေ့ပျင်းရိလှပါပြီ။

သို့သော် သူ့နှုတ်ခမ်းဖျားမှ ထွက်လာသော စကားလုံးတွေကတော့...


www.burmeseclassic.com

www.burmeseclassic.com

''ဒါဆို ကျွန်တော်တို့နှစ်ယောက် မိတ်ဆွေဖြစ်မှာ သေချာသွားပြီ ထင်တယ်''

''ဘာဖြစ်လို့လဲ''

သူမက မျက်ခုံးကို လှုပ်ရှာ ပင့်တင်ရင်း ပြန်မေး၏။ ခေါင်ဗညားက...

''လူတစ်ယောက်နဲ့တစ်ယောက် ဆက်ဆံရေးကို ပထမဦးဆုံးစတွေ့တဲ့ 'လေးမိနစ်' အချိန်အတွင်းမှာဖြစ်ပေါ်လာတဲ့ခံစားမှုက အဆုံးအဖြတ်ပေးတယ်တဲ့''

''ဟင်...တကယ်လား''

''တကယ်ဟုတ်မဟုတ်တော့ မပြောတတ်ဘူးလေ...။ ကျွန်တော်လည်း စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတာကို ပြန်ပြောပြတာ''

''ဘာစာအုပ်လဲ''

သူမက မယုံကြည်သလို ပြန်မေး၏။ ခေါင်ဗညားက...

''ဖလော်ရီဒါတက္ကသိုလ်က ဆစ်ဒနီဂျူးရဒ်ဆိုတဲ့ စိတ်ပညာရှင်တစ်ယောက် ရေးတာ။ စာအုပ်နာမည်က 'ပထမလေးမိနစ် ဆက်သွယ်မှု' ...တဲ့''

''ဒါဆို ကျွန်မက ရှင့်ကို စတွေ့တွေ့ချင်း ပထမလေးမိနစ်အတွင်းမှာ မိတ်ဆွေဖြစ်ချင်တဲ့စိတ် ပေါ်လာတာဟာ တကယ့်အစစ်အမှန် ခံစားမှုပေါ့နော်''

''ဒါပေါ့...''

သူ့နှုတ်ဖျားက 'ဒါပေါ့'ဟု ပြောလိုက်သော်လည်း စိတ်ထဲကတော့ တစ်မျိုးတွေးနေသည်။

'အင်း...မိတ်ဆွေဖြစ်ရုံပဲဖြစ်ပါ ကောင်မလေးရယ်။ ရှေ့ကို တစ်လှမ်းတိုးလိုက်ရင် ငါနဲ့ ငြိသွားလိမ့်မယ်'

●


www.burmeseclassic.com

www.burmeseclassic.com

သူက တွေးနေရင်းနှင့်ပင် ကောင်မလေး၏ မျက်နှာကို စေ့စေ့ စပ်စပ် ကြည့်မိသည်။

သူမ၏ မျက်ခုံးများက အရမ်းကြီးရှည်လျားကော့ညွတ်မနေ။ မျက်ခုံးမွေးအဖျားပိုင်းသည် ခပ်ဖွာဖွာလေး ပြန့်ပြန့်ကားကားဖြစ်နေ၏။ မျက်ဝန်းများကမူ ဝိုင်းစက်ကာ ရီဝေဝေညို့ရောင်သန်းနေသည်။

နှာသီးဖျားလုံးလုံးလေးပေါ်တွင် ချွေးစက်အနည်းငယ် စို့နေဟန်ရှိသည်။ ပန်းရောင်ဖျော့ဖျော့ဆိုးထားသော နှုတ်ခမ်းအစုံကတော့ ပါးလွှာလွန်းသဖြင့် အနည်းငယ်အရုပ်ဆိုးသယောင် ရှိသည်။

ဝင်းဝါနုနည့်သော လည်တိုင်က မဆိုစလောက်ရှည်သောကြောင့် သွယ်နွဲ့သလို ဖြစ်နေ၏။ ရွှေလည်တိုင်နှင့် မေးရိုးအစပ်တွင် အစိမ်းရောင် မှဲ့တစ်လုံးကို ထင်ထင်ရှားရှား မြင်ရလေသည်။

(လည်ပင်းတွင် မှဲ့ပါသော ကောင်မလေးများသည် ဘာကြောင့်မှန်း မသိဘဲ ရင်ခုန်စရာ အလွန်ကောင်းသည်ဟု သူ ထင်သည်)

သူ ငေးကြည့်နေမိုက်မှာပင် မာနဖြူက...

"သူကကော ပထမဦးဆုံး စတွေ့တွေ့ချင်း လေးမိနစ်မှာ ဖြူ့ကို ဘာလို့ သတိထားမိသွားတာလဲ"

သူ တစ်ခုခုတော့ ကြံဖန်ပြီး ဖြေရတော့မည်။ အဖြေကို သူ စဉ်းစားသည့်အချိန်က စက္ကန့်ပိုင်းမျှသာ ကြာ၏။

ခေါင်းငုံညာ်းက...

"ဖြူ့ဆံပင်ရှည်ရှည်တွေကြောင့်ပေါ့"

"ဆံပင်တွေကြောင့်...။ ဟုတ်လား"

"ဟုတ်တယ်...တကယ်ပြောတာ။ ဟိုး...ကျောင်းစဖွင့်ဖို့ တစ်ရက်တုန်းကပေါ့။ ဒီနေ့လိုပဲ ကျွန်တော်က ဖြူ့နောက်တည့်တည့်က ခုံမှာ ထိုင်ရတယ်"

သူ ပါးစပ်ထဲ တွေ့ကရာတွေကို လက်တန်းကောက်လမ်းဆင်ကာ

www.burmeseclassic.com

www.burmeseclassic.com

လျှောက်ပပြောသည်။ ရှေ့ဆက်ပြောဖို့ အနည်းငယ် စဉ်းစားနေရသည့် အခိုက်အတန့်တွင် အအေးသောက်သလိုလိုနှင့် အချိန်ဆွဲလိုက်ပြီးနောက်...

''အင်း...အဲ...အဲသလို ထိုင်နေရင်းနဲ့ ဖြူက နောက်ဘက်ကို ကျောမှီတော့ ကျွန်တော့်စာရေးစားပွဲနဲ့ ဖြူ့ဆံပင်နဲ့ငြိပြီး ဆံပင်ရှည်ရှည် လေးတစ်မျှင် ပြတ်ပြီးတော့ ကျန်ခဲ့တယ်''

''ဟယ်...ဟုတ်လား''

''အဲဒါနဲ့ အတန်းပြီးတော့ ကျွန်တော်က အဲဒီဆံပင်ခြည်ကလေး ကို စားပွဲပေါ်က ကောက်ယူပြီး အမှတ်တရ သိမ်းထားလိုက်တယ်''

''ဘုရားရေ...။ ရှင်...ရှင် တကယ်ပြောနေတာလား''

''ခြသြ်...ဟုတ်ပါတယ်လို့ဆိုနေ။ အဲဒီဆံပင်ကလေးကို ကျွန်တော့်ဒိုင်ယာရီစာအုပ်ရဲ့ အဖုံးအတွင်းဘက်မှာ စက္ကူတိပ်နဲ့ကပ်ပြီး သိမ်းထားတယ်''

''ဒါဆို အခုထိ ရှိသေးတာပေါ့နော်...။ ဟုတ်လား''

''အင်းပေါ့...။ ကျွန်တော့်စာအုပ်က အိမ်မှာ ကျန်ခဲ့တယ်။ မနက်ဖြန်ကျရင် ယူလာပြမယ်လေ''

မာနဖြူ၏ မျက်ဝန်းတွေ လင်းလက်တောက်ပသွားကြ၏။

''အိုကေ...မနက်ဖြန် ဒီမှာပဲ ဆုံကြရအောင်နော်။ ကျွန်မတော့ ရှင့်ကို အရမ်းစိတ်ဝင်စားသွားပြီ''

●

သံဆူးကြိုးရှိရာဆီသို့ သူမဘက်က ခြေတစ်လှမ်းတိုးချင်လာအောင် ဖိတ်ခေါ်ခဲ့မိရုံကလေးသာ အပြစ်ရှိပါသည်။

●●●


www.burmeseclassic.com

www.burmeseclassic.com


## ■ SCENE 2

ကျောင်းမှ ပြန်ရောက်ရောက်ချင်း သူ ပထမဦးဆုံးလုပ်ရသည့် အလုပ်မှာ သူငယ်ချင်းများအားလုံးအနက် ဆံပင်အရှည်ဆုံးဖြစ်သော ဇော်ဇော်ဦးကို ရပ်ကွက်အနှံ့ ပတ်ပြီး လိုက်ရှာရခြင်းဖြစ်လေသည်။

တွေ့မည်တွေ့တော့ ဇော်ဇော်ဦးက လက်ဖက်ရည်ဆိုင်တွင် ထိုင်ပြီး အင်္ဂလိပ်-မြန်မာ အဘိဓါန်စာအုပ်ပောင်း အထူကြီးသုံးလေးအုပ် ခန့်နှင့် အလုပ်ရှုပ်နေ၏။ သူ့စားပွဲပေါ်တွင် စာရွက်စာတမ်းတွေကလည်း ဗရပွ ရှုပ်ယှက်ခတ်နေသည်။

"ဟေ့ကောင်…ဇော်ဦး။ ဘာလုပ်နေတာလဲ"

"ညည်းစားစာ ရေးနေတာကွ။ ခေတ်မီမီ အလန်းစားလေး ရေးချင်လို့ အင်တာနက်ထဲက E-mail တွေကို ညာဏ်လင်းအောင်ဆီက Down-Load လုပ်နိုင်းပြီး ယူလာတာ။ အဲဒီအထဲက စာသားမိုက်မိုက်လေးတွေကို ဘာသာပြန်လိုက်မယ်လေ။ မကောင်းဘူးလား"

"ပြစ်မ်းပါဦး မင်းဟာတွေ"

အမြဲတမ်း တလွဲတွေလုပ်တတ်သော ဇော်ဇော်ဦး၏အကြောင်းကို သိထားပြီးသားဖြစ်သောကြောင့် သူက စာရွက်များကို လှမ်းယူ


www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်သည်။ ဇော်ဇော်ဦးက ညည်းညည်းညူညူဖြင့်…

“ရော့…ဒီမှာ။ တချို့စကားလုံးတွေက ဘာသာပြန်လို့လည်း မရဘူးကွ။ Dictionary(အဘိဓါန်)ထဲမှာလည်း ရှာလို့ မတွေ့ဘူး”

ဘယ်တွေ့ပါ့မလဲဟု ခေါင်မညားစိတ်ထဲမှ အပြစ်တင်လိုက်သည်။ ဇော်ဇော်ဦးကိုင်သည့် အဘိဓါန်(Dictionary)စာအုပ်တွေက ဟိုး…ရှေးပဝေသဏီ ကွန်ပျူတာ မပေါ်သေးခင်ခေတ်က စာအုပ်တွေ။ ဘုန်းတော်ကြီးရေးသည့် သဒ္ဒါစာအုပ်အဟောင်းကြီးတစ်အုပ်ပင် ပါလိုက်သေးသည်။ စာအုပ်တွေက ဖုံးထူး၊ ခြကိုက်ပြီး စာရွက်များပင် ဖါကျွံပြုတ်ထွက်နေပြီ။

သူ ဘာသာပြန်မည့်စာတွေက နေ့စဉ်နှင့်အမျှ စကားလုံးအသစ်တွေ ထွက်နေသော အင်တာနက် ဘာသာစကား။ (ကောင်မလေးများသည်လည်းကောင်း၊ အဘိဓာန်စာအုပ်သည်လည်းကောင်း ထိုနှစ်မျိုးစလုံးသည် သစ်နိုင်သမျှသစ်လေ ကောင်းလေဆိုသည်ကို ထိုင်နဲ သဘောပေါက်ပုံမရ) ခေါင်မညားက…

“ဘယ်စကားလုံးတွေလဲကွ။ မင်း ဘာသာပြန်လို့ မရတာ”

“ဒီမှာကြည့်…”

ဇော်ဇော်ဦးပြသည့် စကားလုံးတွေက E-mail တွေ Chat Room တွေမှာ အတိုကောက်ရေးကြသော စာလုံးများဖြစ်ကြ၏။ ဥပမာ…

Face to Face (နှစ်ဦးသားဆုံတွေ့သည်)ကို အတိုကောက် F2F။

ဒါ…မည်သည့်အဘိဓါန်ထဲမှာမှ မရှိ။ အလားတူပင်။

RUOK ဆိုသည်မှာ Are You Okay? (အဆင်ပြေရဲ့လား)

BZ ဆိုသည်မှာ Busy (အလုပ်များသော)

COZ ဆိုသည်မှာ Because (အဘယ်ကြောင့်ဆိုသော်)

THE4 ဆိုသည်မှာ Therefore (ထို့ကြောင့်)

10Q ဆိုသည်မှာ Thank You (ကျေးဇူးပဲ)

www.burmeseclassic.com

www.burmeseclassic.com

C'Ya Later ဆိုသည်မှာ See You Later (ပြန်လည် ဆုံတွေ့ကြတာပေါ့)

●

အဲဒီလို ကိုးယိုးကားယားစကားလုံးတွေကိုမှ ဒီမအူမလည်ငနဲက ဒုတိယကမ္ဘာစစ်အပြီးလောက်က Dictionary ထဲမှာ ရှာနေခြင်းဖြစ်သည်။

"ဒါတွေကို ရည်းစားစာတွေပါလို့ မင်းကို ဘယ်သူပြောသလဲ ဇော်ဦး"

သူက မေးလိုက်သောအခါ ဇော်ဇော်ဦးက မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့်...

"ဟာ...ဒီမှာ ဖတ်ကြည့်လေကွာ။ THE 4 တဲ့။ မတွေ့ဘူးလား။ THE ဆိုတာက 'သဲ' 4 ဆိုတာက 'လေး'။ သဲလေးပေါ့...။ 'သဲလေး' ဆိုတာ ရည်းစားကို ချစ်စနိုးခေါ်တာမဟုတ်လို့ မင်းကြီးဒေါ်ကြီးကို ခေါ်တာလား"

Therefore ကို တလွဲဘာသာပြန်ပြီး သူကပင် ပြန်ဟောက်နေလိုက်သေးသည်။ ခေါင်ဗညားက...

"အေး...ထားပါတော့ကွာ။ ပြစ်မ်းပါဦး မင်း ဘာသာပြန်ထားတဲ့ဟာတွေ"

"ကဲ...ကဲ...ဟောဒီမှာကြည့်။ မင်းလည်း ပညာလေးဘာလေး ရပါစေတော့ဆိုတဲ့ စေတနာနဲ့ ပြတာနော်"

ဇော်ဇော်ဦး၏ ဘာသာပြန်ချက်များကို ကြည့်ပြီး သူ့ မျက်လုံးပြူးသွားရသည်။

Supra ကို 'စွပ်ပရား'၊

Asia ကို 'အာစရိယ'၊ Gateau ကို 'ငွေးတို'၊ Full Back ကို 'ဖုတ်သဘက်' အစရှိသည်ဖြင့် ထင်ရာမြင်ရာ စွတ်ရေးထားပြီး နောက်ဆုံး...

To Take Care (တူတိတ်ကဲ)ကို 'သူ့ သိမ်ကဲထားပဲ'ဟု ကြောက်

www.burmeseclassic.com

ခမန်းလီလီ မြှန်မာမှုပြုထားသည်ကို တွေ့လိုက်ရတော့သည်။

ခေါင်းစဉ်ပြား ဘာပြောရမည်မှန်းပင် မသိတော့၊ ဖော်ဖော်ဦးက...

"ဘယ့်နှယ့်လဲ။ ငါ့ ဘာသာပြန်လက်ရာက ကောင်းတယ် မဟုတ်လား"

"အေးအေး...ကောင်းတယ်ကွ။ တော်တော်ကို ကောင်းတယ်"

သူ့ချီးကျူးစကားကြောင့် ဖော်ဖော်ဦး၏မျက်နှာက ပြုံးဖြီးဖြီး ကြီးဖြစ်သွား၏။ သူက...

"နေစမ်းပါဦး။ ဒီစာက ဘယ်ကောင်မလေးကို ပေးဖို့လဲ"

"ငါပြောရင်လည်း မင်းသိမှာ မဟုတ်ပါဘူး ဆရာရာ။ မင်းက ကျောင်းမှ မှန်မှန်မတက်တာ။ ငါ စာပေးမယ့် ကောင်မလေးက ကျောင်းကကွ။ သူ့နာမည်က 'မာနဖြူ'တဲ့"

တိုက်တိုက်ဆိုင်ဆိုင်ပြောလာသော ဖော်ဖော်ဦး၏စကားကြောင့် သူ ရယ်ချင်သွား၏။ ပြဿနာတော့ ပြဿနာပဲ။

သူ မျက်ဝန်းအစုံကို ခပ်ဝေ့ဝေ့ မှေးစင်းစင်းလုပ်ရင်း စဉ်းစား လိုက်သည်။ ဒီအတိုင်းဆိုလျှင် ဖော်ဖော်ဦးဆီက ဆံပင်တစ်ချောင်းရဖို့ ပွင့်ပွင့်လင်းလင်းပြောပြီး တောင်းလို့ရမည် မထင်တော့။

ခက်နေသည်က သူငယ်ချင်းတွေထဲမှာလည်း ပန်းကော့ခြံအောင် ဆံပင်ရှည်ထားသူက ဖော်ဖော်ဦးတစ်ယောက်သာ ရှိသည်။ တခြားမိန်း ကလေးသူငယ်ချင်းတွေဆီမှာလည်း သွားမတောင်းချင်။ ဘာလဲ၊ ဘာလုပ် မလို့လဲနှင့် ဖယားတွေ ရှုပ်ဦးမည်။

ဆံပင်ညှပ်ဆိုင်မှာ သွားကောက်ရန်လည်း မဖြစ်နိုင်။ သူက ရွံတတ်သည်။ ထို့ကြောင့်...

"ဟော့ကောင် ဖော်ဦး...။ မင်းဆံပင်တွေက ရှည်လှပြီ။ မညှပ် သေးဘူးလား။ ကြာရင် ကျွန်းမာရေး ထိခိုက်လိမ့်မယ်နော်"

"အေးပါ ဆရာရာ...။ မင်း အခုလို သတိပေးတော့ ကျေးဇူး ...ဟင်...ဘာဆိုင်လို့လဲကွ။ ဆံပင်ရှည်တာနဲ့ ဘာဖြစ်လို့ ကျွန်းမာရေးက

www.burmeseclassic.com


ထိခိုက်ရမှာလဲ။ ပေါက်ကရတွေ…''

''အဲ…မင်းမသိသေးဘူး ထင်တယ်။ ငါ ဟိုတစ်နေ့က ကျန်းမာရေးစာစောင်တစ်ခုထဲမှာ ဖတ်လိုက်ရတယ်။ ဆံပင်ရှည်တဲ့လူတွေဟာ ကင်ဆာဖြစ်တတ်ကြတယ် ဆိုပဲ''

''ဟာ…ဟော့ကောင် ဗညား။ မင်းပါးစပ်ပုပ်ကြီးနဲ့ ဘယ်ကလာ ကင်ဆာဖြစ်ရမှာလဲ။ ငါ့ကျန်းမာရေးက ခေါင်ခေါင်မြည်ပဲ။ မဟုတ်က ဟုတ်ကတွေ လျှောက်ပြောမနေနဲ့''

ခေါင်ဗညားက ဝမ်းနည်းကရုဏာသက်ဟန်ဖြင့် တကျွတ်ကျွတ် စုပ်သပ်ကာ ဦးခေါင်းကို လေးလေးတွဲ့တွဲ့ ခါယမ်းလိုက်ရင်း…

''မင်း မှားနေပြီ ဇော်ဦး…။ ကျန်းမာရေးဆိုတာက ဘယ့်နှယ် လုပ်ပြီး အသံမြည်နိုင်ပါ့မလဲ သူငယ်ချင်းရာ…။ ခေါင်ခေါင်မြည်တာက နာရီဖြစ်မှာပေါ့။ ကေန့ မင်း နာရီနဲ့ ကျန်းမာရေးကို မှားပြီး ကြည့်လာပြီ ထင်တယ်။ ကျွတ်ကျွတ်…''

တောင်စဉ်ရေမရ လျှောက်ပြောနေသော သူ့စကားတွေကြောင့် ဇော်ဇော်ဦးကတော့ အတော်ပင် စိတ်ဆင်းရဲဒုက္ခရောက်နေရပုံ ပေါ်၏။ ဇော်ဇော်ဦးက ခေါင်းကို ကုတ်လိုက်ရင်း…

''တော်စမ်းပါ ဗညားရာ။ ဆံပင်ကင်ဆာရယ်လို့ ငါ တစ်ခါမှ မကြားဖူးပါဘူး''

''ဩော်…ဆံပင်ကင်ဆာလို့တော့ မခေါ်ဘူးပေါ့ကွ။ 'မွေးပြုတ်နာ'လို့ ခေါ်တယ်။ လက်နဲ့ ခပ်ဆတ်ဆတ်လေး ဆွဲကြည့်လိုက်ရင် အမွေးတွေဟာ သွေးရိုးသားရိုး ကျွတ်မထွက်ဘဲ ပြုတ်ပြုတ်ပြီး ပါလာတာ။ မင်း မကြားမိဘူးလား။ ဟိုတလောကတောင် ငါ့ဘကြီးတစ်ယောက် ခြေသလုံးမှာ မွေးပြုတ်နာဖြစ်လို့ နောက်ဆုံး ကုမရတော့တာနဲ့ ဆေးရုံ တက်ပြီး ခြေထောက်နှစ်ဖက်စလုံး ဖြတ်ပစ်လိုက်ရတယ်''

''ဟင်…ခြေထောက်နှစ်ဖက်စလုံး ပြတ်သွားတော့ ဘယ်လို ဖြစ်သွားလဲ ဗညား''


www.burmeseclassic.com

www.burmeseclassic.com

"ခြေသလုံးကို ခြင်ကိုက် မခံရတော့ဘူးပေါ့"

"ဟာကွာ..."

ဖော်ဖော်ဦးက ပါးစပ်တလှုပ်လှုပ်ဖြင့် သူ့ကို နည်းမျိုးစုံကျိန်ဆဲရေရွတ်တော့သည်။ နောက်ဆုံး...

"ဟော့ကောင် ဗညား။ မင်း လာနှောင့်ယှက်တာနဲ့ ငါ စာရေးလို့မရတော့ဘူး။ သွားကွာ...သွား။ ကြာရင် ငါ ရှူးလိမ့်မယ်"

"ရက်စက်လိုက်တာ ဖော်ဦးရာ...။ ငါကတော့ မင်းကျန်းမာရေးကို စိုးရိမ်လို့ ပြောတာ။ မင်းက ငါ့ကို နှင်လွှတ်ရက်တယ်ပေါ့။ ဒီမှာ မင်းအတွက် ငါ့ရင်တွေ ဘယ်လောက်ပူနေရတယ် မှတ်လဲ။ မှန်းစမ်း... မင်းဆံပင်တွေ ဘယ့်နှယ့်နေလဲ"

ပြောပြောဆိုဆိုနှင့်ပင် သူ့လက်က လှစ်ခနဲ လှုပ်ရှားသွားပြီး ဖော်ဖော်ဦး၏ ဆံပင်နှစ်မျှင်သုံးမျှင်ခန့်ကို အမိအရဆွဲကာ အမြန်နှုတ်ယူလိုက်သည်။

"ဗြုတ်"

"အား...လားလား...နာလိုက်တာ။ သေပါပြီဗျာ"

ဖော်ဖော်ဦး၏ အသည်းခိုက်မတတ် နာကျင်စွာ အော်ဟစ်လိုက်သော အသံနက်ကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ခေါင်ဗညားကတော့ (သူ့လက်ထဲသို့ ရောက်လာသည့်)ဆံပင်ရှည်ရှည်သုံးမျှင်ကို ဝမ်းမြောက်ပီတိဖြစ်စွာ ကြည့်ရင်း...

"အင်း...မင်းဆံပင်တွေရဲ့ ကျန်းမာရေးအခြေအနေကတော့ အိုကေပါပဲ။ ဝမ်းသာတယ် သူငယ်ချင်းရာ။ ကဲ...ငါ သွားပြီဟေ့။ တာ့...တာ"

"ကြွ...ကြွ...ဂြိုဟ်မင်း မြန်မြန်ကြွ"

မျက်နှာကြီး ရှုပုပ်နေသော ဖော်ဖော်ဦးကို ကျောခိုင်းလျက် သူ့ခြေလှမ်းတွေက ပေါ့ပါးသွက်လက်စွာဖြင့်။

●●●


www.burmeseclassic.com

www.burmeseclassic.com

## ■ SCENE 3

"ဟင်…ဒါဆို ဒီဆံပင်ချည်မျှင်လေးက ဖြူ့ဆံပင်လေးပေါ့နော်"

သူမက ခေါင်းဗညား၏ ဒိုင်ယာရီစာအုပ် အဖုံးအတွင်းဘက်တွင် ကပ်ထားသော ဆံပင်လေးတစ်မျှင်ကို တောက်ပစွာကြည့်ရင်း အသံမြူး မြူးဖြင့် ပြောလိုက်၏။ ခေါင်းဗညားက…

"ဟုတ်တယ်…ဖြူ။ ဒါ ကိုယ့်ဘက်က တစ်ဖက်သတ် သိမ်းပိုက်ထားခဲ့ရတဲ့ အမှတ်တရ တစ်ခုပေါ့"

သူ ဖွဲ့နွဲ့သော စကားအဆုံးတွင် မာနဖြူက သာယာယစ်မူးစွာ တခစ်ခစ်ရယ်မောလေသည်။ (ရယ်သည့်အခါ ရှိုးရှိုးမရယ်။ ဦးခေါင်းကို တမင်ငဲ့စောင်းကာ ဆံပင်ရှည်ရှည်တွေကို ပေါ်လွင်အောင် တလှုပ်လှုပ်ယမ်းခါပြီး ရယ်၏)

"ဖြူ့ရဲ့အလှက ဆံပင်ရှည်ရှည်တွေနဲ့ဆိုတော့ မဟာဆန်တဲ့ အလှမျိုးပဲ၊ တောင့်တမို့ စိတ်ထဲမှာတောင် မရဲဘူး။ နှလုံးသားနဲ့ပဲ တိတ်တိတ်ကလေး ကျိတ်ပြီး ပူဇော်နေဖြစ်တယ်။ တကယ်ပါ…ဖြူ ယုံပါ။ ဒါကြောင့် ဖြူ့ဆံပင်ချည်လေးတစ်မျှင်ကို တမြတ်တနိုး သိမ်းထားမိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

''ဟင်း…ဟင်း…သူ အပိုတွေ ပြောနေပြန်ပြီ''

ငနဲမက မကြိုက်သလိုလို ဟန်ဆောင်ပြီး ပြောသည်။(စကားကို ရိုးရိုးမပြော။ ဆံပင်ရှည်တွေကို လက်ဖြင့်သပ်လိုက်၊ ပခုံးပေါ်မှ ကျော်ကာ ရင်ခွင်ထဲဆွဲယူလိုက်လုပ်ရင်း ပြော၏။ အနည်းငယ်တော့ မျက်စိနောက်စရာ ကောင်းသည်)

''တကယ်ပြောတာပါ ဖြူ…။ အပိုတွေ မဟုတ်ပါဘူး။ ညစဉ်ညတိုင်း ကိုယ့်ရဲ့ တဖက်သတ်စွဲလမ်းစိတ်နဲ့ ဟောဒီအိပ်ယာရိုထဲက ဆံပင်လေးကို တမ်းတမ်းတတကြည့်ပြီးမှ အိပ်ယာဝင်တာပါ။ ဒါမှ အိပ်မက်ထဲကျရင် အပြင်မှာ နာမည်တောင်မပေးရဲတဲ့ ဆံပင်ရှည်ရှည်နဲ့ ဟောဒီကောင်မလေးကို ပိုင်ဆိုင်ခွင့်ရမှာ မဟုတ်လား''

''ဟင်းနော်…ကြည့်ပါလား။ ပြောရင်းနဲ့ သူ ပိုဆိုးလာပြီ။ ဒါ ဖြူ့ကို ရည်းစားစကားပြောနေတာပေါ့လေ…။ ဟုတ်လား''

သူမက မျက်စောင်းကို ချစ်စရာ မကောင်းကောင်းအောင် ထိုးရင်းပြော၏။ (ဒါလည်း ရိုးရိုးပြောသည် မဟုတ်။ ဆံပင်ရှည်ရှည်တွေကို ဘီးတစ်ချောင်းဖြင့်ဖြီးရင်း ပြောနေခြင်းဖြစ်၏)

မြတ်စွာဘုရား…ကယ်တော်မူပါ။ ဒီဆံပင်ရှည်တွေနဲ့ ဘယ်လောက်အထိ မျက်စိနောက်စရာကောင်းအောင် လုပ်ပြနေဦးမှာလဲဟု ခေါင်ဖညား တွေးလိုက်မိသည်။

သို့သော် အခြေအနေအရ သူ့စကားလုံးတွေကတော့ ဘရိတ်အုပ်ရန် မဖြစ်နိုင်တော့ပြီ။

''ဟုတ်ပါတယ်…ဖြူ။ ရည်းစားစကားပါ။ အိပ်မက်ထဲမှာပဲ စိတ်ကူးနဲ့ ပိုင်ဆိုင်ခဲ့ရတဲ့ ဟောဒီက မာနဖြူဆိုတဲ့ ကောင်မလေးကို အပြင်မှာကော တကယ်ပိုင်ဆိုင်ခွင့် မရနိုင်ဘူးလား''

(စီးကရက်သောက်ရန် မီးခြစ်ခြစ်သလိုလို ဟန်ဆောင်ရင်း မတော်တဆပုံစံမျိုးဖြင့် သူမဆံပင်ကို မီးရှို့လိုက်ရလျှင် ကောင်းမည်ဟု သူ တွေးနေမိ၏)



www.burmeseclassic.com

www.burmeseclassic.com


မာနဖြူက ခပ်တိုးတိုး ရယ်မောလိုက်ရင်း…

''သူ့ကို ဖြူက ဘယ်လိုလုပ်ပြီး ယုံရမှာလဲ။ သူက သိပ်စကားပြောတတ်တယ်။ အဲဒီလို စကားလုံးတွေနဲ့ပဲ ဖြူ အလှည့်စားခံနေရပါဦးမယ်၊ ဖြူ…ကြောက်တယ်''

''ဂျာမန်ကဗျာဆရာ ဂွယ်သည်(GOETHE)ရဲ့ ကဗျာစာသားတစ်ပိုဒ်ကို ကိုယ်ဖတ်ဖူးထားတာ ရှိတယ်။ ဖြူ နားထောင်မယ်ဆိုရင် ကိုယ် ပြောပြချင်ပါတယ်''

''ပြောလေ…နားထောင်မှာပေါ့''

''လူတွေဟာ ဘယ်သူလှည့်စားတာကိုမှ မခံရပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကိုယ်ကိုပဲ အရင်လှည့်စားထားပြီးသား ဖြစ်နေလို့ပဲတဲ့''

သူမက မျက်မှောင်နှစ်ဖက်ကြုတ်လိုက်ရင်း…

''ဟင်…အဲဒီစကားနဲ့ ဖြူပြောတာနဲ့ ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့။ ကိုယ်က ဖြူ့ကို လှည့်စားမှာလားလို့ သံသယရှိစရာ မလိုတော့ဘူးလေ။ ဖြူကိုယ်တိုင် ကိုယ့်ဘာသာကိုယ် လှည့်စားနေခဲ့တာပဲ ဥစ္စာ''

''ဘယ်မှာ လှည့်စားလို့လဲ။ ဟုတ်လည်း ဟုတ်ပဲနဲ့''

''ဩော်…ဟုတ်ပါတယ်ဆို။ တကယ်ဆို ဖြူ့ရင်ထဲမှာ ချစ်တဲ့စိတ်က ရှိပြီးသား။ အဲဒါကို ဝန်မခံချင်လို့ ဖြူက ကိုယ့်စိတ်ကို ကိုယ်ပြန်ညာနေတာ မဟုတ်လား''

''ကြည့်စမ်း…ကြည့်စမ်း သိပ်လူလည်ကျတာပဲ၊ သူ့ကို ဘယ်မှာချစ်လို့လဲ၊ မချစ်ပါဘူး၊ ဟင်း…''

မာနဖြူက တခစ်ခစ်ရယ်မောရင်း သူ့ပခုံးကို လက်သီးဆုပ်ဖြင့် ဖွဖွကလေး ထုသည်။ သူက…

''မညာပါနဲ့တော့ ဖြူရယ်…။ 'ချစ်တယ်'လို့ ပြောလိုက်တော့လေနော်…။ ပြောလေ''

www.burmeseclassic.com

"သွား…မပြောဘူး"

ကောင်မလေးတစ်ယောက်က 'NO' ဟု ပြောခြင်းသည် 'YES' ဟု အဓိပ္ပါယ်ရကြောင်း သင်တို့အားလုံး သိကြပြီးသားပင် မဟုတ်ပါလား။

●

ခေါင်ဗညားဆိုသော ငနဲသည် အလွန်ပင် ပလီစိချောက်ချက် ပြောတတ်သော သံဆူးကြိုးတစ်ချောင်း ဖြစ်ပါသည်။

●


www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ထဲတွင် ခေါင်မညားက သူ့ရှေ့မှ စားပွဲပုလေးပေါ်တွင် တင်ထားသော ပန်းနုရောင် စာအိတ်ကလေးငါးအိတ်ကို ကြည့်ကာ စိတ်ပျက်လက်ပျက် ငေးငေါင်နေ၏။

ထိုပန်းနုရောင်စာအိတ်ကလေးများမှာ တစ်ပတ်လျှင် တစ်အိတ်နှုန်းဖြင့် မာနဖြူက သူ့ထံသို့ သတိတရ အမြဲမပြတ်ပေးပို့ခဲ့ခြင်း ဖြစ်သည်။

'ဒီစာအိတ်ထဲက ပစ္စည်းတွေကို ငါ ဘာလုပ်ပစ်ရင် ကောင်းမလဲ။ မီးရှို့ပစ်ရင် ကောင်းမလား'

ဟု သူ တွေးနေစဉ်မှာပင် ဘေး၌ တစ်စုံတစ်ယောက်လာရပ်သည်ကို သတိထားမိသဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ထိုသူကား ငိုတော့မည့်မျက်နှာပုံမျိုးဖြင့် ဇော်ဇော်ဦး။

"ဟော့ကောင် မညား။ ရက်စက်လိုက်တာကွာ...။ ငါချစ်တဲ့ မာနဖြူကိုမှ မင်းက လုသွားရက်တယ်ကွာ။ တောက်...အခု မင်းကြောင့် ငါ့မှာ ချစ်သူက'နေ့' ကိုယ်က'ည' ဖြစ်နေပြီပေါ့ကွ"

ခေါင်မညားက...

"ဟား...မင်းစာသားတွေက တယ်လှပါလားကွ ဇော်ဦးရ ဘာတဲ့ ...ချစ်သူက'နေ့' ကိုယ်က'ည'။ ဟုတ်လား...။ ရေရေလည်လည် မိုက်တယ်ကွာ။ ချစ်သူက'နေ့' ကိုယ်က'ည'"



www.burmeseclassic.com

www.burmeseclassic.com

"ချက်ရု မဟုတ်ပါဘူးကွာ။ 'ချစ်သူ'ကွ - 'ချစ်သူ'။ ဟူး… ငါတော့ မင်းကြောင့် သေသာသေလိုက်ချင်တော့တာပဲ ဗညားရာ"

"ဟာ…သေဖို့လောက်အထိတော့ စိတ်မလျှော့လိုက်ပါနဲ့ ဇော်ဦးရာ။ လောကမံဆိုတာ ဒီလိုပဲကွ။ နှိမ့်ချီမြင့်ချီဖြစ်နေတဲ့ သံသရာဝဋ်ဆင်းရဲထဲမှာ ငုတ်မိသံတိုင် တက်နိုင်ဖျားရောက်ဆိုတဲ့ စိတ်ဓာတ်ကို နှလုံးသွင်းပြီး ယောကျ်ားကောင်းပီပီ ဖွဲ့နဲ့မာန်နဲ့ အဲအဲ…"

"ဟော့ကောင် ဗညား။ တိုးတိုးပြောကွာ…။ ဘေးလူတွေကြားရင် ငါ့ကို မင်းတပည့်ကြီးလို့ ထင်ကုန်လိမ့်မယ်"

ဇော်ဇော်ဦးက လက်ဖက်ရည်ဆိုင်ထဲရှိ (တခြားဝိုင်းများတွင် ထိုင်ကာ) လက်ဖက်ရည်သောက်နေကြသူများကို ပြာပြာသလဲ လှည့်ကြည့်ရင်း ခေါင်ဗညားပါးစပ်ကို အတင်းလိုက်ပိတ်၏။

ထို့နောက် ခပ်တိုးတိုးကျိန်ဆဲရင်း…

"မင်း…တော်တော်ကျက်သရေယုတ်တဲ့ လင်းတပဲ ဗညား။ မာနဖြူကို ငါ ကြိုက်နေတယ်ဆိုတာ သိရဲ့သားနဲ့"

"ဆောရီးကွာ…။ ငါ သိတဲ့အချိန်မှာ ကောင်မလေးကို ငါ့ဘက်က စကားလွန်ပြီးသား ဖြစ်နေလို့ပါ။ ပြီးတော့…မင်းအကြောင်းလည်း ငါ သိနေတာပဲ ဥစ္စာ။ ရပ်ကွက်ထဲမှာကော၊ ကျောင်းမှာကော ရှိရှိသမျှ ကောင်မလေးတွေအားလုံးကို မင်းကြိုက်တာ လူစေ့နေပြီ။ မင်းကိုသာ ရှောင်နေရရင် ကျန်တဲ့ယောကျ်ားတွေအားလုံး တောထွက်ပြီး တရားအားထုတ်ဖို့ပဲ ရှိတော့တယ်"

"အောင်မာ…မင်းကပဲ ပြောရတယ်ရှိသေး။ မင်းကော ဘာထူးလို့လဲ 'အာလူး'ပဲ ဥစ္စာ"

ဇော်ဇော်ဦး၏စကားကြောင့် သူက မျက်မှောင်ကို ကြုတ်ရင်း

"ဘာလဲကွ 'အာလူး'ဆိုတာ"

"အာလူးဆိုတာ ဟိုအသားနဲ့ရောချက်၊ ဒီအသားနဲ့လည်း ရောချက်၊ အားလုံးနဲ့ ရောတယ်လေကွာ။ မင်းသောက်ကျင့်လည်း ဒီအတိုင်းပဲ။


www.burmeseclassic.com

www.burmeseclassic.com

ဟိုကောင်မလေးနဲ့တွေ့လည်း ဝင်ရော၊ ဒီကောင်မလေးနဲ့ တွေ့လည်း ဝင်ရောနဲ့''

သူ ရယ်ရုံသာ ရယ်နေလိုက်ရတော့၏။ ဇော်ဇော်ဦးပြောသည်မှာ မှန်နေသောကြောင့် ဘာမှ ပြန်မချေပနိုင်။

ဇော်ဇော်ဦးက စားပွဲပေါ်မှ စမူဆာတစ်ခုကို ကောက်ယူပြီး ပါးစပ်ထဲ ထိုးသွင်းထည့်ကာ ပလုပ်ပလောင်း ဝါးသည်။ နောက်တစ်ခုကိုပါ လှမ်းယူလိုက်ရင်း...

''မာနဖြူရဲ့ အချစ်ကို မရလို့ ငါ ဘယ်လောက်ကြေကွဲခဲ့ရသလဲဆိုတာ ပလပ်...ပလပ်...ပြောပြရင် မင်း ယုံတောင်ယုံမှာ...ရှူလွှတ် ပလပ်...ပလပ်...မဟုတ်ဘူး။ ငါ့မှာ အဲဒီစိတ်နဲ့ ပလပ်...ပလပ်... မစားနိုင် မသောက်နိုင်တောင် ဖြစ်သွားရသေးတယ်ကွ။ ရှူလွှတ်... ဝှပ်...ဝှပ်...ဖလူး...အား...ရေနွေးကလည်း ပူလိုက်တာ''

''ပြောတာလည်း ပြောပေါ့။ ဖြည်းဖြည်းလည်း စားဦးကွာ ဇော်ဦး။ စားပိုးနင့်ပြီး သေနေဦးမယ်''

''အေးအေး...မပူနဲ့ စားမှာ။ ဒါပေမဲ့ မင်းက လောလောဆယ် အောင်ပွဲခံထားတဲ့ကောင်ဆိုတော့ ငါစားတာ မင်းရှင်းရမှာနော် ဗညား''

''သွားသေလိုက်ပါလား။ ငါကတောင် မင်းထက်ပိုပြီး စိတ်ဆင်းရဲနေရသေးတယ်။ ဟောဒီမှာတွေ့လား...စာအိတ်တွေ။ ဒါတွေအားလုံး မာနဖြူ ပေးထားတာတွေပေါ့''

''ဟင်...ငါးအိတ်တောင်ပါလား''

''အေး...။ ငါ့ကို မာနဖြူက အပတ်စဉ် စနေနေ့တိုင်း အဲဒီစာ အိတ်တစ်အိတ် ပေးတယ်။ အထဲမှာ ဘာတွေပါလဲ သိချင်ရင် ဖွင့်ကြည့်လိုက်လေ''

သူ့စကားဆုံးအောင်ပင် မစောင့်တော့ဘဲ ဇော်ဇော်ဦးက စာအိတ် တစ်အိတ်ကို ကမန်းကတန်းလှမ်းယူပြီး သိချင်ဇောဖြင့်ဖွင့်ကြည့်လိုက် ကာ...

www.burmeseclassic.com

"ဟင်…ဆံပင်ချည်တွေ။ ရှုစရာကြီး"

"အေး…အဲဒါပဲကွာ။ မာနဖြူနဲ့ ဇာတ်လမ်းအစမှာ ငါ နိဒါန်းရေးလိုက်တာ မှားသွားတယ် ဇော်ဦးရာ"

"ဘယ်လိုဖြစ်ခဲ့လို့လဲ"

ခေါင်ဖညားက မပြောချင်ပြောချင်ဖြင့်…

"သူနဲ့တွေ့ခါစတုန်းက သူ့ဆံပင်ရှည်ရှည်ကလေးတွေကို မြတ်နိုးတယ်၊ စိတ်ဝင်စားတယ်။ နောက်ပြီး ဆံပင်ရှည်နဲ့အလှဟာ မဟာဆန်တယ်၊ ဘာညာနဲ့ ငါက ပါးစပ်ထဲ တွေ့ကရာလျှောက်ပြောထားတာကို ငနဲမက တကယ်အောက်မေ့နေတယ်ကွ"

"အဲဒီတော့…"

"သူ့ဆံပင်ရှည်ရှည်တွေကို ငါ တကယ်မြတ်နိုးတယ်ထင်ပြီး သူ့ဘာသာသူ အားအားယားယား တစ်နေ့ အခါတစ်သောင်းလောက် ဆံပင်ကို ဘီးနဲ့ဖြီးရင်း ကျွတ်ပါလာတဲ့ ဆံပင်ချည်တွေကို ဟောဒီစာအိတ်တွေထဲမှာ ထည့်ထည့်ရထားတယ်။ ပြီးတော့ တစ်ပတ်တစ်ခါ ငါ့ဆီ ပို့ပို့ပေးနေတော့တာပဲကွာ"

"ဘုရား…ဘုရား…။ မင်းဒုက္ခက အဆန်းပါလားကွာ"

ဇော်ဇော်ဦးက မျက်လုံးပြူးမျက်ဆံပြူးဖြင့် ညည်းညည်းညူညူ ပြော၏။ စိတ်ထဲတွင်တော့ အဲသည်လို ဝဋ်ဒုက္ခမျိုးနှင့် ကင်းလွတ်ခွင့်ရသွားခဲ့သည့်အတွက် ငါကတော့ သူတော်ကောင်းမို့လို့ နတ်ကောင်းမတာပဲဟု ကြိတ်ပြီး ဝမ်းသာနေပုံ ပေါ်သည်။

ခေါင်ဖညားက…

"အေး…ငါကတော့ သူ့လို စိတ်ကူးယဉ်ဆန်ပြီး ဒီဆံပင်ချည်အမှိုက်တွေကို သိမ်းမထားနိုင်ဘူး၊ မီးရှို့ပစ်မလို့ပဲ။ ဩော်…ဒါနဲ့ မင်းသူ့ကို ချစ်တယ်ဆိုရင် သူ့ကိုယ်စား ဟောဒီဆံပင်ချည်တွေကို ယူသွားပြီး အမှတ်တရ သိမ်းထားပါလား ဇော်ဦး"

"ဟာ…နေပါစေကွာ…နေပါစေ။ ငါ့ထိုက်နှင့်ငါ့ကံပဲ ရှိပါစေ


www.burmeseclassic.com

www.burmeseclassic.com

တော့၊ အရှုံးသမားဘဝနဲ့ ခပ်ဝေးဝေးကနေ ကျေနပ်နေပါ့မယ် ဗညားရာ။ ဟဲဟဲဟဲ…ငါသွားပြီ သူငယ်ချင်း 'အာလူး'ရေ…။ တာ့တာ…"

မိန်းကလေးများကို တွေ့တိုင်း ရောချင်သော ခေါင်ဗညားဆိုသည့် အာလူးတစ်လုံးသည် ဆံပင်ချည်များနှင့် ထွေးလုံးရစ်ပတ်ရင်း ကျန်ရစ်၏။

သူ့အတွက် သူ့ကိုယ်သူပင် ဝမ်းနည်းပေး၍ မရ။ ဒုက္ခဆိုသည်မှာ ကိုယ်စိုက်ခဲ့သော သစ်ပင်ဖြစ်ပါသည်။

www.burmeseclassic.com

မြောင်းနှစ်ကောင်တော်တိုက်

www.burmeseclassic.com

## SCENE 4

ဒီနေ့သည် ကံမကောင်းသည့် နေ့တစ်နေ့ဖြစ်မှန်း သူ စောစောကတည်းက ရိပ်မိခဲ့သင့်သည်။

သည်လိုသာ ကြိုသိခဲ့မည်ဆိုပါလျှင်...

"ဒီနေ့ညနေကျရင် မြို့ရိပ်ညိုမှာ စတိတ်ရှိုးသွားကြည့်ရအောင်"

ဟု ကမ်းလှမ်းလာသော မာနဖြူ၏ ဖိတ်ခေါ်စကားကို သူ ငြင်းပယ်ပစ်ခဲ့မှာ သေချာပါသည်။

ယခုတော့...

●

ကံဆိုးခြင်းနိဒါန်းက မနက်ပိုင်း စာသင်ခန်းထဲမှာကတည်းက စတင်ခဲ့သည်။

ဆရာက စောစောစီးစီး ဘာတွေဒေါကန်နေမှန်း မသိ။ အတန်းထဲမှ(စာညံ့သည်ဟု သူ ယူဆသော)ခေါင်းတုံးနှင့် အခြားကျောင်းသား (၁၄-၁၅)ယောက်လောက်ကို စိတ်ဆိုးမာန်ဆိုးဖြင့် ဆူပူနေသည်မှာ အတော်


www.burmeseclassic.com

www.burmeseclassic.com 

ကြာသည်။

နောက်ဆုံး ဆရာက...

"မင်းတို့ ဘာအသုံးကျလဲ ဟင်။ တခြားသူတွေတောင် ဖြေနိုင်သေးရင် မင်းတို့လည်း ဖြေနိုင်ရမှာပေါ့။ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်တဲ့လူချင်း အတူတူပဲဥစ္စာ။ သူတို့မှာလည်း ခြေနှစ်ဖက် လက်နှစ်ဖက်၊ မင်းတို့မှာလည်း ခြေနှစ်ဖက်လက်နှစ်ဖက်ပဲ။ ဘာ ကွာလို့လဲ၊ ဒါနဲ့တောင်မှ မင်းတို့က ညံ့ရတယ်ဆိုတော့ ရှက်စရာကောင်းလိုက်တာကွာ။ သူများတွေ လုပ်နိုင်ရင် မင်းတို့လည်း လုပ်နိုင်ရမှာပေါ့ကွ"

ခေါင်ဇညားက ထပြီး...

"သူများလုပ်နိုင်တဲ့ကိစ္စတိုင်း ကိုယ်လည်း လုပ်နိုင်မယ်လို့တော့ ပုံသေသတ်မှတ်လို့ မရပါဘူး ဆရာ"

"ဘာကွ...။ မင်း ဘာပြောတယ်"

"ဒါဆို ဆရာ့ကို ကျွန်တော် တစ်ခုမေးပါရစေ ဆရာ။ သူများက ကိုယ့်ကို ကလိထိုးရင် ယားတယ်။ ကိုယ့်ကိုယ်ကို ကလိပြန်ထိုးရင် မယားဘူး။ အဲဒါ ဘာကြောင့်လဲ ဆရာ"

သူ့မေးခွန်းကြောင့် ဆရာက နဖူးကြောကြီးများရှုံ့ကာ မျက်နှာတစ်ပြင်လုံး နီရဲလာသည်။ ထို့နောက်...

"ဟော့ကောင်...။ မင်း ထွက်သွား"

စောစောကတည်းက ဆရာ့ကို ပြန်မပြောခဲ့မိရင် အကောင်းသားဟု သူ့စိတ်ထဲမှာ တိတ်တိတ်ကလေး ကျိတ်တွေးရင်း သူ ထွက်လာခဲ့တော့သည်။

●

ညဘက် ဇာတ်ကြိုးကြည့်ရန်အတွက် Mr. Guitar ကဖေးဆိုင်တွင် ခြောက်နာရီခွဲကတည်းက ထိုင်ပြီး မာနဖြူအလာကို စောင့်နေရ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ငနဲမက ရှစ်နာရီထိုးခါနီးမှ ရောက်လာ၏။

စတိတ်ရှိုးသွားရန် မာနဖြူဝတ်ဆင်လာသည့် ပုံစံကိုကြည့်ပြီး သူ မျက်နှာရှုံ့မဲ့ဖြစ်သည်။ အပေါ်က ပြောင်ပြောင်လက်လက် အနက်ရောင် အင်္ကျီကြီးသိုင်း။ အောက်က အနက်ရောင်ထမီစကတ်ကလည်း ခြေသလုံး အထိ တုပ်နှောင်ကာ တင်းကျပ်နေသဖြင့် လမ်းပင် ကောင်းကောင်း လျှောက်လို့ ရပုံမပေါ်။

ဘုရားရေ...။ စတိတ်ရှိုးသွားကြည့်ဖို့ကို ဒီလို ဝတ်ရစားရသတဲ့ လား။ သူ အသံမထွက်ဘဲ ညည်းမိသည်။

စတိတ်ရှိုးဆိုသည်မှာ မင်္ဂလာဧည့်ခံပွဲ မဟုတ်ပါ။ ဂုဏ်ပြုညစာ စားပွဲ မဟုတ်ပါ။ သီဆိုဖျော်ဖြေမှုကို ပေါ့ပေါ့ပါးပါး သွားရောက်နားထောင် အော်ဟစ်ပျော်ရွှင်ရမည့် နေရာတစ်ခုသာလျှင် ဖြစ်ပါသည်။

သူ တွေးလို့မှ မဆုံးသေးခင် မာနဖြူစီးလာသော ဖိနပ်ကို ကြည့်လိုက်မိသောအခါ အော်ရယ်ပစ်လိုက်ရတော့မလိုလို ထိုင်ငိုလိုက် ရတော့မလိုလို ခံစားလိုက်ရ၏။

စီးထားသည်က လေးလက်မခန့်မြင့်သော ဒေါက်ချွန်သေးသေး နှင့် ငွေရောင်ဖိနပ်ကလေး။

"ဖြူကလည်းကွာ...။ သက်သောင့်သက်သာရှိမယ့် ဖိနပ်တစ်ရံရံ စီးလာရောပေါ့။ ဆီဒိုးနားတို့၊ စထရင်းတို့ ဟိုတယ်က ပွဲတွေလို ခုံနဲ့ ထိုင်ကြည့်ရမှာမှ မဟုတ်တာ။ ဒီမှာက ကွင်းထဲမှာ မတ်တတ်ရပ်ပြီး တိုးဝှေ့ကြည့်ရမှာပဲ"

"အို...မောင်ကလည်း ခေတ်ကြောင်နေပြန်ပြီ၊ သူများတွေလည်း ဒီလိုပဲ ဝတ်နေ စီးနေကြတာပဲ ဥစ္စာ"

မာနဖြူ၏စကားကြောင့် ခေါင်းမညိတ်ရုံ ဘာမှ ပြန်ပြောချင်စိတ် မရှိတော့။ သူမ၏လက်ကိုဆွဲပြီး စတိတ်ရှိုးကျင်းပမည့်နေရာသို့ ထွက်ခဲ့ တော့သည်။ (ဩဇီပ်တော့ မြန်မြန်လျှောက်၍ မရ။ မာနဖြူ၏ ထမီစကတ်


www.burmeseclassic.com

www.burmeseclassic.com

က ခြေသလုံးကို တုံ့ဆွဲထားသလို ဖြစ်နေသဖြင့် စောင့်ပြီး ခေါ်နေရ၏)

မာနဖြူပြောသည့်စကားက ဟုတ်သင့်သလောက်လည်း ဟုတ်သည်။ ဒီလို မလိုအပ်ဘဲ ထည်ထည်ဝါဝါ ဝတ်ဆင်မှုမျိုးကို တွေ့ရတတ်သေးသည့် နောက်တစ်နေရာကား လေယာဉ်ကွင်းဖြစ်၏။

လေယာဉ်ကွင်းသို့ သွားသည့်အခါ (ခရီးသွားသူဖြစ်စေ၊ လိုက်ပါပို့ဆောင်သူဖြစ်စေ၊ ကြိုဆိုသူဖြစ်စေ) လူအတော်များများက ပွဲနေပွဲထိုင်သွားသလိုမျိုး ဘာကြောင့် ကိုယ်ရောင်ကိုယ်ဝါ တောက်ပလွန်းစွာ ပြင်ဆင်လာကြရသလဲဆိုသည်ကို ခေါင်ဗညား စဉ်းစားမရ။

တကယ်ဆိုလျှင် လေယာဉ်ကွင်းဆိုသည်မှာလည်း ရထားဘူတာရုံ၊ ကားဂိတ်၊ သင်္ဘောဆိပ်လို နေရာမျိုးပင် မဟုတ်ပါလား။ သိပ်တော့ ထူးထူးခြားခြားကြီး လွှတ်ကြွားနေစရာမဟုတ်ဟု ထင်သည်။ ထားလိုက်ပါတော့။

ခေါင်ဗညား ဆက်မတွေးချင်တော့ပါ။ သူက မိမိနှင့်မဆိုင်သောကိုးယိုးကားယားကိစ္စများကို စိတ်ထဲက ဝေဖန်ကြည့်ဖို့ပင် ပျင်းရိတတ်သူတစ်ယောက်ဖြစ်၏။

"ဟေ့ကောင် ဗညား။ အောင်မာ…ကောင်မလေးအနားကို ကပ်နေလိုက်တာ မအေပျောက်တွေ့တဲ့ ခွေးကလေးကျနေတာပဲ။ ငါတို့ ဒီမှာကွ"

အသံပြကြီးနှင့် လှမ်းအော်လိုက်သော လူဆီသို့ မျက်လုံးအကြည့်ဖြင့် လှမ်းရှာမိသည်။

အော်ဟစ်ခေါ်ရင်း ဘီယာဆိုင်ထဲမှ ထွက်လာသူများက ဇော်ဇော်ဦး၊ နေမျိုး၊ ဝင်းထွဋ်နှင့် စိုးနိုင်တို့ ဖြစ်ကြ၏။

"ဟာ…ဟေ့ကောင် ဇော်ဦး၊ မင်းတို့လေးယောက်တည်းလား"

"အေးကွ-…"

ပြောပြောဆိုဆိုနှင့် ဇော်ဇော်ဦးက အနားသို့ ရောက်လာသည်။ ထိုအခိုက်တွင် တစ်ဘက်သို့ ငေးနေသော မာနဖြူက ဒီဘက်သို့ ပြန်လှည့်

www.burmeseclassic.com

လိုက်ရာ…

သူမ၏မျက်နှာကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက်

"ဟိုက်…သေပြီ"

ဇော်ဇော်ဦး၏ ပါးစပ်မှ အာမေဋိတ်သံတစ်ခွန်း ရေရွတ်လိုက်ပြီး နောက်…

"ငါ…ငါသွားပြီဟေ့။ နောက်မှပဲ တွေ့တော့မယ်"

သူ့ကို ကမန်းကတန်းနှုတ်ဆက်ပြီး ဇော်ဇော်ဦးတစ်ယောက် မျက်နှာပူပူဖြင့် လစ်ပြေးတော့သည်။

မာနဖြူက ဇော်ဇော်ဦး၏ ကျောပြင်ကို တွေတွေငေးငေးကြည့်ရင်း…

"အဲဒါ မောင့်သူငယ်ချင်းလား"

"အင်း…"

"အဲဒီလူကလေ ကျောင်းမှာ ဖြူ့ကို ရည်းစားစာ လိုက်ပေးဖူးတယ်…သိလား"

မာနဖြူ၏ စကားကြောင့် ခေါင်းဗညားက ဟန်ဆောင်ပန်ဆောင်ပင် မအောင့်နိုင်တော့ဘဲ ရယ်လိုက်မိ၏။ မာနဖြူက…

"အဲဒီလူကြီးရေးတဲ့စာကလေ အူကြောင်ကြောင်နဲ့။ အရေးအသားကလည်း ဖြူတို့အဘိုးအဘွားတွေခေတ်လောက်တုန်းက ရေးပုံမျိုးကြီး။ ဟောင်းလိုက်တာ လွန်ပါရော"

"ဘာတွေရေးထားလို့လဲ ဖြူရဲ့"

"အမယ်…သူကလေ 'ဖြူ့အတွက်ဆိုရင် ကောင်းကင်က ရှုံ့ကြယ်ကိုတောင် ဆွတ်ခူးပေးပါ့မယ်'…တဲ့"

"ဟားဟားဟား…"

သူ စိတ်ရှိလက်ရှိ အော်ရယ်ပစ်လိုက်သည်။ မာနဖြူက သူ့လက်မောင်းကို အသာဆိတ်ဆွဲပြီး…

"မောင်ကောဟင်…။ ဖြူ့အတွက် ရှုံ့ကြယ်ကို ယူပေးမှာလား"

www.burmeseclassic.com


''မှုဝိုကြယ်က နည်းနည်းခက်တယ် ဖြူရဲ့။ 'ကြယ်'ချင်းတူတာဆိုလို့ မောင့်မှာ ကြယ်သီးတော့ ရှိတယ်။ ကြယ်သီး ယူမလားဟင်''

သူ့အဖြေကြောင့် မာနဖြူ၏ နှုတ်ခမ်းပါးပါးနှစ်လွှာ စုသွား၏။ စင်ပေါ်တွင် လျှပ်စစ်ဂစ်တာသံနှင့် သီချင်းသံတို့ ဆူညံနေလေသည်။

●

သူနှင့်မာနဖြူတို့ လူအုပ်ကြားမှာ တိုးဝေ့ရင်း မြူးကြွသော ဂီတာသံစည်းထဲတွင် နစ်မျောနေမိ၏။ ထိုစဉ်မှာပင်...

''ရန်ဖြစ်ပြီဟေ့ ရန်ဖြစ်ပြီ''

''ချ...ချ...အဲဒီကောင်ကို မလွှတ်စေနဲ့''

''ဟဲ့...ဟဲ့...ဖယ်နေ...ဖယ်နေ...ကိုယ့်ကို လာထိဦးမယ်''

ရုန်းရင်းဆန်ခတ်နှင့် ဆူညံစွာ အော်ဟစ်ပြေးလွှားသံ၊ ထိုးကြိတ်ရိုက်နှက်သံတို့ကို ကြားလိုက်ရသည်။

သူက မာနဖြူ၏ လက်ကိုဆွဲကာ ရန်ပွဲနှင့်ဝေးရာဆီသို့ နေရာရွှေ့ရန် ခြေလှမ်းပြင်လိုက်၏။

အရေးထဲမှာ မာနဖြူ၏ ထမီစကတ်ကျပ်ကျပ်နှင့် ဒေါက်မြင့်ဖိနပ်တို့က တုံ့နှေးနေစေသည်။

ထိုစဉ် ရန်ပွဲမှ ပြေးသူ၊ လိုက်သူများအုပ်စုက နီးကပ်လာပြီး

''အဲဒီကောင်...အဲဒီကောင်...ဂျာကင်အဖြူနဲ့''

''ခွပ်...ခွပ်...ဘုန်း''

''အား...ဗညားရေ...ဗညားရေ''

သူ့နာမည်ကို အော်ခေါ်သံ ကြားလိုက်ရသဖြင့် သူ စိတ်ပူသွားပြီး လှည့်ကြည့်လိုက်သည်။

''ဟင်...ဇော်ဇော်ဦး''

ဇော်ဇော်ဦးနှင့် သူ့သူငယ်ချင်းများကို အခြားလူအုပ်ခြောက်ယောက်


www.burmeseclassic.com

www.burmeseclassic.com

ခန့်က ဝိုင်းထိုးကြိတ်နေသည်။ ဂျာကင်အဖြူနှင့်လူက သူနှင့် ခြေငါးလှမ်းစာမျှသာ ဝေး၏။

သူ ဒေါသတွေ ဝုန်းခနဲ ဆူပွက်သွားသည်။ တွေ့ရာ အုတ်ခဲကျိုးတစ်ခုကို ဆတ်ခနဲကောက်ကာ အားကုန်သုံးပြီး ပေါက်ထည့်လိုက်၏။

"ဒုတ်…"

"အား…"

တစ်ချိန်တည်းမှာ သူ့လက်တစ်ဖက်က မာနဖြူကို ဆွဲလှုပ်ပြီး

"သွား…သွား ပြေးတော့၊ Mr.Guitar ရှေ့က စောင့်နေ"

"ဟင်…မောင်၊ ဖြူ ဘယ်လိုပြေးရမှာလဲ၊ ဖြူတစ်ယောက်တည်းဟို…ဟို…"

"ဟာ…အရေးထဲမှာကွာ"

သူမကို ဂရုစိုက်မနေနိုင်တော့။ အတင်းသာ ဆောင့်တွန်းလွှတ်လိုက်သည်။ နောက်သို့ ယိုင်သွား၏။

ထိုစဉ်မှာပင် တစ်ဖက်အုပ်စုမှ လူတစ်ယောက်က သူ့ထံသို့ ပြေးဝင်လာပြီး ချိန်းကြိုးဖြင့် စလွယ်သိုင်း ရိုက်ချသည်။ ငုံ့ရှောင်သော်လည်း မလွတ်။ သူ့ပခုံးစွန်းကို 'ဖြောင်း'ခနဲ ထိသည်။ အရိုးခိုက်အောင်နာသွား၏။

သူ မြေပေါ်သို့ ဒူးထောက်လျက် ကျအသွားမှာပင် တုတ်တစ်ချောင်းကို မျက်စိထောင့်မှာ လှမ်းမြင်သည်။ ဆတ်ခနဲ ကောက်ယူပြီး လက်ပြန် ရိုက်ထည့်လိုက်၏။

"ဖြောင်း…"

ရှေ့မှလူတစ်ယောက်။ ရိပ်ခနဲ လွဲရိုက်လိုက်၏။ တစ်ပိုင်တစ်ယောက်က လှမ်းကန်လိုက်သောကြောင့် သူ့နားထင်ကို 'ဒုတ်'ခနဲလာထိသည်။

မျက်လုံးတွေ ပြာသွား၏။ ဘာကိုမှ မမြင်ရတော့။ ရှေ့သို့သာ အတင်းပြေးဝင်ပြီး မဲမဲမြင်ရာကို ဘယ်ပြန်ညာပြန် ရိုက်သည်။ နားထဲမှာ

www.burmeseclassic.com

အော်ဟစ်သံတွေ ဆူညံနေ၏။

သူ့ကျောကုန်းပေါ်သို့လည်း တုတ်တွေလား၊ အုတ်ခဲတွေလား မသိ။ ဘုန်းခနဲ…ဘုန်းခနဲ ထိသည်။ အံကြိတ်ခံပြီး လက်ထဲမှ တုတ်ဖြင့် ဝှေ့ယမ်းရိုက်ထုတ်ရင်း ခြေဦးတည့်ရာသို့ သူ မနားတမ်း အသားကုန် ပြေးထွက်ခဲ့တော့သည်။

●

Mr. Guitar ကဖေးရှေ့သို့ သူ ရောက်လာချိန်တွင် 'ဟောဟဲ' မြည်အောင် မောနေပြီး အသက်ကိုပင် မနည်းရှူနေရ၏။

သူ့ကိုယ်ခန္ဓာပေါ်မှ ဒဏ်ရာများကို ပြန်ကြည့်သောအခါ ကြီးကြီးမားမား ပြောရလောက်အောင် ဘာမှမတွေ့ရသဖြင့် 'တော်ပါသေးရဲ့' ဟု စိတ်ထဲတွင် အောက်မေ့မိသည်။

ဟင်…ဖြူကော၊ ဘယ်မှာလဲ။

အခုမှပင် မာနဖြူကို ရှာကြည့်ဖို့ သူ သတိရတော့သည်။ အနီးအနားသို့ မျက်လုံးအကြည့်ဖြင့် ရှာသော်လည်း မတွေ့။ ဘယ်မှာ ကျန်ခဲ့ပါလိမ့်။

သေတောင် သေနေလောက်ပြီလား မသိဘူးဟု သူ စိတ်အချင် ပေါက်ပေါက်ဖြင့် တွေးမိသည်။

သို့သော် သူပို့သော မေတ္တာများကြောင့်လား မပြောတတ်။ နောက်ထပ် မိနစ်နှစ်ဆယ်ခန့်အကြာတွင် ချိန်းထားသောနေရာသို့ မာနဖြူ ရောက်လာရှာသည်။ ရောက်လာပုံကတော့ ကြည့်မကောင်းလှပါ။

သူမ၏ ခြေထောက်နှစ်ဖက်စလုံးတွင် ဖိနပ်မပါတော့။ ပြေးရင်း လွှားရင်း ဘယ်မှာကျွတ်ကျကျန်ခဲ့သည် မသိ။ ခြေထောက်တစ်ဖက်က ရွှံ့အိုင်ထဲနစ်ထားသဖြင့် ဗွက်တွေ အလူးလူးပေကျံလျက်။

စကတ်ကလည်း ဒူးအထက်နားအထိ ဖုတ်ပြဲနေသည်။ အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com

ကြိုးတစ်ချောင်း ပြုတ်ထွက်သွားသဖြင့် ရုပ်ပြုံး အတုံးဖြစ်အောင် ချည်နှောင်ထားရ၏။ ပြေးရင်း ချော်လဲထားသောကြောင့် ဒူးနှင့်တံတောင်ဆစ်မှာလည်း ပွန်းပဲ့ရာတွေ ဗရပွ သွေးစို့နေသည်။

သူမ၏မျက်နှာက ငိုမဲ့မဲ့။

မာနဖြူ၏ ငိုမဲ့မဲ့မျက်နှာက သူ့ကို တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် ဒေါသမျက်နှာအဖြစ်သို့ ရုတ်ချည်းပြောင်းလဲသွားပြီး…

"ရှင်…ရှင် တော်တော်အတ္တကြီးတဲ့လူ။ သေရေးရှင်ရေးကျတော့ ကျွန်မကို ပစ်ထားခဲ့ပြီး ရှင်တစ်ယောက်တည်း ကိုယ်လွတ်ရုန်းပြေးသွားတယ်။ ထို့…နွံ့စရာကောင်းလိုက်တာ။ အခုမှပဲ ရှင့်စိတ်ဓာတ်အမှန်ကို သိရတော့တယ်။ ဟင်း…ရှင့်လို တစ်ကိုယ်ကောင်းဆန်တဲ့လူစားမျိုးကို ဒီတစ်သက်ပေးလို့ ဘယ်သံသရာမှာမှ လက်မတွဲဘူး။ မှတ်ထား"

●●●


www.burmeseclassic.com

www.burmeseclassic.com

## မွှင့် ဟ ဝန် ခံ ချက် [ ၂ ]

အခုတော့ မာနဖြူဟာလည်း ကျွန်တော့်အတွက် 'မနေ့က ကောင်မလေး' ဖြစ်သွားခဲ့ပါပြီ။

နှုတ်ဆက်ခွဲခွာသွားတဲ့ အချိန်မှာတော့ ကျွန်တော် လက်ပြ မနှုတ်ဆက်လိုက်နိုင်ခဲ့ပါဘူး။ (ရန်ပွဲက ဒဏ်ရာကြောင့် လက်မောင်းအောင့်နေလို့) ပြုံးပဲ ပြုံးပြလိုက်တော့တယ်။

ဒါပေမဲ့ နောက်တစ်နေ့မှာတော့ အလှမွေးတိရစ္ဆာန်အရောင်းဆိုင်ကိုသွားပြီး တယ်ရီယာအမျိုးအစား ခွေးစုတ်ဖွားလေးတစ်ကောင် ဝယ်ခဲ့တယ်။

ပြီးတော့ အဲဒီအမွေးစုတ်ဖွားခွေးကလေးကို ရင်ခွင်ထဲမှာပိုက်ပြီး မာနဖြူရဲ့ ကျောင်းအပြန်လမ်းကနေ စောင့်နေခဲ့တာပေါ့။

သူမကိုတွေ့တော့ အဲဒီခွေးကလေးကို နှုတ်ဆက်လက်ဆောင် အဖြစ်နဲ့ပေးပြီး…

"မောင့်ကို လမ်းခွဲသွားပေမဲ့ ဖြူ့ကိုတော့ မောင့်နှလုံးသားထဲက အပြစ်မတင်ရက်ပါဘူးကွာ။ ကျေးဇူးပြုပြီး မောင့်ကို တမ်းတတော့ လိုက်လျှော့ပေးပါ…ဖြူ"


www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ..."

"ဖြူ့အနားမှာ...မောင် နေခွင့်မရတော့ပေမဲ့ ဟောဒီခွေးကလေး ကိုတော့ အမှတ်တရလက်ဆောင်အဖြစ် ထားခဲ့ပါရစေ။ ဟောဒီခွေး ကလေးကို ဂရုတစိုက် မွေးပေးပါ ဖြူ။ ဖြူ့အနားမှာ သူ ပျော်နေမယ်ဆို ရင် မောင်လည်း အဝေးတစ်နေရာက ကျေနပ်ပျော်ရွှင်နေမှာပါ။ ဒါပါပဲ ဖြူ။ မောင်...နှုတ်ဆက်ခဲ့ပါတယ်။ ဂွတ်ဘိုင်"

ကျွန်တော် ခွေးကလေးကို သူ့လက်ထဲထည့်ခဲ့ပြီး ကျောင်းဝိုင်း ထွက်ခဲ့တယ်။ (ရုပ်ရှင်ထဲကလို ခေါင်းငုံ့ပြီး တစ်လှမ်းချင်း ဖြည်းဖြည်း လျှောက်ရတာပေါ့)

ကျွန်တော်နဲ့ မာနဖြူတို့ရဲ့ ဇာတ်လမ်းကတော့ ဒါလောက်ပါပဲ။ ခွေးကလေးတစ်ကောင် လက်ဆောင်ပေးခဲ့တဲ့အကြောင်းကို သူငယ်ချင်း တွေ ပြန်သိတော့ ကျွန်တော့်ကို ဝိုင်းပြီး အပြစ်တင်ကြသေးတယ်။

"မင်းကွာ...စိတ်ကူးယဉ်ဆန်လိုက်တာ။ ကိုယ့်ကိုယ်ကို ဇာတ် လိုက်မင်းသားများ အောက်မေ့နေသလား"

"မင်းကို ငါတို့ အစကတည်းက အဲသည်လောက် 'ကြောင်' လိမ့်မယ်လို့ ထင်မထားဘူး ဗညား"

ဘာညာနဲ့ သူတို့ဝိုင်းပြောကြတာ စုံနေတာပဲ။ ကျွန်တော်က တော့ ဘာမှ ပြန်မပြောပါဘူး။ ငြိမ်ငြိမ်လေး နေလိုက်တယ်။

သူတို့ ဘာသိမှာလဲ။ ကျွန်တော့်စိတ်ကူးတွေကို ဘယ်သူက သိနိုင်မှာတဲ့လဲ။

●

စဉ်းစားကြည့်ပါဗျာ...။

ခွေးတစ်ကောင် မွေးရတယ်ဆိုတာ ဘယ်လောက်အလုပ်ရှုပ် ပြီး ဘယ်လောက် ကရိကထများသလဲ။


www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားကလာတဲ့ ဧည့်အစာ သံဘူးတွေ၊ ဘီစကစ်တွေ ဝယ်ကျွေးရမယ်၊ ရေမှန်မှန်ချိုးပေးရမယ်။ အမွေးမှာ သန်းမတွယ်အောင် နေ့တိုင်း ဖီးသင်ပေးရမယ်။ အမွေးနံ့သာတွေ လိမ်းပေးရမယ်။ ကာကွယ်ဆေးတွေမျိုးစုံ ထိုးရမယ်။ အားဆေးကျွေးရမယ်။ ပြိုင်ပွဲကြီးပြတဲ့ဖြစ်ရင် တိရစ္ဆာန်ဆေးကုဆရာဝန်ဆီ ပြေးပြီး ပြရမယ်။

ခွေးတစ်ကောင်မွေးရတာ လူထက်တောင် အလုပ်ပိုရှုပ်သေးတယ်။ လူထက်တောင် ပိုဂရုစိုက်ရသေးသည်။

ကျွန်တော်ဟာ မာနဖြူအတွက် 'အရုပ်ယုပ်'တစ်ခု ပေးထားပစ်ခဲ့တာပါ။ အင်း...ဟုတ်တယ်။ ကျွန်တော်က အကျင့်မကောင်းဘူးနော်။

●

(ကျွန်တော့်လို မဟုတ်ဘဲ လောကမှာ အကျင့်ကောင်းတဲ့ လူတွေချည်းပဲရှိနေရင် မခက်ဘူးလား။ အမြဲတမ်း ဟုတ်တာတွေ မှန်တာတွေချည်းပဲ ဖြစ်ဖြစ်နေလို့ ပျင်းစရာတောင် ကောင်းဦးမယ်)။

●●●

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၂)

အရေးတကြီး နိုးထစရာ မလိုဘူးဆိုရင်
ငါ ဆက်ပြီး အိပ်နေချင်လို့ပါ။

'ဘဝ'ဆိုတာနဲ့
ဘာဖြစ်လို့ 'ရှင်သန်ခြင်း'လို့ အဓိပ္ပါယ်ဖွင့်ဆိုရတာလဲ၊
ငါကတော့ အိပ်နေရတာကိုပဲ ကြိုက်တယ်။

ရုပ်ရှင်ထဲက ဖာတ်လိုက်လောက်တော့
ငါလည်း တောက်လျှောက်ကြီး မကောင်းနိုင်ဘူးပေါ့၊
သံပတ်ခပ်လျော့လျော့နဲ့ပဲ နေတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

လေ့ကျင့်ခန်းမှန်မှန်လုပ်မှ
ပထမရမယ်ဆိုရင်
ငါ ရှင်ဘုရင်တောင် မလုပ်ချင်ဘူး၊
ကျေးဇူးပြုပြီး ငါ့ကို 'သောက်ရူး' လို့ခေါ်ပါ။

ငါ မမြင်ချင်တာတွေအားလုံးအတွက်
ဟောဒီမျက်စိသေးသေးလေးနှစ်လုံးကို
...ပိတ်ထားလိုက်ရုံပဲ။
ကဲ...ငါ ဘယ်လောက်လိမ္မာသလဲကွယ်၊
ဟောဒီသောက်ရူးမှာ ယဉ်ကျေးမှု ထွန်းကားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဆီ ဂုဏ်ပြုဖိတ်စာ ပို့ဖို့မလို
ငါ့လိပ်စာကို ငါ မသိ
ငါ့အုတ်ဂူမှာလည်း
ဘာကမ္ပည်းမှ ထိုးပေးဖို့ အကြောင်းမရှိပေဘူး။

www.burmeseclassic.com

www.burmeseclassic.com

အို . . . မိတ်ဆွေတို့
နိုင်ငံကြီးသားအပေါင်းတို့
သွေးနဲ့ကိုယ် သားနဲ့ကိုယ်
မှားယွင်းကြ
ပက်လက်မျောဖို့အတွက်
တံတွေးခွက်ကြီးကြီးလိုက်ရှာကြ။

ငါကတော့
တောင်ထူထူကို ခေါင်းမြီးခြုံ
ကိုယ့်ကိုယ်ကျင့် . . . ကိုယ်
စိတ်လုံလုံနဲ့ အိပ်တယ်။


www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံကျော်တွေအားလုံးကို သနားတယ်။
မင်းတို့ ဝါလောက်
ဘယ်သူမှ အိပ်ရေးမဝခဲ့ကြပါဘူး။

www.burmeseclassic.com

ကြောင်နန်ကောင်တေဆုပ်တိုက်

www.burmeseclassic.com

## ဖွင့် ဟ ဝန် ခံ ချက် [ ၃ ]

ကျွန်တော့်ပျင်းရိမှုတွေအတွက် ဆုလာဘ်လို့ပဲ ပြောရမလား မသိဘူး။ အဲဒီနှစ်က ကျွန်တော် စာမေးပွဲကျတယ်။

(အဲဒီသတင်းကို ကြားရတဲ့အတွက် ခင်ဗျားနဲ့တကွ ခုနစ်ရက်သားသမီးတွေအားလုံး စိတ်ချမ်းမြေ့ကြလိမ့်မယ် ထင်ပါတယ်)

ကျွန်တော့်ကို စာမေးပွဲကျတဲ့အတွက်ကြောင့် ဖေဖေက တစ်နာရီလောက် အချိန်ပေးပြီး အေးအေးဆေးဆေး ဆွေးနွေးတယ်။ ဆူပူအပြစ်တင်တာ မဟုတ်ပါဘူး။ အပြန်အလှန် စကားတွေပြောရင်း အဖြေရှာကြတာပါ။

ဖေဖေက စာမေးပွဲကျတာကို 'အပြစ်' လို့ မယူဆပါဘူး။ ဒါပေမဲ့ 'ပျက်ကွက်မှုတစ်ခု' လို့တော့ ယူဆတယ်။ ဒါကြောင့် ဖေဖေက...

"သားဟာ စာမလိုက်နိုင်လို့ စာမေးပွဲကျရလောက်အောင် ဦးနှောက်က ထုံထိုင်းအားနည်းနေတဲ့ ကျောင်းသားတစ်ယောက်မှ မဟုတ်ဘဲ။ ဒါနဲ့တောင် စာမေးပွဲကျရတယ်ဆိုတော့ ကျောင်းစာမှာ စိတ်မဝင်စားတာကြောင့်ပဲ ဖြစ်ရမယ်လို့ ဖေဖေ ထင်တယ်။ ဘယ်နှယ်လဲ...သား။ ဟုတ်ရဲ့လား"


www.burmeseclassic.com

www.burmeseclassic.com


"ကျောင်းစာမှာ စိတ်မဝင်စားတာ မဟုတ်ဘူး ဖေဖေရဲ့။ သားက သင်ယူရတာကို စိတ်မဝင်စားတာ"

ဖေဖေက အဖေးကို လှမ်းငေးကြည့်ရင်း တွေးနေတယ်။ ပြီးတော့မှ…

"ဘာဖြစ်လို့ သင်ယူရတာကို စိတ်မဝင်စားတာလဲ…သား"

"သစ်ရွက်တွေကို အစိမ်းရောင်ဆိုးပေးဖို့ဆိုတဲ့ကိစ္စမျိုးကို ကျောင်းတက်ပြီး သင်ယူနေဖို့ လိုအပ်သလား ဖေဖေ။ သားကတော့ မလိုဘူးလို့ ထင်တယ်"

"လိုတာပေါ့ သားရဲ့။ ကျောင်းခန်းထဲက ပညာဟာ စနစ်တစ်ခု ပုံစံတစ်ခုပဲ"

"သားက အဲဒါကိုပဲ မကြိုက်တာ ဖေဖေ"

"နေဦးလေ…သားရဲ့။ ဖေဖေ့စကားကို ဆုံးအောင် နားထောင်ဦး။ သားမှာ ပုံစံခွက်ထဲက ဖောက်ထွက်ချင်တဲ့စိတ်ရှိမှန်း ဖေဖေ သိပါတယ်။ အဲဒါကို Unschool mind လို့ခေါ်တယ်၊ ကျောင်းခန်းရဲ့အပြင်ကို ထွက်ပြီး လွတ်လွတ်လပ်လပ် သင်ယူချင်တဲ့စိတ်ပေါ့"

ဖေဖေဟာ ကျွန်တော့်ကို အမြဲနားလည်မှုပေးနိုင်ခဲ့တာပဲဆိုတဲ့ ခံစားချက်ကြောင့် အရမ်းကြည်နူးသွားတယ်။ ဘဝဟာ လုံခြုံသွားသလို လည်း အောက်မေ့လိုက်မိတယ်။

ဒါ အရမ်းကို အရေးကြီးတဲ့ ခံစားချက်ပဲ၊ ဒီလိုမှ မဟုတ်ဘဲ စာမေးပွဲကျလို့ ဖေဖေက ဆူမယ်၊ ရိုက်မယ်ဆိုရင် ကျွန်တော့်ရဲ့ တုန့်ပြန်မှုဟာ ပုံစံတစ်မျိုး ပြောင်းချင်ပြောင်းသွားနိုင်တယ်၊ အိမ်ကနေ ထွက်သွားချင် ထွက်သွားမိမယ်။ ရိုင်းရိုင်းစိုင်းစိုင်း တုံ့ပြန်ချင်တုံ့ပြန်မိမယ်။ ဒါမှမဟုတ် အရွဲ့တိုက်ချင် တိုက်မိမယ်၊ (ဒါဆို အများကြီး ပိုပြီးဆိုးသထက် ဆိုးသွားမယ် မဟုတ်လား)

ကျွန်တော့်ဘဝအတွက် အကြီးကျယ် အခမ်းနားဆုံး ကံကောင်းမှုတစ်ခုက အဲဒါပဲ။ ကျွန်တော့်ဖေဖေနဲ့မေမေဟာ သူတို့ဖြစ်စေချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အတိုင်းဖြစ်ရမယ်' ဆိုတဲ့ အတွက်နဲ့ ကျွန်တော့်ကို ပိတ်လှောင်မထားကြဘူး။

ဖေဖေနဲ့မေမေ့ကို ကြည့်လိုက်ရင် 'အမှားကို စောင့်ဖမ်းပြီး အပြစ်ရှာနေတဲ့ တရားလို' တွေလို့ မခံစားရဘူး။ အကူအညီပေးဖို့ အဖြေရှာပေးဖို့ အသင့်စောင့်ကြိုနေတဲ့ ကိုယ်စောင့်နတ်တွေလို့ ခံစားရစေတယ်။

ကျွန်တော် ဘာတွေပဲ မှားယွင်းမှားယွင်း၊ ဘယ်လောက်ပဲ အခက်အခဲနဲ့ ကြုံနေကြုံနေ 'ဖေဖေနဲ့မေမေက အဲဒီအရာတွေအားလုံးကို ပြေပျောက်သွားအောင် လုပ်ပေးမှာပဲ' ဆိုတဲ့ အားကိုးချင်စိတ်ပေါ်လာအောင် သူတို့ရဲ့အပြုံးနဲ့တင် စွမ်းဆောင်နိုင်တယ်။

ကျွန်တော့်ဖေဖေနဲ့မေမေကို အရမ်းကျေးဇူးတင်တယ်။

●

ဖေဖေကပြောတယ်။

"ဒါပေမဲ့ Unschool mind တစ်ခုတည်းကိုပဲ အသေဆုပ်ကိုင်ချင်လို့ မရဘူးသား။ ကျောင်းခန်းထဲမှာ သင်ယူတဲ့ School mind ဟာလည်း သူ့နေရာနဲ့သူ ရှိနေဖို့လိုတယ်။ ဘာကိုမှ အသေမဆုပ်ကိုင်ထားပါနဲ့သား။ သူ့နေရာနဲ့သူ ရှိနေတာကို မြင်အောင်ကြည့်ပါ။

နေ့တာတိုတဲ့ နေ့ပိုင်းနဲ့ ညတာရှည်တဲ့ ညပိုင်းကို နှစ်ခုပေါင်းပစ်ပြီး နေ့တစ်နေ့ကို ၂၄ နာရီထက်ပိုအောင် ဖန်ဆင်းချင်လို့ မရဘူးသား"

အဲဒီစကားအဆုံးမှာ ဖေဖေ့ကို ကျွန်တော် အရမ်းချစ်သွားတယ်။

●●●

www.burmeseclassic.com

www.burmeseclassic.com

## ■ SCENE 5

သည်နှစ် ကျောင်းဖွင့်စတွင် ခေါင်ဗညားတစ်ယောက် ကျောင်းတက်မှန်နေသည်။ ကိုယ့်ထက် အတန်းငယ်သော ကျောင်းသားကျောင်းသူများနှင့် အတူတူတက်ရသောကြောင့် ဣန္ဒြေဆောင်ကာ ခပ်တည်တည်နေနေရသည်။

သို့သော် သိပ်တော့ ကြာကြာမနေလိုက်နိုင်။ တစ်လမပြည့်ခင်မှာပင် ကမ္ဘာကြီးတစ်ခုလုံးကို ကလန်ကဆန်လုပ်ချင်သော သူ့ဝိညာဉ်နတ်ဆိုးက ငြိမ်သက်နေရာမှ နိုးထလာ၏။

နတ်မိစ္ဆာကို လှုပ်နှိုးလိုက်သော မြင်ကွင်းက ကင်တင်းမှ စသည်ဟု ပြော၍ရသည်။

“စားသွားပါပြီးလား…အစ်ကို”

“လက်ဖက်ရည်သောက်ပါပြီးလား…”

“လာလေ…အအေးသောက်ပါပြီးလား…”

လူတွေသည် (စိတ်ထဲက ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ) လောကွတ်ပျူငှာ စကားတွေပြောလွန်းသည်ဟု သူ ထင်၏။

စားနေသောက်နေတုန်း တစ်ယောက်ယောက်ကို မြင်လျှင် ‘စား


www.burmeseclassic.com

www.burmeseclassic.com

သွားပါပြီ၊ သောက်သွားပါပြီး' ဟု လှမ်းပြီး ဖိတ်ခေါ်ရသည်က အလုပ်ပို တစ်ခုလို ဖြစ်နေ၏။

ဒါကိုပင် 'ဖော်ရွေမှု' ဟု ခေါ်ပါသလား။

အဲဒီလိုလုပ်မှ 'လောကဝတ် ကျေပွန်သူ' ဖြစ်သလား။

●

နောက်တစ်နေ့ ကျောင်းသို့လာသောအခါ ခေါင်ဗညားက စတိုး ဆိုင်တွင်ဝင်ပြီး တစ်ရှူးစက္ကူဘူးကြီးနှစ်ဘူး ဝယ်ခဲ့သည်။

ကျောင်းကင်တင်းသို့ ရောက်သောအခါ ထိုစက္ကူဘူးများကို ဖောက်သည်။ တစ်ရှူးစက္ကူများကို အစဆွဲထုတ်၏။

ထို့နောက် စက္ကူဘူးနှစ်ဘူးကို ဘယ်တစ်ဖက် ညာတစ်ဖက် ကိုင်ပြီး ကျောင်းဝင်းထဲအနှံ့ လျှောက်သွားကာ တွေ့သမျှလူတိုင်းကို…

"သုတ်သွားပါဦးလား…"

ဟု ပြောကာ တစ်ရှူးစက္ကူစများကို လိုက်ပေးသည်။ သူနှင့် သိသော တချို့လူများက…

"ဟင်…ဘာကြောင့်တာလဲ"

ဟု မေးသောအခါ သူက ခပ်တည်တည်ဖြင့်…

"လောကွတ်လုပ်တာလေ။ အခုလို လိုက်ပြောတော့ ငါ့ကို ကြည့်ရတာ ဖော်ရွေတဲ့ပုံစံ ပေါက်မလာဘူးလား"

"ဟင့်အင်း…အမြင်ကပ်စရာ ပိုကောင်းလာတယ်"

အတော်များများက နှာခေါင်းရှုံ့သွားကြသည်။ သူကတော့ ဒါကိုပင် ကြည့်ရင်း စိတ်ထဲက ကြိတ်ရယ်မောမိ၏။

ကဲ…ကြည့်စမ်းပါဦး။ 'စားသွားပါဦးလား…။ သောက်သွားပါဦး လား' လို့ ပြောတာနဲ့ 'သုတ်သွားပါဦးလား' လို့ ဖိတ်ခေါ်တာ ဘာများ ကွာခြားလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com

အတူတူပဲ မဟုတ်လား။ တစ်ခုပဲရှိသည်။ 'စားသွားပါဦးလား' ဟု ပြောတာက ဟိုးယခင်ကတည်းက လူတိုင်းပြောနေကျ စကားမို့ အသားတကျ ဖြစ်နေပြီ။ ဒါကိုပင် 'ယဉ်ကျေးမှု'ဟု သတ်မှတ်လိုက်ကြပြီ။

အခု သူလုပ်သလိုမျိုး တစ်ရှုးစက္ကူ ကမ်းပေးပြီး 'သုတ်သွားပါဦးလား'ဟု ပြောသည်ကတော့ မည်သူမျှ လုပ်နေကျ မဟုတ်။ အသစ်ဖြစ်သည်။ ဒါကိုတော့ 'ယဉ်ကျေးမှု'အဖြစ် လက်မခံနိုင်ကြဘူး မဟုတ်လား။

ယဉ်ကျေးမှုဆိုသည်မှာ အဟောင်းများနှင့် နေသားတကျဖြစ်ခြင်းကို ခေါ်သော စကားလုံးဖြစ်ပါသည်။

ကဲ…သင်တို့ကော ဘယ်လောက် ယဉ်ကျေးပါသလဲ။

●

ဝန်ခံရမည်ဆိုလျှင် သူကတော့ အဟောင်းများနှင့် နေသားတကျ မဖြစ်လှပါ။

သူသည် လူရိုင်းကလေးတစ်ယောက်သာ ဖြစ်ပါသည်။

●

ကျောင်းအပြန် ဘတ်စကားမှတ်တိုင်မှာ ရပ်ပြီး သူ တွေ့သမျှ လူတိုင်းကို သိသိမသိသိ တစ်ရှုးစက္ကူလိုက်ပေးရင်း…

"သုတ်သွားပါဦးလား…"

တချို့က သူ့ကို အရူးဟုထင်ပြီး ခပ်ဝေးဝေးမှ ရှောင်ကွင်းသွားကြ၏။ တချို့ကတော့ ယကြောချေနေသည်ဟု ထင်ကြ၏။ တချို့ကတော့ 'ဘာကြောင့်တာလဲ'ဟု မျက်မှောင်ကုပ်သွားကြ၏။

ခေါင်းဗညားကတော့ ဘယ်သူ့ထင်မြင်ချက်ကိုမှ ဂရုမစိုက်။


www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ့မျက်နှာကိုမှလည်း မကြည့်။

(ရိုင်ခနဲတွေ့လိုက်သူတိုင်းကို အတင်းလိုက်ပြီး လောကွတ်ပျူငှာလုပ်နေသည်) ထိုစဉ်...

''သုတ်သွားပါဦးလား...''

''အလုပ်မရှိရင် ကိုယ့်ခြေသည်း ကိုယ်ပြန်ကိုက်နေပါလားရှင်။ ကျွန်မကိုတော့ လာမနှောင့် ယှက်ပါနဲ့။ တောင်းပန်ပါတယ်''

နူးညံ့သော လေသံကြောင့် ခေါင်းငုံထားသူက (သူ တစ်ရှူးစက္ကူပေးမိသူကို) မော့ကြည့်လိုက်မိ၏။

ဖြူဖတ်ဖြူလျော်ကောင်မလေးသေးသေးလေးတစ်ယောက်။

စစ်တုရင်ခုံပေါ်မှ အဖြူရောင် နယ်ရုပ်ကလေးတစ်ရုပ်ကို ကြည့်ရသလိုပင် ပိစိကွေးကလေးဖြစ်သည်။

သို့သော် သူမ၏ မျက်ဝန်းအစုံကတော့ လှသောအလောင်းတစ်လောင်း၏ အကြည့်လိုမျိုး အေးစက်နေသော အကြည့်သေတစ်ခုဖြစ်လေသည်။

အနည်းငယ်ထူထဲသယောင်ရှိသော နှုတ်ခမ်းနှစ်လွှာကလည်း နီရဲရွှတ်စိုမနေ။ ဖြူရော်ရော်နှင့် ပန်းရောင်သန်းနေ၏။ မေးရိုးက သွယ်သွယ်ပါးပါး။

'အလှတရား လုံးဝ မရှိ'ဟု မှတ်ရထင်ရသည်။ သို့သော် သူ ရင်ခုန်သွားသည်။ ဤကမ္ဘာမြေပေါ်တွင် သူ ဘယ်တုန်းကမှ မတွေ့မမြင်ခဲ့ရဘူးသော ထူးဆန်းအံ့သြဘွယ် အလှတရားတစ်ခုကို သူ တွေ့ရမြင်ရပြီဟု အောက်မေ့လိုက်မိ၏။

သူ့နှလုံးအိမ်ထဲတွင် ထိုပိစိကွေး ကောင်မလေးသည် အဖြူရောင်လိပ်ပြာလေးတစ်ကောင်နှင့် တူနေလေသည်။


www.burmeseclassic.com

www.burmeseclassic.com

သူက…

"ဆောရီးပဲကွာ…။ စိတ်အနှောင့်အယှက်ဖြစ်သွားတယ်ဆိုရင် ခွင့်လွှတ်ပါ။ တကယ်တော့ ကိုယ်က တမင်နှောင့်ယှက်တာ မဟုတ်ပါဘူး။ ဟိုဒင်း…"

သူမက စကားကို ဆုံးအောင်နားထောင်မနေဘဲ သူ့ကိုကျော်ကာ ဆက်လျှောက်သွားပြီး ဘတ်စကားမှတ်တိုင် အမိုးခုံးအောက်ရှိ အစွန်ဆုံး ထိုင်ခုံတွင် သွားထိုင်သည်။ သူမ၏ လက်ထဲတွင် စာအုပ်နှစ်အုပ်နှင့် စတီးထမင်းချိုင့်တစ်လုံး ကိုင်ထားသည်။ ကျောင်းသူတစ်ယောက်ဖြစ်မှန်း သေချာသည်။ ကျောင်းအပြန် ဘတ်စ်ကားကို စောင့်မည့်ပုံရ၏။

ခေါင်ဗညားက အခွင့်အရေးကို လက်လွှတ်မခံ။ သူမ ထိုင်နေသော ခုံအနီးဆီသို့ ခပ်သွက်သွက်လျှောက်သွားလိုက်ပြီး…

"ကိုယ်တောင်းပန်ပါတယ်။ စောစောက ကိစ္စကို ရှင်းပြပါရစေ။ ဒီလိုပါ…။ ကိုယ်က…"

"ကျေးဇူးပြုပြီး မရှင်းပြပါနဲ့လားရှင်။ ကျွန်မက လူတွေနဲ့ စကား မပြောချင်ဘူး။ ကြားလည်း မကြားချင်ဘူး"

"ဒါဆို ဘာသာစကားမရှိတဲ့နေရာကို ကိုယ် လမ်းညွှန်လိုက်မယ်လေ…။ မင်း ရေအောက်ထဲ ငုပ်နေပါလား"

ခေါင်ဗညား၏ ဆတ်ခနဲ ပြန်ပြောလိုက်သောစကားကြောင့် သူမ၏ (လှသေကောင်နှင့်တူသော) မျက်ဝန်းများက ဖျတ်ခနဲ အသက်ဝင် လှုပ်ရှားသွားပြီး မျက်စောင်းတစ်ချက် လှမ်းထိုးသည်။

နွေးထွေးသွားသလို ခံစားလိုက်ရ၏။

အင်းလေ…။ မင်းမှာ အဲသည်လို လူအရှင်လတ်လတ်နဲ့တူတဲ့ ခံစားချက်လေး တစ်စုတစ်လေလောက်တော့ ရှိဦးမှပေါ့ ကောင်မလေးရယ်။

●


www.burmeseclassic.com

www.burmeseclassic.com

သူက နောက်ထပ် စကားဆက်ရန် ရည်ရွယ်လိုက်စဉ်မှာပင် ဘတ်စ်ကားက မှတ်တိုင်တွင် ထိုးဆိုက်လာ၏။

ကောင်မလေးက ခေါင်းဗညားကို ရှိသည့်ဟုပင် မအောက်မေ့သည့်ပုံမျိုးဖြင့် စာအုပ်များကို ရင်ခွင်မှာပိုက်ရင်း ကျန်လက်တစ်ဖက်က စတီးထမင်းချိုင့်ကိုဆွဲကာ ဘတ်စ်ကားပေါ်သို့ တက်သွားလေတော့သည်။

ခေါင်းဗညား ဘာမှ စဉ်းစားမနေတော့။ သူ့လက်ထဲမှ တစ်ရှူးစက္ကူဘူးနှစ်ဘူးစလုံးကို ကားမှတ်တိုင်မှ ထိုင်ခုံပေါ်တွင် ပစ်ချထားခဲ့ပြီး ထွက်ခွာစပြုနေသော ဘတ်စ်ကားပေါ် အပြေးအလွှားခုန်တက်လိုက်၏။

ဘာကြောင့် ဒီလိုဖြစ်သွားသည်ကိုမူ သူ မစဉ်းစားတတ်။

သူ့ကို ဦးနှောက်က ခိုင်းစေနေခြင်းမဟုတ်တာကတော့ သေချာသည်။

ဘာကြောင့်လဲ...ဘာကြောင့်လဲ...ဘာကြောင့်လဲ...။

သူ မသိပါ။

အခြား မည်သူတစ်ဦးတစ်ယောက်ကမှလည်း သိကြလိမ့်မည် မဟုတ်ပါ။

●


www.burmeseclassic.com

www.burmeseclassic.com



'အချစ် စတင်ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းကို ရှင်းလင်းဖော်ပြ ဖြေဆိုပါ' ဟူသော မေးခွန်းမျိုးကိုသာ စာမေးပွဲမှာ မေးမည်ဆိုပါလျှင် ကမ္ဘာမြေပေါ်တွင်ရှိသော ယောက်ျားတွေအားလုံး စာမေးပွဲ ကျကုန်လိမ့်မည်မှာ သေချာပါသည်။

(ကျောင်းသင်ခန်းစာ စာအုပ်တွေထဲမှာ အချစ်အကြောင်း သင်ကြားဖြေဆိုရန် ပြဋ္ဌာန်းထားခြင်းမရှိသောကြောင့်သာ တော်ပေသေးတော့သည်)

●

www.burmeseclassic.com

www.burmeseclassic.com

ဘတ်စကားက သူမ ဆင်းမည့်မှတ်တိုင်နှင့် နီးကပ်လာပုံရသည်။ လူတွေကို တိုးဝှေ့ကာ ထွက်ပေါက်ဆီသို့ သူမ ချဉ်းကပ်လာနေသည်ကို မြင်ရ၏။

သူကတော့ အစကတည်းကပင် ဘတ်စကားအတက်အဆင်းပေါက်အနီးမှ မခွာဘဲ သူမ ဆင်းမည့်အချိန်ကို စောင့်နေခဲ့ခြင်းဖြစ်သည်။ (စပယ်ယာက 'ညီလေး အထဲဝင်စီးပါလား' ဟု ပြောသည်ကိုပင် မျက်နှာပြောင်တိုက်ပြီး မကြားသလို ပေကပ်နေခဲ့ခြင်းဖြစ်၏)

ဘတ်စကားရပ်လိုက်သောအခါ သူမ၏နောက်မှကပ်လျက် သူပါ ရောပြီး ဆင်းလိုက်သည်။

သူ့ခြေထောက်တွေ မြေကြီးနှင့် ထိလိုက်သည်နှင့်တစ်ပြိုင်နက် ကားက ဝေါခနဲ ထွက်သွား၏။ အဲသည်အချိန်မှာပင်...

(အစကတည်းက ကြိုတင်စိတ်ကူးထားသည့်အတိုင်း) သူ့လက်တစ်ဖက်က တွန်းတိုက်မိသလိုလိုဖြင့် သူမ ကိုင်ဆွဲလာသော စတီးထမင်းချိုင့်၏ အဖွင့်အပိတ် ကလစ်မောင်းခလုပ်ကို ဖျတ်ခနဲ ဆွဲပြီး ကလန့်ဖွင့်လိုက်ရာ...

"ဂလောင်...ဂွမ်"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆင့်သာရှိသော စတီးထမင်းချိုင့်ဖြစ်သောကြောင့် (အဖုံးပေါ်မှ ဖိထားပြီး ဘေးမှ ထောင်လျက်တန်းနှစ်တန်းဖြင့် ချိတ်ထားသည့် ခလုပ် ပွင့်သွားသည်နှင့် တစ်ပြိုင်နက်) လက်လွဲသည့်အရှိန်ဖြင့် အပေါ်ဆင့်မှ ဟင်းထည့်သည့်အခွက်က မြေကြီးပေါ် ပြုတ်ကျသွားသည်။

သူက ပျာပျာသလဲဖြင့်…

"နေ…နေ…။ ကိုယ် ကောက်ပေးမယ်"

ထမင်းချိုင့်အံခွက်ကို ကောက်ယူပြီး ပေကျံသွားသော သဲများ။ မြေမှုန်များကို မှုတ်သပ်ခါရင်း…

"ဒီထမင်းချိုင့်တွေက ဒီလိုပဲ။ သွားရင်းလာရင်း မတော်တဆ ခလုပ်ပွင့်သွားရင် သိပ်စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ တော်သေးတာပေါ့…။ အထဲမှာ ဟင်းတွေဘာတွေ ကျန်မနေလို့။ နို့မို့ဆိုရင် ပေကုန်မှာ"

စကားမရှိ စကားရှာပြောရင်း သူမ၏မျက်နှာကို မော့ကြည့်လိုက်သည်။ သူမ၏ မျက်နှာကတော့ ဘာမှ မပြောင်းလဲ။ တကယ့်လူသေအလောင်းတစ်လောင်းလိုပင် အကြည့်သေများဖြင့်…။

သူက ထမင်းချိုင့်အံခွက်ကို လှမ်းပေးလိုက်ရင်း…

"ကိုယ့်နာမည်က ခေါင်ဗညားပါ။ ကိုယ့်ကို ကျေးဇူးတင်စကားတောင် မပြောတော့ဘူးလား"

"ရှင်…တမင်လုပ်လိုက်တာမှန်း ကျွန်မ သိသားပဲ"

"ဗျာ…အဲ…"

သူ ကြောင်အအဖြစ်ပြီး ဘာဆက်ပြောရမည်မှန်း မသိတော့။ သူမကတော့ ဘာကိုမှ ဂရုမစိုက်ဟန်မျိုးဖြင့် လှည့်ထွက်သွားသည်။

သတိဝင်လာသည်နှင့် တစ်ပြိုင်နက် သူ နောက်ကပြေးလိုက်ပြီး…

"ဒီမှာ…ဒီမှာ…။ ဟိုဒင်း…ခဏ ကိုယ်ပြောစရာတစ်ခုရှိ…"

"ရှင်နဲ့ကျွန်မကြားမှာ ဘာမှ ပြောစရာမရှိဘူး ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတင်စရာလည်း မလိုဘူးလေ။ စောစောကကိစ္စဟာ ရှင်ကိုယ်တိုင်လုပ်ပြီးမှ ပြန်ကူညီချင်ယောင်ဆောင်တာပဲ မဟုတ်လား''

''ဒါက ဒီလိုရှိ...''

''ရှင် ဝန်ခံမှာလား...ဝန်မခံဘူးလား''

''အင်း...ဟုတ်တော့ ဟုတ်ပါတယ်''

သူမက အေးစက်စွာ တစ်ချက်စိုက်ကြည့်လိုက်သည်။ ထို့နောက်

'''ဟုတ်တယ်'လို့ ဖြေတာနဲ့ 'ဟုတ်တော့ဟုတ်ပါတယ်' ဆိုတဲ့ အဖြေဟာ ဘာကွာသလဲ''

အနက်အဓိပ္ပါယ်ကျယ်ဝန်းသော မေးခွန်းတစ်ခုဖြစ်သောကြောင့် ခေါင်ဗညား အံ့အားသင့်သွားသည်။

သူ ဘာမှ ပြန်မပြောနိုင်။ ငိုင်တွေပြီး ကျန်ရစ်ခဲ့၏။

(သူမကတော့ ခပ်လှမ်းလှမ်းရှိ ဆိုက်ကားဂိတ်တစ်ခုဆီသို့ ဦးတည်ပြီး သွားနေသည်)

လူထုကကို မေးခွန်းတွေထုတ်ပြီး အနိုင်ယူလာခဲ့သော ခေါင်ဗညားသည် သူ့ကိုပြန်ပြီး ရိုးရိုးကလေး မေးခွန်းထုတ်သွားသည့် ကောင်မလေးကို ရင်တွေတဆတ်ဆတ်ခုန်ရင်း ငေးမော ကြည့်နေမိ၏။

(သူမ ဆိုက်ကားငှားနေသည်ကို လှမ်းမြင်နေရဆဲပင် ရှိသေးသည်)

သူ အမီလိုက်သွားဖို့ ဆုံးဖြတ်လိုက်၏။ သူမ မေးသည့်မေးခွန်း၏အဖြေကို သူ့ရင်ထဲက သိသည်။ သို့မဟုတ် သိသလိုလိုရှိသည်။ စကားလုံးတွေဖြင့် တိတိကျကျရှင်းပြနိုင်ဖို့တော့ မသေချာ။

သို့သော် သူမကို အမီလိုက်သွားပြီး စကားတစ်ခွန်းနှစ်ခွန်းလောက်တော့ ပြောကြည့်ချင်သေးသည်။

သူမ စီးသော ဆိုက်ကားက ဘီးလိမ့်ထွက်ခွာနေပြီ အစပျိုး နေလေပြီ။ ကိစ္စတော့ မရှိ။ ဂိတ်တွင် အခြားဆိုက်ကား ငါးစီး ခြောက်


www.burmeseclassic.com

www.burmeseclassic.com

စီးခန့် ကျန်နေသေးသည်။

သူ ဆိုက်ကားဂိတ်ဆီသို့ ပြေးသွားပြီး အနီးဆုံးဆိုက်ကားသရာ တစ်ယောက်ကို…

"နောင်ကြီး…ဆိုက်ကားငှားချင်လို့ တဆိတ်…မြန်မြန်လေး"

"မရတော့ဘူးကွဲ့"

ဆိုက်ကားသမားကြီးက ခေါင်းကို ခါယမ်းလျက် အဖြေပေးကာ ခရီးသည်မပါသော သူ့ဆိုက်ကားကို နင်းရင်း စတင် ထွက်ခွာစပြုသည်။

ကျန်ဆိုက်ကားများကလည်း ခရီးသည်မပါဘဲ ထွက်တော့မည် ဟန် ပြင်နေကြ၏။

သူ နားမလည်တော့…။

"ဗျာ…ဘာဖြစ်လို့လဲ"

"စောစောက သူငယ်မက တို့ဂိတ်က ဆိုက်ကားတွေအားလုံးကို ငှားသွားပြီးပြီ။ အားလုံး သူ့ကို လိုက်ပို့ဖို့ပြောပြီး ပိုက်ဆံပေးသွားတယ်"

"ဟင်…"

သူ့အာမေဋိတ်သံမဆုံးခင်မှာပင် ဂိတ်မှ ဆိုက်ကားတွေအားလုံး ထွက်ခွာသွားကြသည်။

အဖြူရောင် စစ်တူရင်နယ်ရှပ်ကလေးနှင့်တူသော သူမက အလယ်ခေါင်မှ ဆိုက်ကားတစ်စီးပေါ်တွင် ထိုင်လျက်။ ကျန်ဆိုက်ကား ခြောက်စီးက (သူမ စီးသော ဆိုက်ကားကို)ဝန်းရံလျက်။

တရွေ့ရွေ့ဝေး၍ ဝေး၍ ထွက်ခွာသွားကြတော့သည်။

●

လမ်းလယ်ခေါင်တွင် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ကျန်ရစ်ခဲ့သူက သူတစ်ယောက်တည်း။

●



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကားခုနစ်စီးဖြင့် ရှင်လောင်းလှည့်သလိုလို၊ အလှူခံထွက်သလိုလို အုန်းကြောင်းကြောင်းဖြင့်ကွင်းကို နောက်ဘက်ဆီမှ ရပ်ငေးကြည့်ရင်း အော်ဟစ်ရယ်မောလိုက်ချင်စိတ်နှင့်အတူ ရင်ထဲမှာ အခံရခက်သလို ဖြစ်မိ၏။

ဘဝမှာ...

(တစ်ရက်တည်းနှင့် သူ့အပေါ် နှစ်ကြိမ်တိတိ အနိုင်ယူပြသွားနိုင်ခဲ့သော)

အဲသည် ကောင်မလေးကို

သူ

လန့်ပြီး ချစ်လိုက်မိသည်။

●

အချစ်သည် သွားကိုက်ခြင်းနှင့် ခပ်ဆင်ဆင်တူပါသည်။ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့မခံစားရဖူးဘဲနှင့် အဲသည်ဝေဒနာကို နားလည်နိုင်လိမ့်မည် မဟုတ်ပါ။

●●●



www.burmeseclassic.com

www.burmeseclassic.com

ဖွင့် ဟ ထန် ခံ ချက် (၄)

ကျွန်တော် အဲဒီလိပ်ပြာဖြူမလေးကို တကယ်ချစ်တာပါလို့ ပြောရင် ခင်ဗျားတို့ ယုံမှ ယုံကြပါ့မလား မသိဘူး။

(တကယ်ဆို ကျွန်တော်ဆိုတဲ့ကောင်က ကိုယ့်ကို မယုံသင်္ကာ ဖြစ်တာတွေ၊ စွပ်စွဲတာတွေကို ပြန်ပြီး ဖြေရှင်းပြတာတို့ ဘာတို့ သိပ်လုပ် လေ့လုပ်ထရှိတဲ့ ကောင်စားမျိုး မဟုတ်ဘူး။ ဖြေရှင်းရတာကို ပျင်းလို့)

ဒီတစ်ခါတော့ ဘယ်လိုဖြစ်သလဲ မသိဘူး။ ကျွန်တော် သူမကို 'တကယ်ချစ်တာပါ'ဆိုတာကို ခင်ဗျားတို့ မယုံဘဲနေမှာ အရမ်းကြောက် နေတယ်။

ဒုက္ခပါပဲဗျာ…။

မိန်းမတစ်ယောက်ကို ချစ်မိပြီဆိုရင် အဲဒီလိုမျိုးပဲ ကိုယ့်အကျင့် စရိုက်တွေ၊ ဗီဇဥာဉ်တွေဟာ ပြောင်းလဲသွားတတ်သလားဟင်…။ သူမကို ချစ်မိတာနဲ့ပဲ ကျွန်တော်ဟာ ပြောင်းလဲသွားရတော့မှာလား။

'ကျွန်တော်'ဟာ 'ကျွန်တော်'မဟုတ်ဘဲ ဖြစ်သွားတော့မှာလား ဟင်…။

အဲဒီ လိပ်ပြာဖြူမလေးရဲ့နာမည်က သိပ်လှတယ်။



www.burmeseclassic.com

www.burmeseclassic.com

'သိမ်းမစည်း' . . . တဲ့။

သူမက ဒီနှစ်မှ ကျောင်းစတက်တာကိုး။ ဒါကြောင့် ကျွန်တော် အရင်က မမြင်ဘူးခဲ့တာပေါ့။

ကျွန်တော် သူမကို ချစ်ခွင့်ပန်ခဲ့ရပုံကလည်း မြွေတစ်ကောင် အကိုက်ခံရသလိုမျိုးပါပဲ။

အဲဒီနေ့က ကျွန်တော့်မွေးနေ့ပေါ့။

●

ကျွန်တော့်မွေးနေ့ကို ဘယ်လိုကျင်းပရင် ကောင်းမလဲလို့ ကျွန်တော် စဉ်းစားတယ်။ ကုသိုလ်ကောင်းမှုတစ်ခုခုတော့ လုပ်ချင်မိတာ အမှန်ပဲ။ ကျွန်တော်က တစ်နှစ်ပတ်လုံး အကုသိုလ်တော်တော်များခဲ့တဲ့ ကောင်ကိုး။

ဒါပေမဲ့ တခြားလူတွေလိုလည်း ဘုရားသွားတာတို့၊ အလှူ အတန်းလုပ်တာတို့၊ ဘုန်းကြီးဆွမ်းကပ်တာတို့ သိပ်လုပ်ချင်စိတ် မရှိဘူး။

ဘယ်သူမှ စိတ်မကူးမိသေးတဲ့ 'အသစ်' တစ်ခုခု လုပ်ချင်တယ်။ လူတွေအတွက်လည်း တကယ်လက်တွေ့အကျိုးရှိတဲ့ ကိစ္စတစ်ခုဖြစ်ရမယ် လို့ စဉ်းစားလိုက်တယ်။

ဒါနဲ့ ကျွန်တော်က ဘာကို သွားစဉ်းစားမိသလဲဆိုတော့ လော လောဆယ်မှာ လူတွေ စိတ်ညစ်နေရတာက ရုံးသွားရုံးပြန်၊ ကျောင်း သွားကျောင်းပြန် ဘတ်စကားစီးရတဲ့ ဒုက္ခပဲ။

စပါယ်ယာရဲ့ အော်တဲ့ငေါက်တဲ့ဒဏ်၊ ခရီးသည် ပြွတ်သိပ် အောင်တင်လို့ ကျပ်ညှပ်တိုးဝှေ့နေရတဲ့ဒဏ်၊ ဒရိုင်ဘာတွေရဲ့ ရှမ်းချင် သလောက်ကြာကြာရပ်၊ မောင်းချင်ရင် စည်းမဲ့ကမ်းမဲ့ ရမ်းရမ်းကားကား မောင်းနေတဲ့ ဒဏ်တွေဟာ ခရီးသည်တွေရဲ့ လူ့ဂုဏ်သိက္ခာကို ပြောင် ကျကျ ချိုးဖဲ့စော်ကားတာနဲ့ အတူတူပဲ။

www.burmeseclassic.com

ဒါနဲ့ ကျွန်တော်ဟာ အခမဲ့ခရီးသည်တင် ဘတ်စကားပြေးဆွဲပေးဖို့ အစီအစဉ်တစ်ခု လုပ်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။

လူဟာ လူလို စီးနင်းသွားလာနိုင်ရမယ်ပေါ့။

ကျွန်တော့်မွေးနေ့မှာ အဲကွန်းဘတ်စ်ကားတစ်စင်းကို တစ်နေ့လုံးစာ ပုတ်ပြတ်ငှားလိုက်တယ်။ ပြီးတော့ မြို့ထဲသွားတဲ့ ခရီးသည်တင်ဘတ်စကားလိုင်းအတိုင်း အခေါက်ခေါက်အခါခါ မောင်းနိုင်းတော့တာပဲ။

တွေ့သမျှ ခရီးသည်ကို အခမဲ့တင်တယ်။ ကျပ်ညပ်နေအောင်လည်း မတင်ပါဘူး။ ချောင်ချောင်ချိချိ နေရာထိုင်ခင်းနဲ့ဘာနဲ့ စီးရအောင်လို့ပါ။ ဒါဆို (ကျွန်တော်နဲ့အခါအခွင့်ကြုံလို့ ဆုံလိုက်တဲ့လူတွေဟာ) တစ်ရက်စာဖြစ်ဖြစ်တော့ စိတ်ချမ်းချမ်းသာသာနဲ့ ရုံးတက်၊ ကျောင်းတက်နိုင်ကြမယ် မဟုတ်လား။

ကျွန်တော်လား...။ ကျွန်တော်ကတော့ စပယ်ယာပေါ့။ ကားအတက်အဆင်းပေါက်ဝမှာ တွဲလောင်းခိုပြီး...

"မြို့ထဲကို...မြို့ထဲကို...။

တာမွေဘက်က သွားမှာ။ အန်တီ...လိုက်ခဲ့ပါလား။ ကားခမယူပါဘူး အခမဲ့ပါ။

အဘ ဖြည်းဖြည်းဆင်း...ဖြည်းဖြည်း။ ပေးပေး...။ အဘရဲ့အိတ်ကို ကျွန်တော် ကူပြီးချပေးမယ်။

ဆွဲ...ဆရာရေ"

စသဖြင့် မျိုးစုံအော်လိုက်ရတာ လည်ချောင်းကို နာရောပဲ။ စပယ်ယာလုပ်ရတာ မလွယ်ပါဘူး။ ကိုယ်တိုင်လုပ်ကြည့်မှ သိတယ်။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ တချို့ခရီးသည်တွေကျတော့ စိတ်တိုချင်စရာပဲ။ သိတတ်မှု လုံးဝမရှိဘူး။ တခြားခရီးသည်တွေကို စာနာထောက်ထားမှုလည်း သုညပဲ။ လူလိုစီးရအောင် လုပ်ပေးတာတောင်မှ ကိုယ့်ကိုယ်ကို လူပီသအောင် မနေတတ်ကြတဲ့ သူတွေပေါ့။

ဒါပေမဲ့ အားလုံး ခြုံငုံပြီးပြောရရင် အဲဒီ ကျွန်တော့်မွေးနေ့



www.burmeseclassic.com

www.burmeseclassic.com

အစီအစဉ်ဟာ တော်တော်စိတ်ချမ်းသာစရာ ကောင်းတယ်။

ကျွန်တော် အရမ်းပျော်တာပဲ။

●

ဒါနဲ့ ညနေ ၅း၀၀ နာရီလောက်မှာ ကားဒရိုင်ဘာကို ကျောင်းဘက်ဆီကို မောင်းပေးဖို့ ပြောလိုက်တယ်။

သိမ်းမစည်းရဲ့ ကျောင်းပြန်ချိန်ဆိုတော့ ဘာကယ်လို့များ တိုက်တိုက်ဆိုင်ဆိုင် ဟောဒီဘတ်စ်ကားကို သူမများ စီးမိရင် ကောင်းမှာပဲလို့ စိတ်ကူးယဉ်ပြီးတော့ပေါ့လေ။

စိတ်ကူးယဉ်ရုံပဲ ယဉ်တာပါ။ တကယ်တမ်း အဲဒီလိုအတိအကျကြီး တိုက်ဆိုင်ဖို့ဆိုတာတော့ အတော်ခဲယဉ်းတယ် မဟုတ်လား။ ကျောင်းလွှတ်ချိန်ကလည်း အတော်လေး လွန်နေပါပြီ။

ဒါပေမဲ့ တစ်ခါတလေမှာ လောကကြီးဟာ အံ့သြစရာကောင်းလောက်အောင်ကို နေသားတကျ ဖြစ်တတ်တာပဲဗျာ။ အရမ်းကြီးမျှော်လင့်မထားတဲ့ ဆုတောင်းတွေဟာ ပြည့်ဝတတ်တယ်ဗျ…သိလား။

ကျွန်တော်တို့ ဘတ်စ်ကားက ကျောင်းရှေ့မှတ်တိုင်မှာ ထိုးရပ်လိုက်တဲ့အခါကျတော့ ကားစောင့်နေတဲ့ ခရီးသည်ဆိုလို့ သူမ တစ်ယောက်တည်းကိုပဲ တွေ့ရတယ်။

သူမက ကားလိုင်းနံပါတ်ကို တစ်ချက်လှမ်းကြည့်ပြီး ထုံးစံအတိုင်း ထမင်းချိုင့်လေးကို လက်ကဆွဲ၊ စာအုပ်တွေကို ရင်ခွင်မှာပိုက်ပြီး ကားပေါ် တက်လာတယ်။

ကျွန်တော့်ကိုတော့ သတိထားမိပုံ မပေါ်ဘူး။ ဒါပေမဲ့ သူမရဲ့မျက်ဝန်းက ကားတစ်စင်းလုံးကို ဖျတ်ခနဲ ဝေ့ကြည့်ပြီး တစ်ခုခုစ်ရာကို မယုံနိုင်သလို ဖြစ်သွားပုံရှိုးပဲ။

'ဘယ်လိုဖြစ်တာပါလိမ့် ဒီကားက လူရှောင်းလှချည်လား'


www.burmeseclassic.com

www.burmeseclassic.com


ဆိုတဲ့ အတွေးမျိုးပေါ့။ ဟုတ်လည်းဟုတ်ပါတယ်။ အဲဒီအချိန် တုန်းက ဘတ်စကားတစ်စင်းလုံးမှာ ခရီးသည်ခြောက်ယောက်၊ ခုနစ် ယောက်လောက်ပဲ ကျန်တော့တာ။ သူမက ကားဒရိုင်ဘာကို လှမ်းမေး တယ်။

"ဒီကားက ငွေကြာယံရိပ်သာဘက် ရောက်လားဟင်..."

"ရောက်ပါတယ်...။ မင်းသွားချင်တဲ့နေရာအထိ ရောက်အောင် ပို့ပေးမှာပါ။ ကဲ...ခွဲဆရာရေ့"

သူမရဲ့မေးခွန်းကို ဒရိုင်ဘာကိုယ်စား ကျွန်တော်က ဝင်ဖြေ လိုက်တဲ့အတွက် သိမ်းမစည်းရဲ့အကြည့်က ကျွန်တော့်ဆီ ဖျတ်ခနဲ ရောက် လာတယ်။

ကျွန်တော့်ကိုတော့ သူမက မြင်မြင်ချင်း မှတ်မိသွားတယ်။ ဒီတစ်လလုံးလုံး သူမရဲ့နောက်ကို တကောက်ကောက်လိုက်နေခဲ့တာ ဆိုတော့ ကျွန်တော့်ကို သိနေပြီပေါ့။ ဒါကြောင့် ထင်ပါရဲ့ အရင်ကလိုပဲ အေးစက်စက်လေသံနဲ့...

"ဒါက...ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ပါဘူး။ အလှူတစ်ခုလို့ပဲ ဆိုပါစို့။ ခရီးသည်တွေအတွက် စိတ်ချမ်းသာမှုကို လှူတာပါ"

"အလှူရှင်က ရှင်ပဲထင်ပါရဲ့။ ဟုတ်လား..."

"ဟုတ်တယ်...။ ဒီနေ့ ကိုယ့်မွေးနေ့လေ။ မွေးနေ့ပွဲလုပ်ပြီး ကျွေးမွေးစားသောက်ပစ်လိုက်လို့ ကုန်သွားမယ့်အစား အခုလို ဘတ်စကား တစ်စင်းငှားပြီး ခရီးသည်တွေကို ပို့ပေးလိုက်တော့ ငါးမိနစ်၊ ဆယ်မိနစ် စာလောက်လေးပဲဖြစ်ဖြစ် သူတို့စိတ်ချမ်းသာသွားရတာပေါ့။ ဘာကြေးညီး မှ ကြီးကြီးကျယ်ကျယ် မှတ်တမ်းတင်စရာမလိုတဲ့ အလှူရိုးရိုးလေးပါ။ မင်း ကိုယ့်ကို သာဓုမခေါ်ချင်ဘူးလား သိမ်းမစည်း"

"ဟင့်အင်း...မခေါ်ချင်ပါဘူး"

သူမက ချက်ချင်းပဲ တုန့်ပြန်တယ်။ ကျွန်တော်က ...



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ…"

"ရှင့်အတွက်နဲ့ရှင် ကောင်းမယ်ထင်လို့ လုပ်တာပဲ။ ခရီးသည်တွေ စိတ်ချမ်းသာဖို့ဆိုတာက ဒုတိယဦးစားပေးကိစ္စပါ။ တကယ်တော့ ဒီလိုလုပ်ရင် ကောင်းမယ်လို့ စိတ်ကူးတာက ရှင်ပဲလေ။ ကိုယ့်စိတ်ကူး အကောင်အထည်ပေါ်လို့ အရင်ဆုံး စိတ်ချမ်းသာရတာကလည်း ရှင်ပဲ မဟုတ်လား"

တော်တော် ကပ်သီးကပ်သပ်ပြောတတ်တဲ့ ကောင်ဆိုးမလေးပဲ။ စစ်တုရင်ခုံပေါ်မှာလိုမျိုး အမှန်တရားကို ချောင်ပိတ်ဖမ်းထားတာဆိုတော့ ငြင်းလို့လည်း မရဘူး။

'ဟုတ်တော့ ဟုတ်ပါတယ်'လို့လည်း မဖြေချင်ဘူး။ တော်ကြာ 'ဟုတ်တယ်'နဲ့ 'ဟုတ်တော့ဟုတ်ပါတယ်' ဘာကွာခြားသလဲလို့ ဆက်မေးနေရင် ဖြေရခက်ဦးမယ်။

ကျွန်တော် ခေါင်းကုတ်ပြီး စဉ်းစားနေတဲ့အချိန်မှာပဲ ဘတ်စကားက ပင်လုံမှတ်တိုင်မှာ ရပ်လိုက်တော့ ခရီးသည်တွေအားလုံး ဆင်းသွားကြတယ်။

ကျွန်တော်က ကားဒရိုင်ဘာကို ခရီးသည် ထပ်မတင်တော့ဘဲ သူမ နေတဲ့ ပါရမီငွေကြာယံရိပ်သာဆီကို တောက်လျှောက် မောင်းနိုင်းလိုက်တော့တယ်။

Air Con ဘတ်စကားကြီးတစ်စင်းလုံးပေါ်မှာ ကျွန်တော်နဲ့ သူမ နှစ်ယောက်တည်း…။

သူမက…

"ရှင့်ကို ကားခ ဘယ်လောက်ပေးရမလဲ"

"ပေးစရာ မလိုဘူးလေ။ ဒါ…အလှူလုပ်တာပါလို့ဆို"

"ရှင့်အလှူကို ကျွန်မက အသိအမှတ်မပြုဘူးလို့ ပြောပြီးပြီ။ ကျွန်မ ရှင့်ဘတ်စကားကို အလကား မစီးချင်ဘူး"

"ဒါဆို ကိုယ်လိုချင်တဲ့ ကားခကို တောင်းရမလား"

"ပြောပါ…ကျွန်မ တတ်နိုင်ရင် ပေးမှာပေါ့။ မတတ်နိုင်ရင်တော့


www.burmeseclassic.com

www.burmeseclassic.com

ရှင့်ကားကို ရပ်ခိုင်းပြီး ကျွန်မ ဆင်းနေခဲ့ရုံပဲ''

ကျွန်တော်က ပန်းနှစ်ဖက်ကိုအသာတွန်းပြလိုက်တယ်။ ကျွန်တော် မာယာတွေ မသုံးချင်ဘူး။ သုံးလည်း မသုံးရဲပါဘူး။

သူမဟာ ကျွန်တော့်အတွက် တုန်လှုပ်ခြောက်ချားစရာ မေးခွန်း တစ်ခုဖြစ်တယ်။ သူမဟာ နားလည်ရခက်တဲ့ ပဟေဠိတစ်ပုဒ်လည်း ဖြစ်တယ်။

ကျွန်တော် သူမကို အရိုးသားဆုံးဆက်ဆံဖို့ ဆုံးဖြတ်လိုက် တယ်။ ဒါနဲ့...

''ကိုယ်လိုချင်တဲ့ ကားခက နိုးရိုးလေးပါပဲ။ မင်း တက်နိုင်မှာပါ''

''ဘာများပါလိမ့်''

'''ကိုယ့်ကို တစ်ချက်လောက် ပြုံးပြပါ''

ကျွန်တော်ရဲ့တောင်းဆိုမှုက သူမကို လျှောင်လှုပ်သွားစေသလို မျိုးပဲ။ သူမက စူးခနဲ ကြည့်လိုက်ရင်း...

''ဘာဖြစ်လို့ ရှင်က ကျွန်မ ပြုံးပြတာကို မြင်ချင်ရတာလဲ''

''ပြုံးလိုက်ရင် အားလုံးဟာ လှပသွားတယ်၊ ချစ်စရာ ကောင်း သွားတယ်လေ''

သူမက မထီတရီပုံစံနဲ့ ကားမှန်ပြတင်းဘက်ကို ငေးကြည့်ရင်း အေးအေးဆေးဆေးပဲ မေးခွန်းတစ်ခု ထပ်မေးတယ်။

''ဩော်...ဟုတ်လား။ ဒါဆို လင်းတတစ်ကောင်ပြုံးရင်ကော လှသလား မလှဘူးလား ဘယ်သူက သိမှာလဲ''

ကျွန်တော် ခေါင်းကုတ်ရပြန်တယ်။ ခက်တော့ ခက်နေပြီ။ ဒီကောင်မလေးဟာ အဖြေမရှိတဲ့ ပုစ္ဆာတွေကို မေးခွန်းထုတ်တတ်တဲ့ နတ်ဆိုးမလေးပဲ။

(အဲဒီအချိန်မှာပဲ ဘတ်စကားက သူမ နေထိုင်တဲ့ လမ်းထိပ်ကို ရောက်လို့ ထိုးရပ်လိုက်တယ်။ သူမက ကားပေါ်ကဆင်းဖို့ ခြေလှမ်း ပြင်နေပြီ။ ကျွန်တော်က အသက်ရှူသံတွေ ကမောက်ကမတမ်းနဲ့)



www.burmeseclassic.com

www.burmeseclassic.com

သွေးရူးသွေးတန်းနဲ့ ကျွန်တော် လှမ်းပြောလိုက်မိတယ်။

"မသိဘူး၊ မင်း မေးခွန်းတွေအားလုံးရဲ့အဖြေကို ကိုယ် မသိဘူး။ 'ဟုတ်တယ်'နဲ့ 'ဟုတ်တော့ဟုတ်ပါတယ်' ဘာကွာသလဲ ကိုယ် မသိဘူး။ လင်းတတွေပြုံးရင် လှသလား မလှသလားလည်း ကိုယ် မသိဘူး။

ပန်းချီဆရာတွေက ပြောကြတယ်။ အဖြူရောင်ဟာ အမျိုးအစားပေါင်း (၂၃)မျိုးရှိတယ်တဲ့။ ကိုယ် မင်းကိုချစ်တဲ့ အချစ်ဟာ အဲဒီအဖြူရောင်(၂၃)မျိုးထဲက ဘယ်အမျိုးအစားလဲဆိုတာကိုလည်း ကိုယ် မသိဘူး။

ကိုယ်ဟာ ဘာမှ မသိတဲ့ကောင်ပါ။ ဒါပေမဲ့ ကိုယ့်အချစ်ဟာ အဖြူရောင်ဆိုတာတော့ သေချာပါတယ်"

●

ကားပေါ်က ဆင်းသွားတဲ့ သူမဟာ တစ်ချက်နောက်ပြန်လှည့်ကြည့်တယ်။ ပြီးတော့...ပြီးတော့...

သူမ ပြုံးပြသွားတယ်။

(ကြည့်စမ်း...သူမ ပေးချေသွားတဲ့ ကားခက လှပလိုက်တာရှာ)

●


www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ရောက်ရောက်ချင်း မိနစ်ပိုင်းတောင် မဆိုင်းနိုင်ဘူး။ ချက်ချင်းပဲ ဖေဖေ့ကို အဲဒီအကြောင်း ပြောပြလိုက်တယ်။ ဖေဖေရေ ကျွန်တော် တကယ်ချစ်တဲ့ ကောင်မလေးတစ်ယောက်ကို တွေ့ခဲ့ပြီလို့ပေါ့။

ဖေဖေကတော့ ရယ်နေတယ်။ ဖေဖေရယ်ပုံက သူမွေးထားတဲ့ 'ရွှေဂျဲ' ဆိုတဲ့ ကြက်တူရွေးလေး စကားမပီကလာ ပီကလာပြောတတ်လို့ သဘောကျနေတဲ့ ပုံမျိုး။

ကျွန်တော်က အားမလိုအားမရနဲ့…

"တကယ်ပြောတာ ဖေဖေရ…။ သား အခုမှ သိတယ်။ အချစ်ဆိုတာ လုပ်ယူလို့ မရဘူး။ သူ့ဘာသာသူ ပေါ်လာတာမျိုးပဲ"

"ဘယ်လို ပေါ်လာတာလဲ သားရဲ့။ မြောင်းထဲမှာ ခွေးသေကောင်ပုပ်ပေါ်သလိုမျိုး ဘွားခနဲ ပေါ်လာတာလား"

အရေးထဲမှာ ဖေဖေက နောက်နေသေးတယ်။

"မဟုတ်ဘူးလေ ဖေဖေရဲ့။ ရင်ထဲမှာ သူ့ဘာသာသူ ဖြစ်သွားတာ"

"အရင်ကောင်မလေးတွေတုန်းကကော သားကို ဘယ်သူက အတင်းရိုက်ပြီး ချစ်ခိုင်းလို့လဲ။ သားကိုယ်တိုင်ပဲ 'ချစ်တယ်' ဆိုတဲ့ စိတ်အထင်က သူ့ဟာသူ ဖြစ်လာတာ မဟုတ်လား။ အာရုံဆိုတာ အသိခံ

www.burmeseclassic.com

အရာဝတ္ထုရှိတယ်ဆိုရင် သူ့ဘာသာသူ ဖြစ်တဲ့သဘောရှိတာပဲ။ ပါဠိလို တော့ အာရမ္မဏသတ္တိလို့ ခေါ်တာပေါ့ကွာ''

သေပါပြီ။ အချစ်အကြောင်းပြောနေရင်းက ဘယ်လိုဖြစ်ပြီး ပဋ္ဌာန်းကျမ်းထဲက စာတွေဆီကို ရောက်သွားရတာလဲ။ ကျွန်တော် တော်တော်စိတ်ညစ်သွားတယ်။

ဖေဖေ့လက်ထဲက ဖတ်လက်စ စာအုပ်ကို ကြည့်လိုက်တော့ သစ်ချောင်းဆရာတော် ဦးတိလောကရဲ့ ပဏ္ဍိတဝေဒနီယ ဒီပနီကျမ်း။

'ကယ်တော်မူကြပါ' လို့ အသံကုန်အော်ပြီး အိမ်ထဲက ပြေးထွက် သွားချင်စိတ် ပေါ်လာတယ်။ အဲဒီကျမ်းစာအုပ်ကြီးထဲက ဖတ်ထားသမျှ တွေကိုပါ ဖေဖေ ဆက်ပြီး ပြောနေမယ်ဆိုရင်တော့ ဖေဖေနဲ့ကျွန်တော် သားအဖချင်း မုန်းရတော့မယ် ထင်တာပဲ။

လောလောဆယ်မှာ ကျွန်တော် ပြောချင်တာက အချစ် အကြောင်း။ ဒါပဲ...။

''မဟုတ်ဘူး...ဖေဖေရဲ့။ အခုဟာက အရမ်း... အရမ်းချစ်သွား တာ''

''ဟေ...ဟုတ်လား။ တကယ်ချစ်တာနဲ့ အရမ်းချစ်တာဟာ အတူတူပဲလား''

''အဲ...အင်း''

ကျွန်တော် ဘာပြန်ပြောရမှန်း မသိတော့ဘူး။ တအင်းအင်း တအဲအဲနဲ့ ဖြစ်နေတယ်။

ဒုက္ခပါပဲ။ ဖေဖေနဲ့ သိမ်းမစည်းသာ နှစ်ယောက်ပေါင်းမိရင်တော့ မလွယ်ဘူး။ သူတို့နှစ်ယောက်ကို မြန်မာနိုင်ငံတစ်စစ်အဖွဲ့မှာ ခန့်မယ်ဆိုရင် ကျွန်တော်ကတော့ ဖြစ်တဲ့နည်းနဲ့ ကန့်ကွက်ရမှာပဲ။

ကျွန်တော်က...

''တူတူ မတူတူ ဖေဖေရာ။ သားကတော့ သူ့ကို တကယ် လည်း ချစ်တယ်၊ အရမ်းလည်း ချစ်တယ်''



www.burmeseclassic.com

www.burmeseclassic.com


"ဒါဆို အရင်ကောင်မလေးတွေတုန်းကတော့ တကယ်လည်း မချစ်ဘူး။ နည်းနည်းလေးပဲ ချစ်တယ်ပေါ့။ ဟုတ်လား…"

"ဟုတ်တယ်…မေမေ"

"ဒါဆို သားရဲ့စကားက ရှေ့နောက်မညီတော့ဘူးကွ။ သေသေ ချာချာ ပြန်စဉ်းစားကြည့်စမ်း။ 'တကယ်မချစ်ဘူး' ဆိုမှတော့ 'နည်းနည်း လေး ချစ်တယ်' ဆိုတာ ဘယ်ဖြစ်နိုင်တော့မှာလဲ။ 'တကယ်မချစ်ဘူး' ဆိုတဲ့ ပထမအဆိုပြုချက်ဟာ လုံးဝ ငြင်းပယ်တဲ့သဘော။ ဒုတိယ အဆိုပြုချက်က နည်းနည်းလက်ခံတဲ့သဘော ပါနေတယ်။ အဲဒီတော့ တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေတယ် သားရဲ့။ ဒါကို ယုတ္တိဗေဒသဘောနဲ့ ဆင်ခြင်ကြည့်လိုက်မယ်ဆိုရင် နိဂါန်းဟာ…"

"မေမေ…မေမေ။ မေမေလုပ်တာနဲ့ သားတော့ ရှုးတော့မယ် ထင်တယ်။ ဟော…သားမျက်လုံးတွေတောင် ပြာလာပြီ။ အောင်မလေး ဗျာ"

ကျွန်တော်က ကြမ်းပြင်ပေါ် ပစ်လှဲချလိုက်ပြီး အိုက်တင်လုပ်ပြ လိုက်တော့ မေမေက တဟားဟား အော်ရယ်တယ်။ (မေမေကတောင် အခန်းတံခါးဝကနေ ခေါင်းပြူကြည့်ပြီး 'ဒီသားအမတွေ ဆူဆူညံညံနဲ့ ဘာဖြစ်နေကြတာလဲ' လို့ မေးသွားသေးတယ်)

ပြီးတော့မှ မေမေက…

"အေးပါကွာ…။ မေမေ သဘောပေါက်ပါတယ်"

"ဘာကို သဘောပေါက်တာလဲ မေမေ"

"သား အရင်ကောင်မလေးတွေကို ရည်းစားထားခဲ့တာက ချစ် လို့မှ မဟုတ်ဘဲ။ ဟို…ဘာခေါ်မလဲကွာ။ သား ငါးသွားသွားမျှားနေတဲ့ အကျင့်အတိုင်းပဲ မဟုတ်လား"

မေမေပြောလိုက်တဲ့ စကားက ကျွန်တော့်ရင်ထဲမှာ ထင်းခနဲ ဖြစ်သွားတယ်။ ဟုတ်တယ်…။ သိပ်ဟုတ်တာပေါ့။ ဒီအတိုင်းပဲ။

တစ်ခါတစ်ခါ ကျောင်းပိတ်ရက်တွေမှာ မှုန်းရင် ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com

ငါးသွားသွားမျှားလေ့ရှိတယ်။ ပင်လုံရိပ်သာလမ်းထဲက ကန်ကြီးထဲမှာ။

အဲဒီရေကန်ကြီးနဲ့ မျက်နှာချင်းဆိုင် နှစ်ထပ်တိုက်အိမ်က ထိပ်ပြောင်ပြောင်နဲ့ အဘိုးကြီးတစ်ယောက်ကတော့ ကျွန်တော် ငါးမျှားနေတာ တွေ့တိုင်း လာလာပြီး ဟောက်လေ့ရှိတယ်။ 'မင်း...ဘာလဲ။ ဘယ်ကကောင်လဲ'...စသဖြင့်ပေါ့လေ။ ပြီးတော့လည်း ပြောသေးတယ်။

"ဒီရေကန်မှာ ငါး မမျှားရဘူး။ ငါးမျှားရင် ဒဏ်ငွေ သုံးထောင်" ...တဲ့။

အဲဒီအဘိုးကြီးရဲ့စကားကို ကျွန်တော် မကန့်ကွက်ပါဘူး။ ငြင်းလည်း မငြင်းပယ်ဘူး။

နောက် ငါးမျှားဖို့ ထပ်သွားတဲ့အခါတိုင်း ပိုက်ဆံတစ်ထောင်တန် သုံးရွက်ကို အပိုဆောင်သွားလိုက်တယ်။ ငါးမျှားနေတုန်းမှာ အဲဒီပိုက်ဆံကို ကျွန်တော့်ဘေးမှာချပြီး ခဲလုံးနဲ့ ဖိထားတယ်။

အဘိုးကြီးလာရင် ဘာမှ ပြောမနေတော့ဘူး။ အဲဒီပိုက်ဆံကို လှမ်းပေးလိုက်တယ်။ မလာရင်လည်း ပိုက်ဆံကို အဲဒီအတိုင်း ခဲလုံးနဲ့ ဖိပြီး ထားပစ်ခဲ့တာပဲ။ ဟုတ်တယ်လေ...။ သူ့သတ်မှတ်ချက်အတိုင်း ကျွန်တော် လိုက်နာတာပဲ။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ။

ပြီးတော့...ကျွန်တော်က ငါးတွေကိုဖမ်းပြီး အိမ်ကို ယူသွားတာမှ မဟုတ်တာ။ ငါးမျှားတံမှာ မိပြီဆိုတာနဲ့ သုတ်တင်လိုက်တယ်။ ကုန်းပေါ်ရောက်လာရင် အဲဒီငါးကို ချိတ်ကနေဖြုတ်ပြီး ရေထဲပြန်လွှတ်ပေးလိုက်တာပဲ။

ဟုတ်တယ်...။

ကျွန်တော်က ငါးကို 'ဖမ်းလို့မိတယ်ဆိုတဲ့ ခံစားချက်'ကိုပဲ လိုချင်တာ။ 'ငါးကို လိုချင်တာ မဟုတ်ဘူး'။

●



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ရဲ့ အဲဒီခံစားချက်ကို မေမေကတော့ ကောင်းကောင်း နားလည်သဘောပေါက်တဲ့ ပုံပါပဲ။

''ကျေးဇူးတင်ပါတယ် မေမေ''

လို့ပြောပြီး မေမေ့ကို ဦးညွှတ်ကန်တော့လိုက်တယ်။ မေမေက ရယ်မောရင်း...

''အေး...ငါ့သား သွားလေရာ လာလေရာမှာ အန္တရာယ်ကင်း ဘေးရှင်း၊ ခွေးချေး မနင်းမိပါစေနဲ့ကွာ''

...တဲ့။

မေမေ ဆုပေးတဲ့ပုံက မိုက်တယ်နော်...။

●●●

www.burmeseclassic.com

www.burmeseclassic.com

## ■ SCENE 6

စိမ်းလဲ့သော မြက်ခင်းပေါ် နေခြည်ပြောက်တွေ ကျနေသည်။ သစ်ဆိမ့်ပင်ကြီး၏ ခြေရင်းတွင် ရွက်ကြွေတချို့ ငြိမ်ဝပ်နေကြ၏။

ညနေဆည်းဆာသည် သဲဆန်ဆန် မြေသွားလမ်းကလေးကို နွေးထွေးနေစေလေသည်။ ချစ်သူ၏ ခြေအစုံသည် ဒီလမ်းကလေးပေါ်မှ ဖြတ်သန်းလျှောက်လှမ်းကာ ကျောင်းမှ ပြန်လာပေလိမ့်မည်ဟူသောအတွေး ဖြင့်ပင် သူ စောင့်နေသည်။

လေပြေထဲတွင် စံကားဝါပန်းရနံ့တွေ လွင့်ပျံ့လာသည်။

သူ စောင့်နေသည်။ သိမ်းမစည်း ကျောင်းပြန်လာချိန်ကို အရုဏ် ရောင်ခြည်စောင့်သော ငှက်တစ်ကောင်လို သူ ငြိမ်သက်စွာ စောင့်ဆိုင်း နေလေသည်။

●

သူ့ကို မြင်သောအခါ သိမ်းမစည်း၏ ခြေလှမ်းတွေ အနည်းငယ် တုံ့သွား၏။ သို့သော် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


သူက ခပ်တိုးတိုး ခေါ်ငင်လိုက်သည်။

''သိမ်းမစည်း...''

သူမ၏နှုတ်ခမ်း မပွင့်။ မဟ။ အကြည့်ဖြင့်သာ ပြန်ထူးသည်။ သူက...

''မနေ့က ကျွန်တော်ပြောခဲ့တဲ့စကားအတွက် စိတ်များ ဆိုးနေမလားဟင်''

''ခြော်...ရှင်က စိတ်ဆိုးရင် တောင်းပန်ရအောင် လာတာလား''

''တောင်းပန်ဖို့ မဟုတ်ပါဘူး။ အဖြေတောင်းဖို့ပါ''

''ရှင်...။ အဖြေ...။ ဟုတ်လား''

သူ ခေါင်းညိတ်လိုက်သည်။ ထို့နောက်...

''ဒီလိုလေ...။ ကိုယ့်ဘက်ကခံစားချက်ကို မင်းသိအောင် ကိုယ်ဖွင့်ပြောခဲ့ပြီးပြီ။ မင်းကကော ကိုယ့်အပေါ်မှာ ဘယ်လို စဉ်းစားပေးမှာလဲ။ အဲဒါကို သိချင်တာပါ''

''ခုချိန်ထိတော့ ဘာကိုမှ စဉ်းစားပေးဖို့ မလိုသေးဘူးလို့ ထင်ပါတယ်''

''ဘယ်လို...''

သူ အနည်းငယ် အံ့အားသင့်သွား၏။ ထို့ကြောင့် ဆက်ပြီး မေးလိုက်သည်။

''ဘာဖြစ်လို့လဲ...ဟင်။ ကိုယ် သိခွင့်ရှိနိုင်မလား''

''ကျွန်မကို လမ်းပေါ်မှာတွေ့လို့ လိုက်ပြီး ရည်းစားစကားပြောရုံနဲ့ ကျွန်မက အဲဒီလူအကြောင်း ခေါင်းထဲထည့်ပြီး စဉ်းစားပေးရမယ်ဆိုရင် သိပ်ညံ့ဖျင်းတဲ့ မိန်းမတစ်ယောက် ဖြစ်သွားမှာပေါ့။ မဟုတ်ဘူးလား''

''ဟာ...မဟုတ်ဘူး...မဟုတ်ဘူး။ ကိုယ် မင်းကို အဲဒီလို သဘောထားတာ မဟုတ်ဘူး။ ရင်ထဲက တကယ့်မေတ္တာ...''


www.burmeseclassic.com

www.burmeseclassic.com

သူ ပျာပျာသလဲ ရှင်းပြမည်ပြုစဉ်မှာပင် သူမက လက်ကာပြပြီး တားသဖြင့် စကားကို ဖြတ်လိုက်ရ၏။

သူမက…

"မေတ္တာတရားအကြောင်းကို ပြောဖို့ ဒီနေရာမှာ စောလွန်းပါသေးတယ် ကိုခေါင်ဗညား။ ကျွန်မ အရင်ဆုံး ပြောချင်တာက လူလူချင်း ဆက်ဆံတဲ့နေရာမှာ တစ်ယောက်ကိုတစ်ယောက်က ဘယ်လို တန်ဖိုးထားသလဲဆိုတဲ့ ကိစ္စပါ"

"ကိုယ် ဆက်ဆံတဲ့ပုံက မင်းကို တန်ဖိုးမဲ့သွားအောင်လုပ်သလို ဖြစ်နေရင် တောင်းပန်ပါတယ်။ ကိုယ်တကယ် မရည်ရွယ်ခဲ့ပါဘူး သိမ်းမစည်း။ ကိုယ် မင်းကို အရမ်းတန်ဖိုးထားပါတယ်"

သူ အလေးအနက် တောင်းပန်လိုက်သည်။ သူမ၏ မျက်ဝန်းတွေထဲကို လှမ်းကြည့်လိုက်တော့လည်း ပကတိ ကြည်ကြည်လင်လင် အေးချမ်းနေ၏။

ဒါသဖြစ်နေတာတော့ မဟုတ်လောက်ဘူးဟု တွေးကာ သူ အားတက်လာသည်။ ထို့ကြောင့် သူကပင် ဆက်၍…

"လမ်းပေါ်မှာ တွေ့ရုံနဲ့ မိန်းကလေးတစ်ယောက်ကို လိုက်ပြောကြည့်လို့ ရရင်လည်း အမြတ်၊ မရရင်လည်း အရှုံးမရှိပါဘူးဆိုတဲ့ သဘောထားမျိုး မင်းအပေါ်မှာ ကိုယ် မထားခဲ့ပါဘူး။ ယုံပါ…"

သူမက သူ့မျက်နှာကို စေ့စေ့စပ်စပ်ကြည့်သည်။ တစ်ခဏမျှကြာအောင် မျက်လုံးချင်းဆိုင်၍ ကြည့်မိကြပြီးနောက်…

"ကျွန်မကလည်း အားလုံးကို သံသယနဲ့ ကြည့်တတ်တဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး"

"ယုံကြည်ပါ သိမ်းမစည်း။ အရာရာကို ယုံကြည်တဲ့သူဟာ ငြိမ်းချမ်းတယ်တဲ့"

သူမ၏ ဖြူရော်ရော်နှုတ်ခမ်းကလေးများ အနည်းငယ်တွန့်၍ ပြုံးသည်ဆိုရုံမျှ ပြုံး၏။ ထို့နောက်…

www.burmeseclassic.com


"ကျွန်မ လမ်းသွားတိုင်း ရှင်က အခုလိုလိုက်ပြီး ရင်ဖွင့်နေမယ်ဆိုရင်တော့ ငြိမ်းချမ်းနိုင်မယ် မထင်ဘူး"

"ဝမ်းနည်းပါတယ်ကွာ။ ကိုယ် ချစ်နေတယ်ဆိုတာကို မင်းသိအောင်လုပ်ဖို့ ဒီတစ်နည်းပဲ **ရှိလို့ပါ**"

"လမ်းပေါ်မှာလိုက်ပြီး **ရည်း**စားစကားပြောတာမျိုးကို ကျွန်မ မစဉ်းစားပေးနိုင်ဘူးလို့ စောစောက ပြောခဲ့ပြီးပြီပဲ"

"ဒါဆို...ကိုယ် ဘယ်လိုလုပ်ရမှာလဲ"

"ရှင့်ဘက်က တကယ်ရိုးသားတယ်ဆိုရင် ကျွန်မအိမ်ကို လာခဲ့ပါ။ ကျွန်မရဲ့ အဖေအမေရှေ့မှာ ကျွန်မကို ချစ်ခွင့်ပန်ရဲတဲ့ အဖြူရောင်သတ္တိတော့ ရှိဖို့လိုလိမ့်မယ် ကိုခေါင်ဗညား"

"ဘယ်လို...။ အဖေအမေရှေ့မှာ...။ ဟုတ်လား"

သူ တုန်လှုပ်သွား၏။ အဲသည်ကောင်မလေးဟာ သူမ ပြောနေကျ မေးခွန်းတွေလိုပဲ ချောင်ပိတ်ဖမ်းတဲ့ ပုစ္ဆာတစ်ပုဒ်လားဟု သူ တွေးလိုက်မိသည်။

သူမက...

"ဟုတ်တယ်လေ။ ရှင့်ကို အဖြေပေးဖို့ မစဉ်းစားခင်မှာ ရှင့်အချစ်ရဲ့တန်ဖိုး။ ရှင့်အချစ်ရဲ့ ရိုးသားမှုကိုတော့ ကျွန်မ အရင်ဆုံးသိဖို့လိုတယ် ထင်တာပဲလေ"

"ဒါပေမဲ့...ဒါပေမဲ့...ထုံးစံကတော့ မိန်းကလေးရဲ့အချစ်ကို ရပြီးမှ အဲ...ဟိုဒင်း...လက်ထပ်ဖို့ လူကြီးမိဘရှေ့မှာ ပြောရတာ မဟုတ်လား။ အခုကျတော့ ရည်းစားစကားပြောတာတောင်မှ မိဘရှေ့မှာ ပြောရမယ်ဆိုတော့ တစ်ခါမှ ထုံးစံမရှိ..."

"ထုံးစံဆိုတာ လူက လုပ်တာပါ"

အစဉ်အလာဟောင်းများကို စွန့်ပယ်ချင်သော 'အချစ်'ကို တပ်မက်သော ခေါင်ဗညားသည် သူမကို အံ့သြခြောက်ချားစွာ ငေးကြည့်နေမိသည်။ ပြီးမှ...

www.burmeseclassic.com

"ဒီလိုဆို မင်းက မိဘတွေရဲ့ အဆုံးအဖြတ်ကိုပဲ နာခံမယ်ဆိုတဲ့ သဘောပေါ့"

"ကျွန်မရဲ့မိဘတွေက ကျွန်မကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပေးထား ပါတယ်"

"ဪ…"

အနည်းငယ် စိတ်သက်သာရာ ရသလိုတော့ ခံစားရသည်။ သက်ပြင်းကို တိတ်တဆိတ်ချရင်း ဟူး…ရည်းစားစကားပြောရမှာတောင် မလွယ်ပါလားဟု တွေးမိ၏။

သူမက…

"ကဲ…ကျွန်မ သွားလိုက်ပါဦးမယ်"

"အိုကေ…သန်ဘက်ခါ ညနေသုံးနာရီကျရင် မင်းအိမ်ကို ကိုယ် အရောက်လာခဲ့မယ်။ ကျေးဇူးပြုပြီး ကိုယ့်ကို စောင့်နေပေးပါ"

သွေးအေးသော လူသတ်သမားတစ်ယောက်၏ အပြုံးမျိုးဖြင့် သူမ ခေါင်းညိတ်ပြသည်။

●●●


www.burmeseclassic.com

www.burmeseclassic.com


## ■ SCENE 7

ချစ်သူ၏အိမ်ကိုသွားတွေ့ရမည်ဆိုသောအခါ သူ့ကို သူငယ်ချင်းများက တစ်ယောက်တစ်ပေါက်ဝိုင်းပြီး အကြံပေးကြ၏။ ဝင်းထွဋ်က…

''ယကြားချော့သွားဖို့တော့ လိုမယ်ထင်တယ်ကွ။ ဒီလိုလုပ်ကွာ၊ စိမ်းနေတာတွေ ကျော်သွားအောင် အစိမ်းကြော်စားသွား''

''ငါ့ဆီမှာ ဘိုးတော်တစ်ပါးပေးထားတဲ့ ဓါတ်လုံးရှိတယ်ကွ။ လိုလိုမယ်မယ် ပါးစပ်ထဲ ငုံသွားပါလား''

''မင်းဟာက ဓါတ်လုံးမဟုတ်ပါဘူးကွာ။ ဆိုက်ကားဘောစိကြီးပါ''

ကောင်းရာကောင်းကြောင်း အကြံပေးကြသည်တော့ မဟုတ်။ သူတို့အကျင့်အတိုင်း ပေါက်တတ်ကရ စုံအောင်ပြောပြီး ဟားနေကြခြင်းသာ ဖြစ်၏။ စိုးနိုင်က…

''ငါတို့တကြိုး မိန်းမသွားတောင်းတုန်းကတော့ ရွာစောင့်နတ်ကို ကွမ်းဖိုးရေဖိုး ဆက်ရတယ်ဆိုပဲ''

နေမျိုးက ပခန်း ကိုကြီးကျော် နတ်သီချင်းကိုအသံနေအသံထားဖြင့်…


www.burmeseclassic.com

www.burmeseclassic.com

"မူးလဲတုန်းက ဒူးပြဖူးတယ် ဒို့ကိုကြီးကျော်…ဆိုတဲ့ နတ်လား"

"မဟုတ်ဘူးကွ။ ရေနံပိုင် ဦးရှင်ကြီး"

"ပေါက်ကရတွေကွာ။ ရေငံပိုင် ဦးရှင်ကြီးပဲ ကြားဖူးပါတယ်"

"ငါပြောတဲ့ ဦးရှင်ကြီးက ရေနံချေးရောင်းတယ်ကွ"

တဖြည်းဖြည်းနှင့် သူတို့ပြောနေကြပုံက စင်ပေါ်မှာ မျက်လုံးထုတ်နေကြသလိုမျိုး အတိုင်အဖောက်တွေ ပါပါလာသည်။ ကြာလျှင် ဆုံးတော့မှာ မဟုတ်။

ဇော်ဇော်ဦးက ဝင်၍…

"သွားသာ သွားလိုက်ပါကွာ။ အဆင်ပြေမှာပါ။ ငါ ထင်တာတော့ မင်းကို မြင်ကြတဲ့သူတိုင်း ခင်ကြမင်ကြလိမ့်မယ် ထင်တာပဲ။ မင်းမှာ 'ချစ်မွေး' ပါပါတယ်ကွာ"

တစ်ခါနှစ်ခါ တွေ့ဖူးရုံမျှနှင့် ခင်မင်စရာကောင်းသူများကို လူကြီးသူမတို့က 'ချစ်မွေးပါသည်' ဟု ဆိုစမှတ်ပြုတတ်ကြ၏။

သို့သော် ခက်နေသည်က အဲဒီအမွေးသည် ဘယ်နေရာတွင် ပေါက်နေသော အမွေးအမျှင်မှန်းလည်း မသိရ။ သူက…

"နေစမ်းပါဦး ဇော်ဦးရ။ မင်းပြောတဲ့ အဲဒီချစ်မွေးက ငါ့ရဲ့ ဘယ်နေရာနားမှာ ပေါက်နေတာလဲ။ ခြေသလုံးမှာလား ချိုင်းကြားမှာလား။ ဒါမှမဟုတ် သူ့ဘာသာသူ တစ်ပင်တည်း သပ်သပ်ပေါက်နေတာလား"

"ငါ့လခွေး။ ဒါတော့ ဘယ်သိမလဲဟ။ မင်းက ဘာလုပ်မလို့လဲ"

"ဩော်…ဒီလိုလေကွာ။ သိမ်းမစည်းတို့အိမ်သွားတဲ့အခါကျရင် အဲဒီအမွေးလေးကို ဖြတ်ခနဲဆွဲနုတ်ပြီး ငါ့လက်ထဲမှာ ကိုင်သွားမယ်လေ။ သိမ်းမစည်းရဲ့ အဖေအမေနဲ့ တွေ့တဲ့အခါကျရင် အဲဒီအမွေးလေးကို ငါ့လက်ညှိုးနဲ့ လက်မကြား ညှပ်ကိုင်ပြီး သူတို့မျက်စိရှေ့နားမှာ ခါချပတ် မွှေ့ပြလိုက်မယ်။ အဲသည်လိုလုပ်လိုက်ရင် အဘိုးကြီးကော၊ အဘွားကြီးကော နှစ်ယောက်စလုံး မြေကြီးပေါ်မှာ လူးလိမ့်ပြီး 'အမယ်လေး


www.burmeseclassic.com

www.burmeseclassic.com


မောင်ခေါင်ဗညားရယ်…မင်းကို မြင်မြင်ချင်း ခင်လိုက် မင်လိုက်ရတာ သေလူမတတ်ပါပဲကွယ်။ တို့ကိုသနားရင် နည်းနည်းလောက်တော့ ပြန်ခင်ပါနော်'…ဘာညာနဲ့ အော်သွားမှာပဲ။ အဲ… အခုကျတော့ အဲဒီအမွှေးက ဘယ်နားမှာသွားပြီး ပေါက်နေမှန်းမသိတော့ ခက်နေတာပေါ့ကွ"

သူက ဟန်ပါပါဖြင့် ညည်းပြသောကြောင့် ဇော်ဇော်ဦးက ရယ်သည်။ ထိုစဉ် ဝင်းထွဋ်က ပြုံးစေ့စေ့ဖြင့်…

"ငါ ကြားဖူးတာကတော့ အဲဒီကောင်မလေးရဲ့ အဖေက အငြိမ်းစားယူထားတဲ့ သင်္ချာကထိကဟောင်းဆိုပဲ။ မင်းကို သင်္ချာစာမေးပွဲ စစ်နေဦးမှာလား မသိဘူး။ လိုလို့မယ်မယ် သင်္ချာအလီပေါင်းလေးဘာလေး ကျက်သွားပေါ့ကွာ"

"အောင်မာ…ပိုက်သာဂိုရပ်(စ်)တောင် ဆယ့်ကိုးအလီကို အစအဆုံး အလွတ်ဆိုနိုင်မယ်လို့ မင်း အာမခံနိုင်လို့လား။ ငါ့အထင်တော့ သူ မရလောက်ဘူးနော်"

"ဟော…ဟော…ဟိုမှာ ဉာဏ်လင်းအောင် လာနေတယ်။ သူလည်း ပါရမီမှာ နေတာပဲကွ။ မင်းကောင်မလေးရဲ့အိမ်အကြောင်း သူ သိလောက်မှာပါ။ သူ့ကို ခေါ်ပြီး နည်းနည်းပါးပါး မေးကြည့်ပေါ့"

စိုးနိုင်က ပြောသဖြင့် သူ လက်ဖက်ရည်ဆိုင်မှ ကမန်းကတန်းထပြီး ဆိုင်ရှေ့မှ စက်ဘီးဖြတ်စီးသွားသော ဉာဏ်လင်းအောင်ကို လက်ခုပ်တီးကာ လှမ်းခေါ်လိုက်သည်။

ဉာဏ်လင်းအောင်က သူ့ခေါ်သံကို ကြားသဖြင့် စက်ဘီးကို ပြန်ကွေ့လာ၏။

"ဟေ့ကောင်တွေ…မင်းတို့တစ်ပြုံကြီးစုပြီး ဘာတွေ ကြံကြမလို့ ကြံစည်နေကြတာလဲ"

"ဉာဏ်လင်း…လာကွာ။ လက်ဖက်ရည်သောက်ဦး။ မင်းနဲ့ တိုင်ပင်စရာတစ်ခု ရှိလို့ကွ"


www.burmeseclassic.com

www.burmeseclassic.com

"တော်ပြီကွာ…မသောက်တော့ဘူး။ အချိန်မရှိတော့ဘူးကွ။ ဝါ့ကောင်မလေး ကျူရှင်အဆင်းကို သွားကြိုရဦးမှာ။ အခုတောင် နောက်ကျနေပြီ။ ကဲ…ကဲ ပြောစရာရှိရင် နောက်မှ ပြောတော့ကွာ"

"ဟာ…မဖြစ်ဘူး…မဖြစ်ဘူး။ အခုပြောမှ ဖြစ်မှာ။ ကိစ္စက အရေးကြီးတယ်ကွ"

ဉာဏ်လင်းအောင်က လက်မှနာရီကို တစ်ချက် ဖျတ်ခနဲငုံ့ကြည့်လိုက်ရင်း…

"ကဲ…ဒါဆိုလည်း မြန်မြန်ပြောကွာ။ ငါ နောက်ကျနေလို့မယ်။ ဘယ်သူ့အရှုပ်ထုပ်လဲ။ ဗညားကိစ္စလား"

"အေး…ဒီလိုကွ"

ဉာဏ်လင်းအောင်က နာရီတကြည့်ကြည့်ဖြင့် လောနေသောကြောင့် စိုးနိုင်ကပင် အဖြစ်အပျက်ကို အတိုချုံးပြီး ပြောပြလိုက်သည်။ ထို့နောက်…

"အဲဒါပဲ…ဉာဏ်လင်းရေ။ မနက်ဖြန်ကျရင် ဒီကောင်က အဲဒီအိမ်ကို သွားရမယ်။ ကောင်မလေးရဲ့ အဖေအမေတွေနဲ့ တွေ့ရမယ်။ အဲဒါကြောင့် ကောင်မလေးရဲ့ မိသားစုအခြေအနေကို ကြိုသိထားချင်လို့"

"ဟာ…ဒါလေးများကွာ။ ဘာမှ ပူမနေနဲ့ ဗညား။ ကောင်မလေးမှာ အစ်ကိုတွေ မောင်တွေ မရှိဘူး။ အဲ…အစ်မတစ်ယောက်ပဲရှိတယ်။ တက္ကသိုလ်ကျောင်းသူပဲ။ မင်းတို့ဒါတို့နဲ့ ရွယ်တူပေါ့။ အဘိုးကြီးအဘွားကြီးနှစ်ယောက်စလုံးကတော့ အေးဆေးပါ။ သူ့အဖေက အငြိမ်းစား ယူထားတာ။ အရင်တုန်းက သင်္ချာကထိက။ နာမည်က ဦးမောင်မောင်စိန်တဲ့။ သဘောကောင်းမယ့် ပုံပါပဲ။ သူ့အမေကတော့ နည်းနည်း မျက်နှာကြောတင်းတယ်။ ကဲ…ငါ သိသမျှ ဒါအကုန်ပဲ"

ဉာဏ်လင်းအောင်က ပြောပြောဆိုဆို စက်ဘီးပေါ်ပြန်တက်ပြီး နင်းထွက်တော့မည်ဟန်ပြင်၏။ ဖော်ဖော်ဦးက…


www.burmeseclassic.com

www.burmeseclassic.com


"အေးအေး…ကျေးဇူးပဲကွာ။ ကောင်မလေးမှာ အစ်ကို မောင်တွေ မရှိဘူးဆိုတော့ ဗညားအတွက် ငါတို့ ရင်အေးရတာပေါ့ကွာ။ နို့မို့ဆိုရင် ဒီကောင့်အချိုးမျိုးနဲ့ ထိပ်ပေါက်မလား၊ ခေါင်းကွဲမလားပဲ"

ထိုအခါကျမှပင် အနည်းငယ် ခပ်လှမ်းလှမ်းသို့ရောက်ပြီဖြစ်သော ဉာဏ်လင်းအောင်က တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ခေါင်းပြန်ငဲ့ကြည့်ကာ…

"ဩော်…ဟေ့ကောင် ဗညား။ မင်း အဲဒီခြံထဲဝင်ရင် 'တိုင်းလုံးကျော်'ကိုတော့ သတိထားသွားနော်။ အဆင်မသင့်ရင် တစ်ခါတည်း ဆေးရုံရောက်သွားမယ်။ တော်တော်ဆိုးတာကွ။ ဦးမောင်မောင်စိန်က လက်သပ်မွေးထားတာ"

အော်ပြောရင်း စက်ဘီးကို ခပ်သွက်သွက်နင်းသွား၏။

BURMESE
CLASSIC
.com

ဉာဏ်လင်းအောင်၏ စကားကြောင့် သူ ပင့်သက်ကို ရှိုက်မိသည်။ 'တိုင်းလုံးကျော်'…တဲ့။ ဘယ်လောက်တောင် ဆိုးမလဲတော့ မသိ။

နေမျိုးက သူ့ပခုံးကို လက်ဖြင့် အသာပုတ်ရင်း…

"အေးဆေးပါကွာ…။ အာသာဝတီနုတ်ပန်းကိုရဖို့ ယက္ခတွေ ကုမ္ဘဏ်တွေကို ရင်ဆိုင်ရတာမှ မဟုတ်တာ။ ခွေးတစ်ကောင်လောက်တော့ အပျော့ပေါ့။ ဟုတ်တယ် မဟုတ်လား"

"ဟာ…ယက္ခတွေ ကုမ္ဘဏ်တွေကိုတောင် ရင်ဆိုင်လိုက်ချင်သေးတယ်။ ခွေးကိုတော့ ငါ ကြောက်တယ်ကွ။ ငါ ငယ်ငယ်တုန်းက ခွေးကိုက်ခံရဘူးတယ်။ ဗိုက်မှာ ဆေးဆယ့်လေးလုံးတောင် ထိုးရတာ၊ တော်တော်အီစလံဝေသွားတာပဲ"

သူက ပခုံးတွန့်ပြီး ညည်းလိုက်သည်။ မော်ဇော်ဦးက…



www.burmeseclassic.com

www.burmeseclassic.com

''ခွေးပဲကွာ...ထန်းလျက်ခဲလေး၊ အမဲရိုးလေးကျွေးပြီး ချော့ပေါင်းပေါ့။ ကြာရင် မင်းကို ခင်လွန်းလို့ ဖက်တောင် တက်နေဦးမယ်''

သူက ခေါင်းကို ခပ်သွက်သွက်ခါပြီး မျက်နှာကို ရှုံ့မဲ့ကာ...

''ဟာ...အဲဒီလိုကြီး ခွေးနဲ့ ပလူးပလဲမနေချင်ပါဘူးကွာ။ ရွံစရာကြီး''

BURMESE CLASSIC .com

ဝင်းထွဋ်က အကြံပေး၏။

''ဒီလိုလုပ် ဗညား...။ စတွေ့ကတည်းက အဲဒီခွေးကို မုတ်လောက်သားလောက်အောင် နှာနှာဆော်ထည့်လိုက်။ ဒါမှ မင်းနားကို နောက်ဘယ်တော့မှ မကပ်ရဲတော့မှာ''

''ဟာ...ဖြစ်ပါ့မလားကွ။ သူတို့အိမ်သွားပြီး သူတို့မွေးထားတဲ့ ခွေးကို သွားရိုက်ရင် ပြဿနာတက်မှာပေါ့''

''မင်းကလည်း အလိုက်တာကွာ။ အလစ်မှာ ဆော်ထည့်လိုက်ပေါ့ကွ''

''ဝင်းထွဋ်ပြောတာ မှန်တယ် ဗညား။ မင်းနဲ့ ကောင်မလေးသာ အဆင်ပြေသွားရင် အဲဒီအိမ်ကို မင်းပဲ အခေါက်ခေါက်အခါခါ ဝင်ထွက်နေရမှာ။ ဒီခွေးကို စောစောစီးစီး ဦးချိုးထားမှ ဖြစ်မယ်''

နေမျိုးကပါ ဝင်ပြီး ထောက်ခံနေ၏။

သူတို့အကြံပေးသည်မှာလည်း မှန်သင့်သလောက်တော့ မှန်သည်။ သူက ခွေးဆိုလျှင် ရွံလည်းရွံ၊ မုန်းလည်းမုန်း၊ ကြောက်လည်း ကြောက်သည်။

လာမည့်ဘေး ပြေးတွေ့လိုက်သည်ကသာ အကောင်းဆုံး မဟုတ်လား။

မနက်ဖြန်ကျလျှင် ဝါးရင်းတုတ်ကောင်းကောင်းတစ်ချောင်း ဆောင်သွားမည်ဟု သူ ဆုံးဖြတ်လိုက်၏။

●●●



www.burmeseclassic.com

## ■ SCENE 8

ဘယ်ဘက်လက်တွင် စက္ကူဖြင့်ထုပ်ကိုင်ထားသော အမဲရိုး တစ်ချောင်း (ဆိတ်ရိုးစွပ်ပြုတ်ရောင်းသည့်ဆိုင်မှ ဝယ်လာခြင်းဖြစ်၏)။ ညာဖက်လက်တွင်တော့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် ဓါးရှင်း တုတ်တစ်ချောင်းတို့ဖြင့်...

ခြံတံခါးဝဆီသို့ သူ တစ်လှမ်းချင်း တိုးကပ်ခဲ့သည်။ ခြံတံခါး အုတ်တိုင်ပေါ်တွင်...

ဦးမောင်မောင်စိန်

ကာထိက(အငြိမ်းစား)

...ဟူသည့် သစ်သားဆိုင်းဘုတ်ကလေးတစ်ခုကို တွေ့ရ၏။ ခြံတံခါးက ပွင့်နေသည်။ အထဲမှာ ပန်းခြံများ၊ ပုဏ္ဏရိုပ်ပင်တန်းများဖြင့် ကွယ်နေသည့် တစ်ထပ်တိုက်ပုပုကလေး...။

အတွင်းသို့ လှမ်းကြည့်လိုက်တော့ လှုရိပ်လှုခြည် မတွေ့ရ။ ခြံတံခါးဝမှာ လူခေါ်ခေါင်းလောင်းလည်း တပ်မထား။

ဘယ်လိုလုပ်ရမလဲ...။ အော်ခေါ်ရမှာလား...။ ဒီအတိုင်း စွတ် ဝင်သွားလိုက်ရမှာလား...ဟု သူ စဉ်းစားသည်။ ဝင်သွားလျှင် ခွေး

www.burmeseclassic.com

လိုက်ဆွဲမှုဖြင့် အခက်ပဲ…ဟု သူ တွေးကာ ကြက်သီးထမိ၏။

ထိုအချိန်မှာပင် ပန်းခြုံကလေးတစ်ခုနောက်ကွယ်မှ လှုပ်လှုပ် လှုပ်လှုပ်ဖြစ်နေသော တစ်စုံတစ်ရာကို သူ သတိထားမိသွား၏။

ကောင်းပြီ…ခွေးဟာ ပန်းခြုံတွေကြားထဲ တိုးဝင်နေတာဖြစ်မှာပဲ… ဟု သူ အတိုင်တွက်လိုက်သည်။ အိမ်သူ အိမ်သားတွေလည်း မမြင်ကွယ် ရာဖြစ်နေသည့်အတွက် ထိုအခွင့်အရေးကို အရယူဖို့ သူ ဆုံးဖြတ်လိုက်၏။

"တိုင်းလုံးကျော်…တိုင်းလုံးကျော်။ အို့…အို့"

လေသံခပ်အုပ်အုပ်ဖြင့် ခွေးကိုခေါ်ရင်း ပါလာသော အမဲရိုးကို ခြံတံခါးဝအနီးတွင် ပစ်ချလိုက်သည်။

သူကိုယ်တိုင်ကတော့ ခြံဝင်းအုတ်တိုင်ကို အသာကွယ်ကာ ဝါးရင်းတုတ်ကို လက်နှစ်ဖက်စုံကိုင်မြှောက်ပြီး ရွယ်ထားလိုက်၏။

"တိုင်းလုံးကျော်…အို့…အို့…အို့…အို့"

ခွေးက ထွက်မလာသေး။ သူကတော့ အသင့်အနေအထားမှာ တစ်ဆံခြည်မျှ မလှုပ်မရှား။ ခွေးကသာ အမဲရိုးကို လာဟပ်လျှင် နှုတ်သီး ကို အားရှိပါးရှိဆော်ထည့်လိုက်ဖို့ လက်ဟန်တပြင်ပြင်နှင့် စောင့်နေ၏။

"တိုင်းလုံးကျော်…အို့…အို့"

ပန်းခြုံနောက်မှ ထွက်လာမည့် ခွေးဆီသို့သာ အာရုံကို စူးစိုက် ထားသောကြောင့် သူ့ဘေးနားတွင် ထောင်ထောင်မောင်းမောင်း ဗလ ကောင်းကောင်းနှင့် လူကြီးတစ်ယောက် လာရပ်သည်ကို သတိမထားမိ။ သူက ထပ်၍…

"တိုင်းလုံးကျော်…တိုင်းလုံးကျော် အို့…အို့"

"မင်းက ဘယ်သူ့ကို ခေါ်နေတာလဲ"

သူ့ဘေးနားတွင် လာရပ်သောသူမှာ ဦးမောင်မောင်စိန်က အိမ်မှာ လက်တိုလက်တောင်းခိုင်းဖို့ ယယ်စဉ်ကတည်းက ခေါ်ယူထားသည့် 'တိုင်းလုံးကျော်' ဆိုသူ ဖြစ်လေသည်။ ထိုလူကြီးက အသံသြကြီးဖြင့် မေးလိုက်ခြင်းဖြစ်၏။ ခေါင်းဗညားက အရေးထဲ အရမ်းအမြန်းလာထုနေ


www.burmeseclassic.com

www.burmeseclassic.com


သော ထိုငနဲကြီးကို မျက်လုံးတစ်ချက်စွေကြည့်လိုက်သည်။

အင်း…ပုံစံကတော့ လက်ဝှေ့သမားလိုလို ကြေးစားလူမိုက်လိုလို နဲ့ဟု တွေးရင်း ခေါင်ဖညွှားက…

"ရှူး…တိုးတိုး၊ ခွေးကိုခေါ်တာဗျ။ တိုင်းလုံးကျော်…အို့…အို့"

သူက ထပ်ခေါ်လိုက်ပြန်သည်။ ခွေးကထွက်မလာ။ သို့သော်… ပန်းခြံနောက်မှ လှုပ်ရှားမှုက ရပ်တန့်သွား၏။ ဒေါသမှ လူကြီးကတော့ မျက်မှောင်ကုပ်ပြီး…

"ဟမ်…ဘာကို"

"ခင်ဗျားကြီးကလည်း စပ်စုလိုက်တာဗျာ။ တိုင်းလုံးကျော်ဆိုတဲ့ ခွေးကို ခေါ်နေတာဗျ။ ဟိုမှာ…တွေ့လား အမဲရိုး။ ဒီကောင် အမဲရိုးကို လာဟပ်တာနဲ့ ဒင်းနူတ်သီးကို ဖြတ်ပြီး ရိုက်ထည့်လိုက်မယ်"

"ဟောကောင်…။ မင်း ဘာစကားပြောတာလဲ။ တိုင်းလုံးကျော် ဆိုတာ ငါကွ။ မင်းကများ ငါ့ကို…တောက်…"

"ဗျာ…ဗျာ ဦးလေးက တိုင်းလုံးကျော် ဟုတ်လား။ ဟာ… ရှုပ်ကုန်ပြီ၊ ကျွန်တော်က တိုင်းလုံးကျော်ဆိုတာ ခွေးအောက်မေ့လို့"

"ဘာ…မင်းက ပြောလေပိုဆိုးလေ။ ဟေ့ကောင် သေချင်လို့ လား"

ထိုလူကြီးက ပြောပြောဆိုဆိုဖြင့် သူ့အင်္ကျီကော်လာစကို ဆောင့် ဆွဲလိုက်၏။ သူက ရှုန်းကန်ရင်း…

"မဟုတ်…မဟုတ်ဘူး။ ကျွန်တော်…"

"တိုင်းလုံးကျော်…ဘာဖြစ်နေတာလဲ"

စောစောက လှုပ်နေသော ပန်းခြံနောက်ကွယ်မှ ဆံပင်ဖြူဖြူနှင့် အသက်ခြောက်ဆယ်ခန့်ရှိမည့် အဘိုးကြီးတစ်ဦးက မတ်တင်းပိုရင်း မေးလိုက်၏။

ထိုလူကြီး၏လက်ထဲတွင် မြေကြီးတူးဆွသော ဂေါ်ပြားနှင့် ခက်ရင်းတို့ ကိုင်ထားသည်ကို မြင်ရ၏။ ခုနတုန်းက ထိုအဘိုးကြီးက


www.burmeseclassic.com

www.burmeseclassic.com

ခြုံအကွယ်မှာ ထိုင်ပြီး ပန်းပင်ခြေရင်းကို တူးဆွပြုပြင်နေခြင်း ဖြစ်ပေလိမ့်မည်။ တိုင်းလုံးကျော်က သူ့ကို မလွှတ်သေးဘဲ…

"ဆရာကြီး…။ ဒီမှာ ဘယ်က ကြမ်းပိုးသူခိုးလဲ မသိဘူး။ ခြံတံခါးဝမှာ ရစ်သီရစ်သီနဲ့။ ကျွန်တော် အခု လမ်းထိပ်ကပြန်အလာမှာတင် တည့်တည့်တိုးနေတော့တာပဲ"

"လက်လွန်ပုံမယ်ကွယ်…နေစမ်းပါဦး။ ဒါနဲ့ မောင်ရင်က…"

"ဒီလိုပါ…ဒီလိုပါခင်ဗျာ။ ကျွန်တော် ဒီအိမ်က သမီးမစည်းဆီကို လာတာပါ။ အဲဒါ မမျှော်လင့်ဘဲ…အဲ…"

"ဘာ…သမီးဆီကိုလာတာ။ ဟုတ်လား…"

"ဟုတ်ပါတယ်ခင်ဗျ"

သူ့အဖြေကြောင့် ဦးမောင်မောင်စိန်က မျက်မှောင်ကုတ်ပြီး သူ့ကို ခြေဆုံးခေါင်းဆုံး အပြန်ပြန်အလှန်လှန် ကြည့်သည်။ ခွဲစိတ်ဖို့ လိုအပ်နေသည့် အနာပြည်ပုပ်တစ်ခုကို ကြည့်သလိုမျိုး အသေအချာ ကြည့်သည်။

သူ အနေရအထိုင်ရ ခက်လာ၏။

အတန်ကြာမှ အဖိုးကြီးက…

"ငါ့သမီးနဲ့ တွေ့ချင်တယ်ဆိုတော့ ဘာကိစ္စလဲ"

"ကိစ္စက ဟိုဒင်း…သူက အိမ်တိုင်ယာရောက် လာပြောဖို့ လိုအပ်တယ်လို့ မှာထားတဲ့ ကိစ္စတစ်ခုပါပဲ အန်ကယ်။ အဲဒါ တစ်ဆိတ်လောက် သူနဲ့ တွေ့ခွင့်ရမလားခင်ဗျာ"

"အင်းလေ…သမီးရဲ့ညီသည်ဆိုတော့လည်း…အင်း…အင်း… တွေ့ပေးရတာပေါ့။ ကဲ…တိုင်းလုံးကျော်ရေ လွှတ်ပေးလိုက်ပါကွာ"

…ဟု ပြောပြီး တစ်ထပ်တိုက်အိမ်ကလေးဆီသို့ လျှောက်သွားသည်။ လူ့ဘီလူးကြီးနှင့်တူသော တိုင်းလုံးကျော်က သူ့သခင်၏အမိန့်သံကို ကြားရတော့မှပင် အင်္ကျီကော်လာစကို တင်းတင်းဆွဲဆုပ်ကိုင်ထားရာမှ လွှတ်လိုက်တော့သည်။


www.burmeseclassic.com

www.burmeseclassic.com


လွှတ်ပြီးသည့်တိုင် မကျေမနပ်ဖြင့်…

''တောက်…ငါ့များကွာ၊ ခွေးနဲ့ နှိုင်းရတယ်လို့''

အံကြိတ်သံကြီးဖြင့် ခပ်တိုးတိုးရေရွတ်၏။ ခေါင်ဗညားက တမင်ရွဲ့ပြီး…

''ကန်တော့ ဦးလေး၊ ကန်တော့…။ ကျွန်တော်က နာမည်ပဲ ကြားဖူးတော့ စိတ်ထဲမှာ အမှတ်မှားသွားလို့ပါ။ အခု မျက်စိနဲ့ တပ်အပ်တွေ့လိုက်မှပဲ ဒီလိုကိုယ်လုံးကိုယ်ပေါက်မျိုး၊ ဒီလိုဇလမျိုးဆိုတော့ ဦးလေးက အရင်ခေတ်က ရုပ်ရှင်မင်းသား 'ဝင်းဦး'နဲ့တူမှန်း သိတော့တယ်''

''ဟော…တကယ်တူလို့လား''

''တူတယ်…တူတယ်၊ တူတယ်…တဲ့နယ်…ဗျောင်''



www.burmeseclassic.com

www.burmeseclassic.com

ညှော်ခန်းထဲသို့ သူ ဝင်ထိုင်လိုက်သည်။ ဦးမောင်မောင်စိန်က အိမ်ခန်းအတွင်းဘက်ဆီသို့ လှမ်း၍...

"သမီးရေ...သိမ်းမစည်း၊ ညှော်သည်လာတယ်"

လိုက်ကာစ အနည်းငယ်လှုပ်ယမ်းသွားသည်။အခဲထဲမှ သိမ်းမစည်း ထွက်လာသည်ကို မြင်ရ၏။ သူမက သူ့ကိုတွေ့သောအခါ...

"ဪ...ကိုခေါင်ဗညား"

ဟု အပြုံးဖြင့် နှုတ်ဆက်၏။ ထို့နောက်...သူနှင့် မျက်နှာချင်း ဆိုင်ရှိ သူမ၏ဖခင် ဦးမောင်မောင်စိန့်ဘေးတွင် ဝင်ထိုင်သည်။

ဖခင်ဖြစ်သူက အကဲခတ်သလို တစ်ချက်ကြည့်လိုက်ရာ သူမက လေသံအေးအေးဖြင့် မိတ်ဆက်ပေး၏။

"ဖေဖေ...။ ဒါက ကိုခေါင်ဗညားတဲ့။ သမီးတို့ကျောင်းကပဲ။ ကိုခေါင်ဗညား ဒါ...ကျွန်မရဲ့ ဖေဖေပါ"

"ဟုတ်ကဲ့ အန်ကယ်"

ဦးမောင်မောင်စိန်က ဘာမှမပြော၊ အသာခေါင်းဆတ်ပြ၏။ သိမ်းမစည်း၏မျက်နှာက အနည်းငယ်ရှက်သလို နီမြန်းသွားပြီး...

"ဟို...ဟို အခု ကိုခေါင်ဗညားလာတဲ့ကိစ္စက...ဟိုဒင်း"

"ကောင်းသောလာခြင်းတော့ ဟုတ်မယ်မထင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com

"ဟင်…မမ"

သိမ်းမစည်း၏ စကားမဆုံးခင်မှာပင် သံမဏိရောင်ပြာလဲ့နေသော လေသံတင်းတင်းက ရုတ်တရက် ကြားဖြတ်ပြောလိုက်သဖြင့် သူ ချာခနဲ လှည့်ကြည့်မိသည်။

အခန်းတံခါးဝတွင် ရပ်နေသူက သူ ဘယ်လိုမှ မျှော်လင့်မထားခဲ့သော…မာနဖြူ။

ယမမင်းရေ…။ ဒါ…တကယ်လား။ တကယ်လားဟင်။

သူ ဘုရားကိုတဖို့ သတိမရ…။ ယမမင်းကိုသာ တမိတော့သည်။ (သူငယ်ချင်းက ပြောပြလိုက်သည့်အထဲတွင် သိမ်းမစည်းမှာ အစ်မတစ်ယောက်ရှိသည့်အကြောင်းပါမှန်း ပြန်သတိရလာ၏။ သို့သော်… အခုလို ဆိုးဆိုးရွားရွား တိုက်ဆိုင်မှုမျိုးဖြင့် မာနဖြူကို ပြန်တွေ့ရလိမ့်မည်ဟုတော့ မျှော်လင့်မထား…)

ယခုတော့ တကယ်ပင်…မာနဖြူသည် သိမ်းမစည်း၏အစ်မ ဖြစ်သည်ဆိုသောအချက်ကို သူ နာနာကျင်ကျင်လက်ခံလိုက်ရလေပြီ…။

ဒါဆိုရင်တော့ အားလုံးပဲ ပြီးဆုံးရပြီ ထင်ပါသည်။

သူ ထိုသို့တွေးနေစဉ်မှာပင် မာနဖြူက…

"ညီမလေး…လာဦး။ ဖေဖေ့ကိုပါ ခေါ်ခဲ့။ ပြောစရာရှိလို့…"

"ဟုတ်ကဲ့…မမ"

မာနဖြူက သိမ်းမစည်းကိုတော့ ဖခင်ဖြစ်သူကိုပါ အိမ်ထဲသို့ ခေါ်ပြီး ဝင်သွားသည်။ သူမ ဘာတွေများ ပြောစရာရှိသလဲ…။

ရှင်းရှင်းကလေး။ သူ့အကြောင်း အကောင်းတစ်ခုမှ မပါမှာတော့ သေချာသည်။ သူ တစ်ယောက်တည်း…အမှောင်ထဲတွင် ထိုင်နေရစဉ်ရှိ သူလို ခံစားရ၏။

●

www.burmeseclassic.com

www.burmeseclassic.com

ကဲ…ဒါဟာ နွားကလေးတစ်ကောင်ရဲ့ နိဂုံးပေါ့…။

ဖျင်းရိငြီးငွေ့စရာကောင်းတဲ့ အမှားအယွင်းတွေဟာ ကိုယ့်ဆီကိုပဲ တစ်ခေါက်အလည်ပြန်လာလိမ့်မယ်လို့ ဘယ်သူက မျှော်လင့်ထားမှာမို့လို့လဲ။

အဲဒါကို 'နှောင်တ'လို့ ခေါ်ပါသလား။

သေချာတာကတော့ ငါဟာ နှောင်တရဖို့ လူဖြစ်လာခဲ့တဲ့ကောင်တော့ မဟုတ်ပေဘူး။ အဖျင်းပြေပဲဖြစ်ဖြစ်တော့ မှားကြည့်ကြရအောင်ပါ။ (အနည်းဆုံး အပျော်တမ်း ရည်းစားထားတဲ့ ကစားနည်းမျိုးဖြစ်ဖြစ်ပေါ့။ နှောင်တမရကြေးလေ)

အစဦးအလာပေတံတွေနဲ့ တိုင်းတာရင်တော့ ငါဟာ ကိုယ်ကျင့်တရားမကောင်းတဲ့ ကောင်ပေါ့။ (မာနဖြူရေ…မင်းကတော့ ဒီလိုပဲပြောမှာမဟုတ်လား)

ကိုယ်ကျင့်တရားဆိုတာ ဘာလဲ…။

ငါ့ကိုမေးလာရင် ငါကတော့ လေချွန်ပြလိုက်မှာပဲ။ အေးဆေးပါ။ အခုတော့ ငါ့ရဲ့ကျဆုံးခန်းကို ငါကိုယ်တိုင် ပြုံးပြုံးလေး ထိုင်ကြည့်လိုက်ဦးမယ်…။

●

ငါ တစ်ခုတော့ ဝန်ခံပါတယ်။

အခု ငါဟာ 'နောက်ဆုံးရထား'ကို မမီလိုက်တဲ့ လူတစ်ယောက်ရဲ့ ရင်ကွဲပက်လက်အလွမ်းနဲ့ တိတ်တိတ်ကလေး ငိုကြွေးနေတယ်ဆိုတာပေါ့။

ဟုတ်တယ်။ ငါ…ငိုနေတယ်။

သိမ်းမစည်းနဲ့ ဝေးရမယ့် ငါ့ရဲ့မနက်ဖြန်တိုင်းအတွက် ပြုံးပြုံးကလေးနဲ့ ငါ ငိုနေတယ်။



www.burmeseclassic.com

www.burmeseclassic.com


ငါ တကယ်ချစ်တဲ့ သိမ်းမစည်းကို မြတ်နိုးစွဲလမ်းမိတဲ့အခါကျမှ ဘာဖြစ်လို့ ဟောဒီလို အပြစ်ဒဏ်က အချိန်ကိုက် တိတိကျကျကြီး ရောက်ရှိလာရတာလဲ။

သိမ်းမစည်းရေ...

ဒီထက်ပိုလွမ်းခွင့်ရှိရင်တောင်မှ ဒီ့ထက်ပို မလွမ်းနိုင်လောက်တော့ ပါဘူး...။

●

နာကျင်ငြိမ်သက်စွာ ထိုင်နေသော ဧည့်ခန်းထဲသို့ မာနဖြူနှင့် ဖခင်ဖြစ်သူ ဦးမောင်မောင်စိန်တို့ ပြန်ဝင်လာကြပြီး ဆက်တီတွင် ထိုင်လိုက်ကြ၏။

သိမ်းမစည်းကတော့ အခန်းထဲထိ ပြန်လိုက်မလာ။ ခန်းဆီး လိုက်ကာစကို လက်ဖြင့်ဖိုက်ကာ သိမ်းဖယ်ရင်း လှမ်းကြည့်နေ၏။

ဦးမောင်မောင်စိန်က ခေါင်ဖသားကိုကြည့်ပြီး ချောင်းတစ်ချက် ဟန့်သည်။ စကားစရ ခက်နေပုံ ရ၏။

ခေါင်ဖသားကတော့ လာမယ့်ဘေး ပြေးတွေ့လိုက်တော့မည်ဟု ဆုံးဖြတ်ပြီး...

"အန်ကယ်...ကျွန်တော် သိမ်းမစည်းနဲ့ စကားတစ်ခွန်းနှစ်ခွန်း လောက် အရင်ဆွေးနွေးပါရစေ"

ဦးမောင်မောင်စိန်က လက်ကာပြလျက်တားရင်း...

"သမီးနဲ့ မပြောနဲ့တော့၊ မောင်...အဲ...မောင်ခေါင်ဖသား၊ အန်ကယ်နဲ့ပဲ ကိစ္စဖြတ်လိုက်ရအောင်"

"ဗျာ..."

"ဒီလို မောင်ရင်ရဲ့...။ အန်ကယ်က သမီးတွေ့ ကိစ္စတော် တော်များများမှာ ဝင်ပါလေ့ မရှိပါဘူး။ သူတို့ဘာသာ သူတို့ လွတ်လွတ်လပ်


www.burmeseclassic.com

www.burmeseclassic.com

လပ် ရွေးချယ်ခွင့်၊ ဆုံးဖြတ်ခွင့် ပေးထားတာပဲ။ ဒါပေမဲ့ အခု မောင်ခေါင်ဗညားနဲ့ ပတ်သက်တဲ့ဟာကကျတော့ တစ်မျိုးဖြစ်နေတယ်''

''ဒါဆို...ကျွန်တော် အခုလာရတဲ့အကြောင်းကို အန်ကယ် သိပြီးပြီပေါ့''

ဦးမောင်မောင်စိန်က ခေါင်းကို တစ်ချက်ညိတ်သည်။

''အင်း...စောစောကလေးတင် သမီးကြီးက မင်းကိုတွေ့ပြီး 'ဒီအိမ်ကို သူဘာလာလုပ်တာလဲ' မေးတော့ အငယ်မက အကျိုးအကြောင်း အားလုံးပြောပြတယ်။ အဲ...အဲဒီမှာပဲ သမီးကြီးက...''

ဦးမောင်မောင်စိန်က စကားကို ခေတ္တဖြတ်ပြီး သူ့ဘေးနားတွင် ထိုင်နေသော မာနဖြူဘက်သို့ တစ်ချက်လှည့်ကြည့်၏။ မာနဖြူက ဘယ်သူ့ကိုမှ မကြည့်။ မျက်နှာတင်းတင်းဖြင့် ခေါင်းကိုမော့ထားသည်။ ဦးမောင်မောင်စိန်က လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး...

''အဟမ်း...သမီးကြီးက မောင်ရင့်အကြောင်းတွေ ပြောပြတယ်။ ဒါကြောင့် အန်ကယ်ကလည်း ဒီကိစ္စမှာ ကြားဝင်ဖို့ ဆုံးဖြတ်လိုက်ရတာပဲ''

ဒါဟာ တိုက်ပွဲရဲ့အစပဲဟု ခေါင်ဗညား တွေးလိုက်မိ၏။ ထို့ကြောင့် သူ ခါတိုင်းပြုံးနေကျအပြုံးထက် အနည်းငယ်ပိုပြီး ပြုံးဖြစ်လေသည်။ သူက...

''ကျွန်တော့်အကြောင်းကို ကြားရတဲ့ အန်ကယ့်နားထဲမှာ တော်တော်ခါးသီးမယ် ထင်ပါတယ်''

''အေး...တည့်တည့်ပြောရရင် မင်းအကြောင်းက အကောင်းတစ်ခုမှ မရှိဘူး''

''ဘာတွေများဖို့လို့လဲ အန်ကယ်''

''တစ်အချက်...မင်းဟာ တာမေးပွဲအကြိမ်ကြိမ်ကျတဲ့ ကျောင်းသားတစ်ယောက်။ ဟုတ်သလား...မောင်ခေါင်ဗညား''

''ဟုတ်ပါတယ် အန်ကယ်။ ဒါနဲ့ ကျွန်တော်တစ်ခုလောက် မေးပါရစေ။ အန်ကယ်ဟာ သချာ်ာကထိကဟောင်း တစ်ယောက်နော်''


www.burmeseclassic.com

www.burmeseclassic.com 

''အေး…ဟုတ်တယ်လေ။ အဲဒါ ဘာဖြစ်လဲ''

''မျဉ်းပြိုင်ကို ဘယ်သူစပြီး တီထွင်ခဲ့ပါသလဲ အန်ကယ်''

ဦးမောင်မောင်စိန်က နဖူးကြောကြီးများ ရှုံလာသည်အထိ စဉ်းစားနေသည်။ အဖြေမရ။ မျက်နှာကြီးသာ တဖြည်းဖြည်း မဲ့သည်ထက် မဲ့လာ၏။

ခေါင်ဗညားက ပခုံးကို တစ်ချက်တွန့်ပြလိုက်ရင်း…

''ကျွန်တော်သာ စာမေးပွဲမေးခွန်းထုတ်တဲ့သူဆိုရင် အခုလောက်ဆို အန်ကယ်လည်း စာမေးပွဲကျသွားပါပြီ''

ဦးမောင်မောင်စိန်က ရေတ်သီးစိမ်း ကိုက်လိုက်မိသလို ရှုံ့ရှုံ့ရဲ့ရဲ ဖြစ်သွားပြီး…

''ဘာဆိုင်လို့လဲကွ။ မင်းဟာက ငါ့လချွေး…။ ဒါကြောင့် သမီးကြီးက ပြောတာ။ မင်းဟာ ကျူရှင်တက်တော့လည်း အဲဒီလို စည်းနဲ့ကမ်းနဲ့ စနစ်တကျမနေလို့ ဆရာတွေက အတန်းထဲကနေ ခဏခဏ မောင်းထုတ်တာ ခံရတယ်တဲ့''

''စနစ်တကျဆိုတာ ဘာကိုခေါ်ပါသလဲ အန်ကယ်။ မုန့်ဟင်းခါးစားတဲ့အခါကျရင် ပန်းကန်ထဲကို မုန့်ဖတ်ကလေးတွေ ညီညီညာညာ စီတန်းနေအောင် စနစ်တကျထည့်ပြီးမှ စားရမယ်လို့ သတ်မှတ်ထားပါသလား''

ဦးမောင်မောင်စိန်က မျက်လုံးကြီးပြူးပြီး သူ့ကို စိုက်ကြည့်၏။ အဖိုးကြီး၏အမူအယာက ကလေးဆိုးကြီးတစ်ယောက်နှင့် တူနေသည်။

''ဒီမှာ မောင်ရင်…။ အခုကိစ္စက မင်းနဲ့ စကားနိုင်လုဖို့ မဟုတ်ဘူး။ ငါပြောချင်တာက မင်း ငါ့သမီးနဲ့ပတ်သက်ဖို့ လုံးဝ မကြိုးစားနဲ့တော့။ ဒါပဲ''

''ဘာဖြစ်လို့လဲခင်ဗျာ''

''မသိချင်ယောင်ဆောင်ပြီး ဖုံးကွယ်ဖို့ ကြိုးစားနေတာလား မောင်ခေါင်ဗညား။ သမီးကြီးက အားလုံးပြောပြထားပြီးပါပြီ။ မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



အစတုန်းက သမီးကြီးကို ရမလားဆိုပြီး ချဉ်းကပ်တယ်။ သမီးကြီးက မင်းအကျင့်ကို သိထားလို့ ခါးခါးသီးသီးငြင်းလိုက်တော့ အခု သမီးငယ်ကို ပြောင်းပြီး ကြိုက်တယ်။ ကဲ…အဲဒီကတည်းက မင်းရဲ့ အကျင့်စာရိတ္တက ဘယ်လိုအဆင့်အတန်းထဲကလည်းဆိုတာ ရှင်းနေပြီပဲ''

''ဪ…မာနဖြူက အန်ကယ့်ကို ဒီအတိုင်းပြောပြတာလား''

''အေး…ဟုတ်တယ်''

သူက မာနဖြူဘက်သို့ မျက်ဝန်းတစ်ချက် ရွေ့ကြည့်လိုက်၏။ မာနဖြူက အကြည့်ချင်း အဆုံမခံ။ ထိုင်နေရာမှ ဆတ်ခနဲထကာ ခြေသံပြင်းပြင်းနင်းပြီး အတွင်းဘက်အခန်းထဲသို့ ဂုန်းဂုန်းဒိုင်းဒိုင်း ဝင်သွား၏။

သူ သက်ပြင်းချလိုက်သည်။ ဒီအချိန်မှာ သူနှင့်မာနဖြူတို့ ရည်းစားဖြစ်ခဲ့ဖူးကြသည့်အကြောင်းကို ပြောပြလိုက်ရရင် အတော်ကြည့်လို့ကောင်းလောက်အောင် ပွဲဆူသွားတော့မှာပဲဟု တွေးမိ၏။

သို့သော်…သူ မလုပ်ရက်ပါ။

သူသည် လူရိုင်းတစ်ယောက်သာဖြစ်၏။ လူယုတ်မာတစ်ယောက်တော့ မဟုတ်ပါ။ ထို့ကြောင့် သူက လေသံအေးအေးဖြင့်…

''အကျင့်စာရိတ္တဆိုတာ ဘာလဲ…အန်ကယ်။ ကျွန်တော်တို့ အစဉ်အလာအရ လက်ခံထားတဲ့ အကျင့်စာရိတ္တဆိုတဲ့ သတ်မှတ်ချက်ထဲမှာ ချွတ်ယွင်းချက်တွေ အများကြီး ကျန်နေပါသေးတယ်။ ကျွန်တော် နားလည်ထားတဲ့ ကိုယ်ကျင့်တရားဆိုတာ ကိုယ့်ရဲ့လွတ်လပ်ခွင့်နဲ့ သူတစ်ပါးလွတ်လပ်ခွင့်ကို လေးစားတာပါပဲ အန်ကယ်''

အဘိုးကြီးကတော့ သူ့စကားကို နားထောင်ရင်း မျက်နှာရှုံ့မဲ့သွား၏။ ဒီလိုအတွေးအခေါ်မျိုးကို ဒီအဖိုးကြီး၏ ဘဝမှတ်တမ်းတစ်လျှောက်လုံး တစ်ခါမှ ယောင်ယမ်း၍ပင် စဉ်းစားခဲ့မိဖူးမည် မဟုတ်တော့ သေချာပါသည်။

ဦးမောင်မောင်စိန်က ခေါင်းကို ခါယမ်းရင်း…

''မောင်ရင့်စကားတွေက နားထောင်လို့ကောင်းပါတယ်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

အခုလောလောဆယ်အချိန်မှာတော့ မောင်ရင်ဟာ ကျွပ်လက်ခံနိုင်လောက်တဲ့ လူစားမျိုး မဟုတ်သေးဘူး။ ကဲ...မောင်ရင် ပြန်သင့်ပြီ''

အခုအချိန်မှာ လက်မခံနိုင်သေးဘူးဆိုတော့ တစ်ချိန်ချိန်မှာ လက်ခံနိုင်လာအောင်များ ကြိုးစားပြနေရဦးမှာလားဟု သူ့စိတ်ထဲက တွေးမိ၏။

ဒီအဘိုးကြီး နှစ်သက်လက်ခံနိုင်သော အရည်အချင်းမျိုးရှိသည့် အထိ အချိန်တွေအကြာကြီးယူပြီး ကြိုးစားနေရမည့်ကိစ္စသည် တကယ် တော့ ပျင်းစရာကောင်းလှပါသည်။

ထို့ကြောင့် ခေါင်ဗညားက...

''အန်ကယ် သိမှာပါ။ လက်ဖက်ကောင်းကောင်းစားချင်ရင် ဘာလုပ်ရသလဲ''

''ပလောင်တောင်တက်နေးရတယ်လို့ ပြောချင်တာလား''

''မဟုတ်ဘူး။ လက်ဖက်ကောင်းကောင်းစားချင်ရင် ဆီရွှဲရွှဲလေး ဆမ်းရတယ်။ ကဲ...ကျွန်တော် သွားလိုက်ပါဦးမယ် အန်ကယ်။ တာ့...တာ''

●●●

www.burmeseclassic.com

www.burmeseclassic.com

ဖွင့် ဟ ဝန် ခံ ချက် [ ၅ ]

အမှိုက်ပစ်တဲ့အခါကျရင် ဘယ်သူဟာ စနစ်တကျ စာရင်းပြုစုပြီး ပစ်လို့လဲ။

ကဲ...ဒီမေးခွန်းကို ဖြေပါ။ (၁၅)မှတ်

●

အခု ကျွန်တော့်ရင်ထဲမှာ စနစ်တကျပြောင်းတိပြောင်းဆန်ဖြစ်နေတယ်။ အားလုံးကို အမှိုက်ပုံးထဲ ထည့်ပစ်ချင်လိုက်တာဗျာ။

လူတွေသတ်မှတ်ထားကြတဲ့ စနစ်ဆိုတာကြီးကို မုန်းတယ်။ အဲဒီ စည်းစနစ်တစ်ခုရဲ့ အပြင်ဘက်မှာ နေထိုင်မိတဲ့အတွက် ကျွန်တော့်မှာ အပြစ်ရှိပါသလား။

စာမေးပွဲကျခြင်းဟာ ကျွန်တော့်အမှားလား...။

ကောင်မလေးတွေနဲ့ ရည်းစားဖြစ်ခြင်းဟာ ကျွန်တော့်အမှားလား...။

ကျွန်တော့်အတွက်တော့ မှန်တယ်၊ မှားတယ်ဆိုတာဟာ


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် လုပ်ချင်တာ လုပ်နေရတာလောက် အရေးမပါဘူး။

●

ငယ်ငယ်တုန်းက…

ရေချိုး၊ သနပ်ခါးလိမ်းထားပြီးရင် ညစ်ညစ်ပတ်ပတ် ဆော့ခွင့်၊ လွတ်လွတ်လပ်လပ်ကစားခွင့် မရတော့သလိုမျိုးပေါ့…။

ငါကတော့…

လွတ်လွတ်လပ်လပ်ကစားချင်တယ်။ နည်းနည်းတော့ ညစ်ပေမယ်ပေါ့။ (မဆော့ရမှာကြောက်လို့ ရေလည်းမချိုးချင်ဘူး) အဲဒီလိုပါပဲ။ ငါ လွတ်လပ်စွာ ရင်ခုန်မယ်၊ စူးစမ်းမယ်။ အဲဒီတော့ အမှားရှိမယ်၊ အစွန်းအထင်းရှိမယ်။

ဒါပါပဲ ကောင်မလေးရယ်…။ လောကမှာ တစ်ခုကို လိုချင်လို့ တစ်ခုကို ပေးဆပ်လိုက်ရတာပါပဲ။

●

ဒါပေမဲ့ ငါ ပေးဆပ်လိုက်ရတဲ့ တန်ဖိုးက ကြီးမားလွန်းတယ် သိမ်းမစည်းရယ်…။

အဲဒါကတော့ ငါ တစ်ခါမှရင်မခုန်ခဲ့ဘူးတဲ့ 'အချစ်'ဆိုတဲ့အရာကို သိရုံခဏ သိခွင့်ရလိုက်တဲ့အချိန်ကလေးမှာပဲ ပြန်လည်ဆုံးရှုံးလိုက်ရလို့ပေါ့…။

နင်…သိရဲ့လား သိမ်းမစည်း…။

ဒီကောင် ချစ်ခဲ့ပါတယ်…။

●


www.burmeseclassic.com

www.burmeseclassic.com

လွမ်းရလွန်းလို့လည်း အလွမ်းဟာ အလွမ်းနဲ့တောင် မတူတော့ဘူး။ ကိုယ့်ကိုယ်ကို ဖြည်းဖြည်းချင်း သက်သေနေရတာနဲ့ တူတူလာတယ်။

ကြည့်စမ်း…ကျွန်တော်ဟာ မိုက်လုံးကြီးတယ်နော်။

ကိုယ့်သက်ပြင်းချသံအရှည်ကြီးကို ကိုယ်ပြန်နားထောင်ရင်း ကျွန်တော် သည်းမခံနိုင်လောက်အောင် မျှင်းရီလာတယ်။

ဒါနဲ့ ကျွန်တော်ဟာ ငါးမျှားတံကိုယူပြီး သွားနေကျဖြစ်တဲ့ ပင်လုံရိပ်သာလမ်းထဲက ရေကန်ကြီးဆီကို ထွက်လာခဲ့တယ်။

ဒီနေ့ကျမှပဲ ရေပြင်ကျယ်ကြီးက စိမ်းစိမ်းလဲ့လဲ့လှပနေလိုက်တာ။

ကြာပန်းတွေလည်း ရှိတယ်။ ကန်စပ်က သစ်သားတံတားလေးမှာ ချည်နှောင်ထားတဲ့ လှေငယ်ကလေးတစ်စင်းလည်း ရှိတယ်။

သိမ်းမစည်းနဲ့အတူ ဟောဒီလှေငယ်လေးပေါ်မှာ နှစ်ယောက်သား ထိုင်ပြီး ဒီရေကန်ကြီးထဲ လှော်ခတ်ရင်း စကားတွေပြောရရင် သိပ်ကောင်းမှာပဲလို့ ကျွန်တော် တွေးနေမိတယ်။

ဟော…ကြည့်ပါလား။ ကျွန်တော်ထပ်ပြီး မိုက်လုံးကြီးပြန်ပြီ။ တော်ပြီ…ဘာကိုမှ မတွေးတော့ဘူး။

●

ကျွန်တော် ငါးမျှားတံကို ရေထဲချပြီး ငြိမ်ငြိမ်ကလေးပဲ ထိုင်နေလိုက်တော့တယ်။

ကျွန်တော် သေသွားတဲ့အခါ နောက်ရာစုနှစ်မှာ မွေးလာမယ့် နှောင်းခေတ်လူသားတွေကို ကျွန်တော့်အကြောင်းကို ရယ်စရာ မောစရာ အဖြစ် ပြောပြလိုက်ကြပါ။

●



www.burmeseclassic.com

ကျွန်တော်ဟာ 'လှဆိုး' ဆိုတဲ့နာမည်နဲ့ လှတ်လှတ်လပ်လပ် နေချင်ရှာတဲ့ လူရည်မွန်လေးတစ်ဦး ဖြစ်ပါတယ်။

●

www.burmeseclassic.com

## ■ SCENE 9

"ဟယ်…စည်း။ လာမယ်ဆို ဖုန်းကြိုဆက်ရောပေါ့။ ငါ တစ်ယောက်တည်း ပျင်းနေတုန်း နင်လာလည်တာနဲ့အတော်ပဲ။ ဒါပဲနော်…။ ညနေစာစားပြီးမှ ပြန်ရမယ်…သိလား"

"အဲဒီလောက်အထိတော့ နောက်ကျလို့ မဖြစ်ဘူးထင်တယ် ညမှာရဲ့။ အိမ်က စိတ်ပူနေလိမ့်မယ်"

"အမယ်…တစ်ခါတလေပဲဥစ္စာ…ဘာဖြစ်လဲ။ ပြန်ရင် ငါကိုယ်တိုင် နင့်အိမ်လိုက်ပို့မှာပေါ့ စည်းရဲ့။ အေးအေးဆေးဆေးပေါ့။ ဝါ့ဖေဖေရဲ့ စာအုပ်စင်ကြီးထဲမှာ နင့်စိတ်ကြိုက်စာအုပ်တွေ တစ်ပုံကြီး"

ညမှာ၏စကားကြောင့် သိမ်းမစည်းက ပြုံးလိုက်ရင်း…

"စိတ်ချ…စိတ်ချ။ အခုလာတာလည်း အဲဒီစာအုပ်စင်ကို မွှေဖို့ပဲ။ ညမှာ့ဖေဖေဆီမှာ ရှားပါးစာအုပ်အဟောင်းတွေစုထားတာ အများကြီးပဲလို့ သတင်းကြားလို့ လာတာ"

"ငါကလည်း ညည်းအကြိုက်ကို သိပြီးသားပါနော်။ လာ…လာ။ စာအုပ်စင်က အပေါ်ထပ်မှာဟ…အပေါ်ကို တက်ရအောင်"

ညမှာက သိမ်းမစည်း၏လက်ကိုဆွဲကာ လှေကားဆီသို့ ခေါ်သွား၏။

www.burmeseclassic.com

သိမ်းမစည်းက မေးလိုက်သည်။

"ဦးမှာ့ဖေဖေကော…မမြင်ပါလား"

"ဖေဖေ မြို့ထဲသွားတယ် စည်းရဲ့။ မိုးချုပ်ခါနီးမှ ပြန်ရောက်လိမ့်မယ်ထင်တာပဲ။ ဘတ်စကားနဲ့ဆိုတော့ အပြန်ခက်နေမလား မသိဘူး"

"ဟုတ်တယ်နော်…။ ဦးမှာတို့အိမ်က လမ်းမနဲ့ တော်တော်ဝေးတော့ အထဲရောက်အောင် တော်တော်ဝင်ရတယ်"

"စည်းကော…အလာတုန်းက တို့အိမ်ကို တော်တော်ရှာလိုက်ရသေးလား"

သိမ်းမစည်းက ခေါင်းခါပြရင်း…

"ဟင့်အင်း…။ တက္ကစီနဲ့လာတာဆိုတော့ ဒရိုင်ဘာကို လိပ်စာပြောပြလိုက်ရုံပဲ။ ပင်လုံရိပ်သာလမ်းထဲက ရေကန်ကြီးနဲ့ မျက်နှာချင်းဆိုင်အိမ်လို့"

"အင်း…ဟုတ်တယ်။ တက္ကစီဆိုရင်တော့ ငါတို့အိမ်ရှေ့က ရေကန်ကြီးကို မသိတဲ့လူမရှိပါဘူး။ ကဲ…ဟောဒါ ဖေဖေ့စာကြည့်ခန်းပဲ။ စည်း လိုချင်တဲ့စာအုပ်သာ ရှာပေတော့"

ကြီးမားသော စာအုပ်စင်သုံးစင်ပေါ်တွင် စာအုပ်များကို အစီအရီတင်ထားသည်။ စာအုပ်အားလုံးကို ကတ်ထူဖုံးဖြင့် ဖုံးထားသဖြင့် သေသပ်ခန့်ညားနေ၏။

မှန်ပြတင်းကျယ်ကျယ်များမှ အလင်းရောင်နှင့် လေကောင်းလေသန့် ကောင်းစွာဝင်သဖြင့် နှစ်လိုဖွယ်ရာ စာကြည့်ခန်းတစ်ခု ဖြစ်လေသည်။

ပြတင်းပေါက်မှ လှမ်းကြည့်လိုက်လျှင် အိမ်ရှေ့လမ်းသွယ်တစ်ဖက်မှ ကန်ရေပြင်ကျယ်ကြီးကို မြင်နေရသည်။

သိမ်းမစည်းက စာအုပ်စင်မှ စာအုပ်တချို့ကို ဆွဲထုတ်ယူကြည့်ရင်း…

"ဦးမှာ့ဖေဖေက ဒီနေရာကို စာကြည့်ခန်းလုပ်ထားတာ သိပ်စိတ်

www.burmeseclassic.com

www.burmeseclassic.com

ကူးကောင်းတာပဲ။ ကန်ရေပြင်ကို ဖြတ်တိုက်လာတဲ့လေက အခန်းထဲမှာ အေးစိမ့်ပြီး ချိုနေတာပဲနော်။ ပြီးတော့...စာဖတ်ရင်း မျက်စိညောင်းရင် ရေပြင်ကြီးကို လှမ်းကြည့်ပြီး တွေးချင်တိုင်းတွေးနေလို့ ရသေးတယ်။ သိပ်စိတ်ချမ်းသာစရာကောင်းတာပဲ''

ပြတင်းပေါက်အနီးတွင်ရပ်နေသော ဦးမှာက...

''အမယ်လေး...မထင်နဲ့ စည်းရေ။ စိတ်မချမ်းသာနိုင်ဘူး။ ဖေဖေက ဒီအခန်းထဲမှာ စာထိုင်ထိုင်ဖတ်ရင်း တစ်ပါတ်တစ်ခါလောက် ဒေါသတွေ ထွက်နေရတာ...''

''ဟင်...ဘာဖြစ်လို့လဲ''

''ခပ်ကြောင်ကြောင် လူတစ်ယောက်ပေါ့ကွာ။ ဒီရှေ့က ရေကန်ထဲမှာ ငါးလာလာမျှားတယ်လေ။ ဖေဖေကလည်း တရားသမား မဟုတ်လား။ သတ်တာဖြတ်တာ ငါးမျှားတာတွေကို မကြိုက်ဘူး။ အဲဒါနဲ့ ရပ်ကွက်လူကြီးတွေနဲ့ ညှိနှိုင်းပြီး ငါးမျှားရင် ဒဏ်ငွေသုံးထောင်ဆိုပြီး ဆိုင်းဘုတ်တပ်ထားလိုက်တယ်''

''အဲဒီတော့ လာမမျှားတော့ဘူးလား''

''လာတာပဲ စည်းရဲ့။ ဒဏ်ငွေဆောင်ဖို့ ပိုက်ဆံသုံးထောင်ကို ဘေးမှာအသင့်ချထားပြီး တစ်နေကုန် ငါးထိုင်မျှားနေတော့တာပဲ။ စဉ်းစား သာကြည့်ပေတော့ဟာ။ ဖေဖေ ဘယ်လောက်ဒေါကန်မလဲဆိုတာ''

သိမ်းမစည်းက တခစ်ခစ်ရယ်မောလိုက်ရင်း...

''သူ့အတွက် ဖမ်းမိတဲ့ငါးကို ပြန်ရောင်းလို့ရတဲ့ ပိုက်ဆံက သုံးထောင်ထက်မက မြတ်လို့ဖြစ်မှာပေါ့ ဦးမှာရဲ့''

''အဲဒီလို ရောင်းစားဖို့လည်း မဟုတ်ဘူးဟ။ သူက ငါးတွေကို မိပြီဆိုတာနဲ့ ငါးမျှားချိတ်ကနေဖြုတ်ပြီး ရေထဲ ပြန်လွှတ်ပေးလိုက်တာပဲ''

သိမ်းမစည်းက အံ့ဩသဖြင့် ပါးစပ်ကလေး အဝိုင်းသား ပွင့်ဟသွားပြီး...

''ဟင်...ဘယ်လိုကြီးလဲ''


www.burmeseclassic.com

www.burmeseclassic.com



"အေး...အဲဒါကြောင့်ပြောတာပေါ့။ ခပ်ကြောင်ကြောင်ပါဆို"

သိမ်းမစည်းက တွေတွေငိုင်ငိုင်ကလေး စဉ်းစားနေမိသည်။ ဒီကိစ္စမှာ အဓိပ္ပါယ်တစ်ခုခုတော့ ရှိလိမ့်မည်ဟု သူမ ရင်ထဲက သိနေ၏။

'ခပ်ကြောင်ကြောင်'ဆိုသည်မှာ ဘာလဲ။ လူတစ်ယောက်အတွက် အဓိပ္ပါယ်ရှိနေသောကိစ္စတစ်ခုသည် အခြားသူတစ်ယောက်အတွက်တော့ ခပ်ကြောင်ကြောင်ဖြစ်နေနိုင်သည် မဟုတ်ပါလား။

ထိုသို့ သူမ စဉ်းစားနေစဉ်မှာပင် ဉမ္မာက ပြတင်းပေါက်အပြင်ဘက်သို့ လှမ်းကြည့်လိုက်ရင်း...

"ဟယ်...ပြောရင်းဆိုရင်း ဟိုမှာ...ဟိုမှာ"

"ဘာလဲ ဉမ္မာရဲ့"

"ဟို...ငါးမျှားတဲ့လူ ရောက်နေပြန်ပြီ။ လာကြည့်...လာကြည့်"

သိမ်းမစည်းက လက်ထဲမှ စာအုပ်များကို ခဏချထားလိုက်ပြီး ပြတင်းပေါက်အနီးသို့ လျှောက်သွားလိုက်၏။ ဉမ္မာ လက်ညှိုးညွှန်ပြရာဆီသို့ ကြည့်လိုက်သောအခါ...

"ဟင်..."

သူမ၏ ဖြူဖတ်ဖြူရော် နှုတ်ခမ်းအစုံမှ အာမေဋိတ်သံ တိုးတိုး ရေရွတ်လိုက်မိသည်။ အရမ်းကြီးမဟုတ်သည့်တိုင် အံ့သြမှုဖြင့် အနည်းငယ်တော့ ရင်ခုန်သွား၏။

အဝေးကပင် လှမ်းမြင်ရသော်လည်း ထိုသူ၏ ပုံသဏ္ဌာန်ကို သူမ သဲသဲကွဲကွဲပင် မှတ်မိနေသည်။

အဲဒါ ခေါင်းဗညားမှ ခေါင်းဗညားအစစ်ပါပဲ...။

●

အသက်ရှူ မြန်လာသောကြောင့်ထင်သည်။ သူမ၏ နှုတ်ခမ်းကလေးများပင် တဆတ်ဆတ် တုန်ယင်လာ၏။

www.burmeseclassic.com

"ဟင်…ဘာဖြစ်လို့လဲ စည်း။ အဲဒီလူကို နင်သိလို့လား"

ဥမ္မာ၏အမေးစကားကို သူမက ခေါင်းညိတ်ပြ၍သာ ဖြေလိုက်၏။ စကားပင် ပြန်မပြောနိုင်။ ဥမ္မာက နားမလည်နိုင်စွာဖြင့်ကြည့်ရင်း…

"အဲဒီလူကိုတွေ့တာနဲ့ နင်ဘာဖြစ်လို့ ဒီလောက်တောင် စိတ်လှုပ်ရှားသွားရတာလဲ စည်း"

"ငါနဲ့သူနဲ့ကြားမှာ မပြီးသေးတဲ့ ပုစ္ဆာတစ်ပုဒ်ရှိသေးတယ်။ ငါ…ငါ သူနဲ့ စကားသွားပြောဖို့ လိုအပ်နေပြီထင်တယ်"

သိမ်းမစည်း၏ တုန်ယင်သောစကားသံက သူ့ကိုယ်သူ တိုက်တွန်းအားပေးနေပုံမျိုးနှင့် တူနေ၏။ ဥမ္မာက ငေးကြောင်ကြည့်နေဆဲမှာပင် သူမ ချာခနဲလှည့်ပြီး အိမ်အောက်သို့ ပြေးဆင်းလာခဲ့တော့သည်။

●

ငါ့ကိုတွေ့လိုက်ရင် သူ အရမ်းဝမ်းသာသွားမှာပဲဟု သိမ်းမစည်း၏ စိတ်ထဲမှ တွေးနေမိသည်။ ထိုအတွေးကပင် သူမ၏ရင်ကို ကြည်နူးစေလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းပညားက ငါးမျှားတံကို ဖွဖွကိုင်ထားရင်း သူ့နောက်ကျောဘက်ဆီမှ သစ်သားတံတားလေးအတိုင်း လှမ်းလျှောက်လာသော ခြေသံအစုံကို သတိပြုမိ၏။

အစကတော့ ကန်ရေနှစ်ထပ်တိုက်အိမ်မှ ထိပ်ပြောင်ပြောင်နှင့် အဘိုးကြီး လာပြန်ပြီဟု ထင်လိုက်မိသေး၏။

သို့သော်…ခြေသံက နူးညံ့လွန်းနေသည်။ နောက်ပြီး…ထိုခြေသံပိုင်ရှင်သည် သူထိုင်နေရာနှင့် သုံးလှမ်းခန့်အကွာတွင် ရပ်တန့်သွား၏။ ထိုအခိုက်အတန့်မှာပင်…

ရနံ့တစ်ခုကို သူ သတိထားလိုက်မိခြင်း ဖြစ်လေသည်။

ရနံ့…ထိုရနံ့သည် အိပ်မက်ထဲမှာပင် သူ အရူးအမူး စွဲလမ်းနမ်းရှိုက်ခဲ့သော ရနံ့ဖြစ်သည်။ မှားယွင်းစရာ မရှိ။

မြတ်လေးပန်းပွင့်နှင့်တူသော ထိုကိုယ်သင်းရနံ့သည် 'သိမ်းမစည်း' မှ လွဲ၍ အခြားဘယ်သူ ဖြစ်နိုင်ဦးမှာလဲ…။

သူ လှည့်ကြည့်လိုက်သည်။

●



www.burmeseclassic.com

www.burmeseclassic.com

"ရှင်...ဘာလုပ်နေတာလဲ"

သူမက နူးညံ့သော အဖြူရောင်ဆွတ်ဆွတ်လေသံဖြင့် မေး၏။ သူက...

"ငါးမျှားနေတာလေ"

"ငါးတွေကို ဘာလုပ်ဖို့ မျှားတာလဲ"

"ပြန်လွှတ်ဖို့ မျှားတာပါ။ ကိုယ်က ငါးကို လိုချင်တာမဟုတ်ဘူး။ ဖမ်းလို့မိတယ်ဆိုတဲ့ ခံစားချက်ကိုပဲ လိုချင်တာပါ"

သူမက ခပ်တိုးတိုးရယ်လိုက်သည်။ ထိုသို့ ရယ်မောလိုက်သည့် တစ်ခဏတွင် သူမသည် သက်မဲ့စစ်တုရင်ရုပ်ကလေးနှင့် မတူတော့ဘဲ အဖြူရောင်ငှက် ပိစိကွေးကလေးတစ်ကောင်နှင့် တူနေလေသည်။

သူမ၏ နှာခေါင်းနှင့် မေးစေ့ချွန်ချွန်ကလေးများ၊ အနည်းငယ် မျက်စိပြူးသည်ဟု ဆိုနိုင်သော ဝိုင်းစက်စက်မျက်ဝန်းအိမ်တစ်စုံ၊ ခံ့စပါးပါး လျှားလျှားလေး ဝန်းရံနေသည့် နှုတ်ခမ်းဖူးငြိမ်းကျယ်ကျယ်တို့ကို သူ ငေးကြည့်နေမိသည်။

စွဲလမ်းတပ်မက်ရလောက်အောင် လှပသည့်အရာဟူ၍ ဘာ တစ်ခုမှ မရှိ။ သို့သော်...ထိုအရာအားလုံး၏ ပေါင်းစပ်ဖွဲ့စည်းမှုသည် ပင်လျှင် ထူးခြားသည့် 'အေးတိအေးစက် အလှတရား' တစ်ခု ဖြစ်လေသည်။

သူမက...

"ရှင်က မိန်းကလေးတွေကိုလည်း ငါးမျှားသလို သဘောထားပြီး ဖမ်းနေတာလား"

"အခု မင်းပြောတဲ့အတိုင်းပဲ ကိုယ့်ဖေဖေကလည်း ပြောဖူးတယ်။ ကိုယ်ဝန်ခံပါတယ်။ ဟုတ်တယ်...။ အရင်တုန်းကတော့ အဲဒီအတိုင်းပဲ။ ဒါပေမဲ့ အဲဒီထဲမှာ မင်းတော့မပါဘူး သိမ်းမစည်း။ ဒါကို မင်းယုံချင်မှ ယုံပါ"

သူမဘက်က စကားသံ တိတ်ဆိတ်နေသည်။ အတန်ကြာမှ


www.burmeseclassic.com

www.burmeseclassic.com

သူမက သက်ပြင်းကို မှုတ်ချရင်း…

"ကျွန်မ ဖေဖေနဲ့တွေ့တုန်းက အဲဒါကို ရှင်ဘာဖြစ်လို့ ရှင်းမပြခဲ့ရတာလဲ"

"ကိုယ်က လူတွေ ကိုယ့်ကို ယုံကြည်လာအောင် ရှင်းပြရမှာကို ပျင်းတယ်။ နောက်ပြီး…ကိုယ့်မှာ အကျိုးအကြောင်း စနစ်တကျ ဘာတစ်ခုမှ မရှိဘူး။ လူတွေကလည်း သူတို့စိတ်ထဲမှာ စနစ်ကျတယ်လို့ သတ်မှတ်ထားတဲ့ ဘောင်ထဲဝင်မှ ယုံကြည်လက်ခံတတ်ကြတာ မဟုတ်လား"

"အင်း…ဟုတ်တယ်"

"မင်းရဲ့ဖေဖေနဲ့ အစ်မမှာ သူတို့ဘာသာသူတို့ ယုံကြည်မှုကို တည်ဆောက်ထားတဲ့ အကျိုးအကြောင်းစနစ်တစ်ခု သပ်သပ်ရှိပြီးသားပဲ၊ ကိုယ်နဲ့ ဘောင်မဝင်တဲ့ စနစ်ပေါ့။ မင်းကော သူတို့လို မယုံကြည်ဘူးလား"

ခေါင်းဗျည်း၏မေးခွန်းကြောင့် သူမ တွေတွေငေးငေး ဖြစ်သွားသည်။ ကန်ရေပြင်ဆီသို့ သူမ အချိန်ကြာမြင့်စွာ ငေးနေ၏။ ပြီးမှ…

"ကျွန်မငယ်ငယ်တုန်းက အငြင်းသန်ပြီး ခေါင်းမာတဲ့ သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးတယ်။ သူက တစ်ပေမှာ ဆယ့်တစ်လက်မပဲ ရှိတယ်ဆိုပြီး အသည်းအသန်ငြင်းခဲ့ဘူးတယ်။ သူ့မှာလည်း သူ့အကြောင်းပြချက်တွေ တစ်ပုံကြီးပဲပေါ့။ သူ့ရဲ့ အကျိုးအကြောင်းတွေ မှန်သလား မှားသလားဆိုတာ ကျွန်မ ပြန်ပြီး ငြင်းမနေတော့ပါဘူး။

သူ စိတ်ချမ်းသာအောင် ပေတံတစ်ချောင်းကို တစ်လက်မ ဖြတ်ပေးလိုက်တယ်။ ဒါပေမဲ့ အဲဒီပေတံကို ကျွန်မ ဘယ်တုန်းကမှ မသုံးခဲ့ပါဘူး။ အဲဒီလိုပဲပေါ့။ ဖေဖေနဲ့ မမတို့ရဲ့ အကျိုးအကြောင်းတွေဟာလည်း ကျွန်မအတွက်တော့ တစ်လက်မ ဖြတ်ပေးလိုက်ရတဲ့ ပေတံတစ်ချောင်းပါပဲ။ ရှင် သဘောပေါက်ရဲ့လား"

သူ ကြည်နူးရင်ခုန်သွားသည်။

သူမ၏မျက်နှာဆီသို့ ဖျတ်ခနဲလှမ်းကြည့်မိသည်။ သူမက

www.burmeseclassic.com

www.burmeseclassic.com

အကြည့်မခံ၊ မျက်ဝန်းကို ရောက်နေစပ်တွင် ချည်နှောင်ထားသော လှေငယ်ဆီသို့ အကြည့်လွှဲသွား၏။

●

ကြည့်စမ်း...သူမလည်း ရှက်နေသည် မဟုတ်လား။

●●●


www.burmeseclassic.com

www.burmeseclassic.com

ဖွင့် ဟ ဝန် ခံ ချက် [ ၆ ]

နောက်တစ်နေ့မှာ သူမ ကျွန်တော့်ဆီကို ရောက်လာပါတယ်။ ရွှေငါးလေးတစ်ကောင် လက်ဆောင်လာပေးတာပါ။ သူမက ပြောတယ်။ ဒါဟာ ရှင်ဖမ်းမိတယ်ဆိုပြီး ဂုဏ်ယူနေရမယ့် ငါးတစ်ကောင်မဟုတ်ဘူး။ ပြီးတော့...ရေကန်ထဲပြန်လွှတ်ပစ်ရမယ့် ငါးကလေးတစ်ကောင်လည်း မဟုတ်ဘူး။

ဟောဒီငါးကလေးဟာ ကျွန်မကိုယ်တိုင်ပါပဲ...တဲ့။

●

ကျွန်တော်က သူမကို မေးလိုက်တယ်။

"အရောင်တွေထဲမှာ မင်း ဘယ်အရောင်ကို အကြိုက်ဆုံးလဲ"

"ပန်းနုရောင်"

"ဒီလိုကော...။ မနက်ဖြန်ကျရင် ရန်ကုန်–မန္တလေး ကားလမ်းမကြီး တစ်ခုလုံးကို ပန်းနုရောင်သုတ်ပေးမယ်"...လို့ ကျွန်တော်က ပြောလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ၂၀၀၃ခုနှစ် မေလ ၁၉ရက် (ညနေ ၅နာရီ ၂၅မိနစ် လောက်)မှာ ကျွန်တော်နဲ့သူမ ချစ်သူတွေ ဖြစ်သွားခဲ့ကြတယ်။

နောက်ပိုင်းနေ့ရက်တွေအကြောင်းကိုတော့ အဲဒီကောင်မလေး သိပါတယ်။

●●●

www.burmeseclassic.com

www.burmeseclassic.com



## ဖွင့် ဟာ ဝန် ခံ ချက် [ ၇ ]

ကျွန်တော် ဘယ်ကနေစပြီး ပြောပြရမလဲ။ ပျော်လွန်းလို့ ဘာတွေပြောရမှန်းကို မသိတော့ဘူး။

ကျွန်တော့်နှလုံးအိမ်ထဲကို လျှပ်စစ်ဓါတ်လို စွမ်းအင်တစ်မျိုး 'လက်'ခနဲ ဖြတ်ပြီး စီးဆင်းသွားတယ်။ ကျွန်တော့်ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွားပြီး ဟာလာဟင်းလင်း ဖြစ်သွားသလိုမျိုးပဲ။

ကျွန်တော့်မျက်ဝန်းအိမ်ထဲမှာ နေအစဉ်းပေါင်း ရာထောင်မက တစ်ပြိုင်တည်း လင်းသွားသလို တောက်ပဝင်းလက်သွားတယ်။ တစ်ကိုယ်လုံးလည်း ပေါ့ပါးသွားတာပဲ။ ကျွန်တော့်စိတ်ဟာ တစ်သက်မှာ တစ်ခါမကြည်နူးဘူးတဲ့ ခံစားချက်မျိုးနဲ့ ကြည်နူးနေတယ်။

အဲဒါဟာ...'အချစ်'ပေါ့။

သေချာပါတယ်။ ဒါကိုတောင်မှ သဘောမပေါက်သေးဘူးဆိုရင် ခင်ဗျားဟာ တော်တော်တုံးတာပဲ။

●



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နဲ့ သူမ ချစ်သူတွေ ဖြစ်သွားကြပြီးတဲ့နောက်မှာ... သူမကို ပထမဦးဆုံးခေါ်သွားဖြစ်တဲ့နေရာကတော့ ကျွန်တော့်ဖေဖေဆီကို ပါပဲ။

အလုပ်လာလာရှုပ်လွန်းလို့ ကျွန်တော့်ကို ဖေဖေက စိတ်ညစ်မလားတော့ မသိပါဘူး။ ဒါပေမဲ့...ဟောဒီ သိမ်းမစည်းဆိုတဲ့ ကောင်မလေးကို ကျွန်တော် အလေးအနက်ထားပြီး ချစ်မှန်းသိလို့ ထင်ပါရဲ့။ ဖေဖေက လုပ်လက်စအလုပ်တွေကို ချထားပြီး ဖျာဖျာသလဲ နွေးနွေးထွေးထွေးပဲ ကြိုဆိုပါတယ်။

ပြီးတော့...မီးဖိုခန်းထဲမှာ ထမင်းချက်နေတဲ့ မေမေ့ကို လှမ်းခေါ်ပြီး မိတ်ဆက်ပေးတယ်။ 'အမေကြီးရေ...။ ဒါ မင်းရဲ့သား ခေါ်လာတဲ့ ချွေးမလောင်းပေါ့'တဲ့။ မေမေကတော့ သိမ်းမစည်းကို မြင်မြင်ချင်းပဲ...

"ဟယ်...သမီးလေးက ချစ်စရာလေးပဲ။ မေမေ့သမီးအရင်းလေးသာ ဖြစ်လိုက်စမ်းပါတော့ကွယ်"

ကျွန်တော့်အမေက ပင်ကိုယ်ကကို စကားနည်းတယ်။ ရိုးရိုးအအ မြန်မာအမျိုးသမီးကြီးတစ်ယောက်ပါပဲ။ ဒါ့ထက် ဘာမှမပိုဘူး။

မေမေက အပိုစကားတွေကို ဟန်လုပ်ပြီး မပြောတတ်ဘူး။ သူ့ရင်ထဲရှိတာကို ရိုးရိုးနဲ့ဘွင်းဘွင်းကြီးပြောတတ်တာ။ မေမေက သိမ်းမစည်းကို မြင်မြင်ချင်း သမီးအရင်းလေးလို ချစ်တယ်ဆိုတာ တကယ့်ခံစားချက်မို့လို့သာ ပြောတာသေချာတယ်။

ဒီကြားထဲ ကျွန်တော့်ဖေဖေက တစ်မျိုး...။ သိတယ် မဟုတ်လား။ ဖေဖေက ရွတ်နောက်နောက်နဲ့လေ။ သူက သိမ်းမစည်းကို...

"သမီးလေးက ကြီးလာရင် ဘာလုပ်ဖို့ ဝါသနာပါလဲ"

"လေယာဉ်မယ်"

"ဟော...။ လင်ယူမယ်...။ ဟုတ်လား"

ဖေဖေက မျက်လုံးပြူးမျက်ဆံပြူးနဲ့ အလန့်တကြား။ သိမ်း



www.burmeseclassic.com

www.burmeseclassic.com

မစည်းက ရှက်အမ်းအမ်းဖြစ်သွားပြီး…

"ဟာ…မဟုတ်ပါဘူး အန်ကယ်ကလည်း။ လေယာဉ်မယ်လို့ ပြောတာပါ"

"ဩော်…တော်ပါသေးရဲ့။ ငါက နားကြားလွဲသွားလို့။ ဟီး… ဟီး"

ဖေဖေကပြောပြီး မျက်နှာကြီးက ပြုံးဖြီးဖြီးလုပ်နေတယ်။ ကျွန်တော်ကတော့ ခေါင်းကိုပဲ ကုတ်နေရတော့တယ်။

ဒါပေမဲ့ ဘာပဲပြောပြော သိမ်းမစည်းကို ဖေဖေမေမေတို့က ချစ်တာတွေ့ရတော့ ကျွန်တော် ဝမ်းသာရတယ်လေ။

ခဏနေတော့ မေမေက…

"သမီး…မေမေတို့နဲ့အတူတူ ထမင်းစားပြီးမှ ပြန်နော်။ ခဏလေးပဲစောင့်။ ဟင်းက ကျက်တော့မှာ"

သိမ်းမစည်းက ဘာဘာညာညာပြောပြီး ငြင်းပေမယ့် မရပါဘူး။ မေမေက အတင်းပဲ ဖွတ်ပြောပြီး မီးဖိုချောင်ထဲ ပြန်ဝင်သွားတယ်။

ဖေဖေကတော့ သူမွေးထားတဲ့ 'ရွှေဂဲ' ဆိုတဲ့ ကြက်တူရွေးလေး စကားတတ်နေပြီဆိုတာကို ကြွားဖို့ဆိုပြီး သိမ်းမစည်းကို ခေါ်ပြတယ်။ (အဲဒါဟာ အရမ်းခင်မင်တဲ့ ဧည့်သည်တွေကို ဖေဖေရဲ့ ဧည့်ဝတ်ပြုနည်းတစ်မျိုးပေါ့)

တကယ်တော့ သားအဖချင်း အားမနာစတမ်းပြောရရင် ဖေဖေရဲ့ ကြက်တူရွေးက ဘာစကားမှ ပြောတတ်သေးတာ မဟုတ်ပါဘူး။ တဂစ်ဂစ်…တဂဲဂဲ အော်နေတာပဲ ကြားရတယ်။

ကြက်တူရွေးထက်စာရင် ဖေဖေကချည်းပဲ ဝင်ဝင်ပြောနေတာ။ ကြည့်လေ…။ 'ရွှေဂဲ' ရဲ့ လှောင်အိမ်ရှေ့လည်းရောက်ရော ဖေဖေက ကြက်တူရွေးကို…

"ဟေ့…ရွှေဂဲ၊ ဒီမှာ မင်းရဲ့မမကို နှုတ်ဆက်လိုက်ပါဦးကွ"

"……"

www.burmeseclassic.com

www.burmeseclassic.com

ကြက်တူရွေးကတော့ မလှုပ်ပါဘူး။ ဖေဖေကပဲ ထပ်ပြီးတော့...

"ဟော့ကောင်...ရွှေငှဲ နှုတ်ဆက်လိုက်လေကွာ။ 'မင်္ဂလာပါ'လို့"

"ဂစ်...ဂစ်...ဂစ်"

"ဟော...တွေ့လား သမီး၊ အန်ကယ့်ကြက်တူရွေးလေးပြောတာ စကားပီလိုက်တာနော်။ လူအတိုင်းပဲ"

"ဟုတ်တယ်နော် အန်ကယ်၊ နောက်ဆိုရင် တရုတ်လို၊ ဂျပန်လို တောင် ပြောတတ်လာမယ် ထင်တယ်"

သိမ်းမစည်းကလည်း ခေသူတော့ မဟုတ်ဘူး။ ခပ်တည်တည်နှင့် ပြန်နောက်နေတယ်။ ဖေဖေကတော့...

"သေချာတာပေါ့။ ဒီကောင်က အိုင်ကျူသိပ်ကောင်းတာ။ အခု ဆိုရင် အင်္ဂလိပ်လိုတောင် နည်းနည်းတတ်နေပြီ။ ဟော့ကောင်...ရွှေငှဲ၊ Thank You လို့ ပြောလိုက်ပါဦးကွ"

"ဂစ်...ဂစ်"

●

အိမ်မှာ အဲဒီနေ့တစ်နေ့လုံး ပျော်လိုက်တာ။ သိမ်းမစည်းလည်း ကျွန်တော်တို့မိသားစုနဲ့အတူတူ ထမင်းလက်ဆုံစားဖြစ်တယ်။

ပြန်ခါနီး နှုတ်ဆက်တော့ ဖေဖေက ကျွန်တော့်ကိုကော သိမ်းမစည်းကိုပါ လေးလေးနက်နက် စကားတစ်ခွန်းပြောတယ်။

"သားတို့သမီးတို့နှစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ သံယောဇဉ် တွယ်တာကြတာကို ဖေဖေတို့ဘက်က ဘာမှ ကန့်ကွက်စရာမရှိဘူး။ ရည်းစားဘဝဆိုတာ တစ်ယောက်အကြောင်းတစ်ယောက် နားလည် အောင် လေ့လာရမယ့် အချိန်ကာလပဲ"

"ဟုတ်..."

"ဒါပေမဲ့ ဖေဖေတစ်ခုတော့ အလေးအနက်မှာချင်တယ်။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com

ကတော့ သားတို့သမီးတို့ အချိန်မတန်ခင် အိမ်ထောင်ပြု မစေဖို့ ဘဲ။ ဘာဖြစ်လို့လဲဆိုတော့ အခု သားကော သမီးကော နှစ်ယောက်စလုံး ပညာရေး တစ်ပိုင်းတစ်စနဲ့။ ဒီအချိန်မှာ အိမ်ထောင်ပြုလိုက်ရင် စုးစမ်း လေ့လာစရာတွေ၊ သင်ယူစရာတွေနဲ့ လွတ်လပ်လှုပနေတဲ့ လူငယ်ဘဝဟာ အညွန့်ကျိုးသွားမယ်။ အကျဉ်းချခံလိုက်ရသလို ဖြစ်သွားမယ်။ သားတို့ သဘောပေါက်ကြရဲ့လား မသိဘူး''

''ဖေဖေပြောချင်တာကို သားတို့ နားလည်ပါတယ် ဖေဖေ''

''အေး…ဝမ်းသာတယ်ကွာ။ ဒါဆို သားကော သမီးကော ကျောင်းမပြီးမချင်း အိမ်ထောင်မပြုပါဘူးဆိုတဲ့ ကတိတစ်ခုတော့ ဖေဖေ့ကို ပေးပါကွာ''

ကျွန်တော်နဲ့ သိမ်းမစည်း အကြည့်ချင်း ဆုံဖြစ်ကြတယ်။ စောစောက ဖေဖေတောင်းတဲ့ကတိဟာ ကျွန်တော်တို့အတွက် အချုပ် အနှောင်မဟုတ်ပါဘူး။ (ကျွန်တော်ကော သိမ်းမစည်းကော နှစ်ယောက် စလုံးက လူလည်တွေပဲ၊ ကိုယ့်ဘဝကို မနာအောင်တော့ တွေးပြီးသား)

ဟုတ်တယ်လေ…။ ကျွန်တော်တို့နှစ်ယောက်လုံးက 'လွတ်လပ် မှု'ကို ကြိုက်တဲ့သူတွေ။ ကိုယ့်ဘဝကိုယ် မတည်ဆောက်နိုင်ခင် အိမ်ထောင် ပြုလိုက်မိရင် ယောက္ခမတွေကို အားကိုးရတော့မယ်။

သူများကို အားကိုးရပြီဆိုတာနဲ့ (အနည်းဆုံး သူများအိမ်မှာ ကပ်နေရပြီဆိုတာနဲ့) ကျွန်တော်တို့ရဲ့လွတ်လပ်မှု ဆုံးရှုံးရပြီ။ အဲဒီ ဘဝကိုတော့ ကျွန်တော်တို့နှစ်ယောက် အမုန်းတီး အစက်ဆုပ်ဆုံးပဲ။

သေချာပါတယ်။ ကျွန်တော်တို့နှစ်ယောက်တည်း လွတ်လွတ် လပ်လပ် မနေနိုင်သေးသရွေ့တော့ လက်ထပ်ဖြစ်ကြဦးမှာ မဟုတ်ဘူး။

သိမ်းမစည်းက ကျွန်တော့်ကို စိုက်ကြည့်နေရင်းက ခေါင်း တစ်ချက် ညိတ်ပြတယ်။ ကျွန်တော်က ဖေဖေ့ကို…

''စိတ်ချပါ…ဖေဖေ။ သားတို့ ဘွဲ့မရမချင်း အိမ်ထောင်မပြုဘူးလို့ ကတိပေးပါတယ်''


www.burmeseclassic.com

www.burmeseclassic.com

"အေး…အေး။ လူငယ်တွေဟာ ကတိတည်မယ်ဆိုတာ မေမေ ယုံပါတယ်ကွာ"

●●●

www.burmeseclassic.com


## ဖွင့် ဟ ဝန် ခံ ချက် [ ၈ ]

သိမ်းမစည်းရဲ့မွေးနေ့မှာ ဖိနပ်ကလေးတစ်ရံ လက်ဆောင်ပေးခဲ့မှုတဲ့အကြောင်း ခင်ဗျားတို့ကို ကျွန်တော် ပြောပြရဦးမယ်။

(ကလေးဆန်တယ်ပြောပြော…ဘာပဲပြောပြော) တစ်ခါတစ်ရံမှာ ကျွန်တော်ဟာ သိပ်ပြီးစိတ်ကူးယဉ်တတ်တယ်။ 'ကြောင်'တယ်ပေါ့ဗျာ။

ချစ်သူကို လက်ဆောင်ပေးဖို့ ဖိနပ်တစ်ရံကို ဆိုင်ကဝယ်ပြီး မပေးချင်ပါဘူး။ လွယ်ကူလွန်းတော့ ပေါ့ပျက်ပျက်ဖြစ်နေလိမ့်မယ်လို့ စိတ်ထဲက ထင်လို့…။

ကျွန်တော့်လက်တွေနဲ့ ကိုယ်တိုင်ကိုယ်ကျ အပင်ပန်းခံပြီး လုပ်ထားတဲ့ ဖိနပ်ကလေးကိုမှ ချစ်သူရဲ့ ခြေထောက်ဖြူဖြူနုနုကလေးမှာ တယုတယ စီးပေးချင်တာ…။

ဟုတ်တယ်။ 'ကြောင်တယ်'လို့ ပြောရင်လည်း ခံရတော့မှာပဲ။ အရင်တုန်းက (ကောင်မလေးတွေကို ကျွန်တော် တစ်ယောက်ပြီး တစ်ယောက် အပျော်တွဲခဲ့မှုတဲ့အကြောင်း သိထားကြတဲ့) သူငယ်ချင်းတွေ အားလုံးကဆိုရင် ကျွန်တော့်ကို 'ရူးသွားပြီ'လို့တောင် ပြောကြသေးတာ။

ပြောကြပါစေ…။ ကျွန်တော် ရှုံးတယ်၊ ဘာဖြစ်လဲ။ 'အချစ်'နဲ့ 'ရှုံးသွပ်ခြင်း'ဟာ ဒင်္ဂါးပြားတစ်ခုရဲ့ ခေါင်းနဲ့ပန်းပါပဲ…။

●

ဖိနပ်လုပ်ငန်းထောင်ထားတဲ့ သူငယ်ချင်းတစ်ယောက်ကို အကူအညီတောင်းပြီး သူ့အလုပ်ရုံမှာ ပညာသွားသင်တယ်။ အောက်ခံ သားရေပြားကို လိုးတာကအစ၊ သံကြိုးကို ကတ္တီပါစအုပ်ပြီး ချုပ်တဲ့အထိ အားလုံး…အားလုံးပဲ ဆိုပါတော့။

ပင်ပန်းလိုက်တာဗျာ။ ကျွန်တော့်လက်နှစ်ဖက်စလုံး ပေါက်ပြဲကုန်တယ်။ ပွန်းရာ ရှရာတွေနဲ့ သွေးစက်စက်ကျတဲ့အထိပဲ။

ဒါပေမဲ့…ကျွန်တော် ကျေနပ်ပါတယ်။ ကျွန်တော် ကိုယ်တိုင် အစအဆုံးချုပ်ထားတဲ့ ခရမ်းရောင်ကတ္တီပါ ဖိနပ်လေးတစ်ရံဟာ သူမရဲ့ ဝင်းဝါတဲ့ ခြေဖမိုးနုနုလေးနဲ့ သိပ်လိုက်ဖက်တယ်။

လှလိုက်တာ…။

အချစ်အတွက် အင်ပိုင်ယာကြီးတစ်ခုလုံးကို လက်ဆောင်ပေးခဲ့သူ ရောမဧကရာဇ် ဂျူးလိယက်စီဇာဆိုတဲ့ ဘဲကြီးကို ကျွန်တော် ပခုံးတစ်ချက် တွန့်ပြပြီး ရယ်မောပစ်လိုက်တယ်။

ရောမအင်ပါယာဟာ ခရမ်းရောင်ကတ္တီပါဖိနပ်လေးတစ်ဖက်လောက်တောင် တန်ဖိုးမရှိဘူးဆိုတာ…ကျွန်တော် သိပြီ။

●

မိုးတွေအရမ်းရွာနေတဲ့အချိန်…။

အင်လျားကန်ဘောင်ပေါ်က ခုံတန်းရှည်ကလေးမှာ ကျွန်တော်နှင့် သူမ အတူတူနေထိုင်ခဲ့ကြဖူးတယ်။

ကျွန်တော်က သီချင်းတစ်ပိုင်းတစ်စကို ညည်းညူမိတော့ သူမက



www.burmeseclassic.com

www.burmeseclassic.com 

ကျွန်တော့်ရဲ့နှုတ်ခမ်းနှစ်ခု လှုပ်ရှားပုံကို ကလေးလေးတစ်ယောက်ရဲ့ ရိုးစင်းတာတတ်တဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး…

"လေချွန်တတ်ချင်လိုက်တာ"

…လို့ပြောတယ်။ ကျွန်တော်က ရယ်ကျဲကျဲလုပ်နေပေမဲ့ မရပါဘူး။ သူမက ကလေးဆိုးလေးတစ်ယောက်လို သူမကို လေချွန်တတ်အောင် သင်ပေးရမယ်လို့ မရမက ပူဆာတော့တာပဲ။

မိုးရေစက်တွေကြားမှာ ထိုင်ရင်း သူမကို လေချွန်တတ်အောင် ကျွန်တော်က စိတ်ရှည်လက်ရှည် သင်ပေးခဲ့ရတယ်…။

ကျွန်တော်နဲ့ သူမနှစ်ယောက်သား စိတ်တူကိုယ်တူ လုပ်လေ့လုပ်ထရှိတဲ့ အကျင့်ဆိုးတစ်ခုလည်း ရှိသေးတယ်။

ညနေခင်းတွေမှာ…

လူစည်ကားရာ တစ်နေရာရာက ပလက်ဖောင်းပေါ်မှာ အတူတူ ထိုင်ကြတယ်။ ပြီးတော့…ကိုယ့်မျက်စိရှေ့မှာ ဖြတ်သန်းသွားလာနေကြတဲ့ မိန်းမ ကြီးကြီးငယ်ငယ် (အထူးသဖြင့် လက်လွှန်ခြေလွှန် ဝတ်စားပြင်ဆင်လာပြီး မှုယာမာယာတွေ အော်ဂလီဆန်စရာကောင်းလောက်အောင် ပြုးပြုံထွက်နေတဲ့ မိန်းမတွေ)ကို ကြည့်ကြည့်ပြီး ဟာသလုပ်တယ်။

အဲဒီ 'အမြင်မတော်တဲ့မိန်းမများ လိုက်နာရန်' ဆိုပြီး ကျွန်တော်တို့ နှစ်ယောက်ရဲ့ 'စိတ်ကူးယဉ်ဥပဒေ' တွေထုတ်တယ်။

ဥပမာ–

(၁) လမ်းသွားရင်း အတွင်းခံဘောင်းဘီကို အပြင်ကနေ ဆွဲတင်၊ ဆွဲချ မလုပ်ရ။

(၂) တင်ပါးကို လိမ်ကျစ်လိမ်ကျစ်လုပ်ပြီး မလျှောက်ရ။

(၃) ခြေထောက်မည်းမည်းတူးတူးကြီးများတွင် သနပ်ခါး ထူပျစ် မလိမ်းရ။ ခြေချင်းကြိုး(Foot Chain) မဝတ်ဆင်ရ။

(၄) တင်ပါးက ဗီ(V)ပုံသဏ္ဍာန်မျိုး အောက်ရှူးနေသူများ စကတ်ရှည် အကျပ် မဝတ်ရ။

www.burmeseclassic.com

(၆) CARGO အိတ်ကပ်အများကြီးပါသော ဘောင်းဘီပွပွကြီးများနှင့် ဒေါက်ဖိနပ်ကို တွဲဖက်ဝတ်ဆင်ခြင်း မပြုရ။

(၇) ရည်းစားကို ပိုက်ဆံအိတ်၊ ဆွဲခြင်း၊ ထီး...အစရှိသည်တို့ ကိုင်နိုင်းခြင်း မပြုရ။ ရည်းစားလက်ကို အေးအေးဆေးဆေး တွဲရမည်။

(၇) အထီးများရှေ့မှ ဖြတ်လျှောက်လျှင် အကြောင်းမဲ့ တဟီးဟီးရယ်ခြင်း၊ ပုံမှန်အသံထက် ပိုကျယ်ခြင်းများ မပြုလုပ်ရ။

(၈) အသားမဲသောမိန်းမများ လီမွော်ရောင်၊ ပန်းနုရောင်နှင့် ဖက်ဖူးစိမ်းရောင်များ ဝတ်ဆင်ပါက ကြိမ်ဒဏ်အချက်(၂၀)။

(၉) ကြီးကောင်ကြီးမား အရွယ်နှင့်မလိုက်အောင် 'သမီးကလေး... သမီးကလေး' ဟု ပြောတတ်သော မိန်းမကြီးများကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်မည်။

(၁၀) ဘောင်းဘီဝတ် ချက်ပေါ်၊ ဆံပင်ဖြောင့်ထားသောမိန်းမများ အပြင်ထွက်လျှင် ပြောင်းဖူးဖက်ဆေးလိပ်ကြီးများကို မီးညှိကာ ပါးစပ်မှ ဖွာရှိုက်ရင်းဖြင့်သာ လမ်းပေါ် ထွက်ခွင့်ပြုမည်။

●

အဲဒီလို...

ဖြူဖြူစင်စင် ပျော်ရွှင်ခွင့်ရနေတဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ ချစ်သူဘဝလေးကို ရက်ရက်စက်စက် အနှောင့်အယှက်ဖြစ်အောင် လုပ်ခဲ့သူကတော့ 'မာနဖြူ' ပါပဲ...။

●●●

www.burmeseclassic.com

www.burmeseclassic.com


## SCENE 10

မာနဖြူထံမှ 'အရေးတကြီးကိစ္စရှိသဖြင့် တွေ့ချင်ပါသည်။ သိမ်းမစည်း မသိပါစေနှင့်' ဟူသောစာဖြင့် ချိန်းဆိုချက်တစ်ခု မထင်မှတ်ဘဲ ရောက်လာ၏။

ဒါ...ဘာသဘောလဲ။ သူ့နုတ်ခမ်းကို အသာဖိကိုက်ရင်း အကြာကြီး စဉ်းစားသည်။

သူနှင့် သိမ်းမစည်း ချစ်သူတွေဖြစ်စကတည်းကပင် သိမ်းမစည်းက (သူမ၏ ပွင့်လင်းသောစရိုက်အတိုင်း) အိမ်ကို အသိပေးခဲ့၏။

မျှော်လင့်ထားသည့်အတိုင်းပင် သူမ၏အိမ်က လုံးဝ သဘောမတူ။ သို့တိုင် သိမ်းမစည်း၏ အဖေနှင့်အမေက ပညာတတ်ပီပီ သွယ်သွယ်ဝိုက်ဝိုက် ဖျောင်းဖျကန့်ကွက်သည်။

မာနဖြူကတော့ အဲသည်လိုမဟုတ်...။ လုံးဝ မခံမရပ်နိုင်ဖြစ်ကာ ဒေါသတကြီး ပေါက်ကွဲသည်။ ညီမဖြစ်သူကို ပက်ပက်စက်စက် ချိုးချိုးနှိမ်နှိမ် ပြောသည်။

'နင်နဲ့ ဟိုကောင်...ခေါင်းပညာကို မရရအောင်ခွဲပြမယ်' ဟု ကြိမ်းဝါး ခြိမ်းခြောက်ခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

အဲသည်အကြောင်းတွေ အားလုံးကို သိမ်းမစည်းကပင် သူ့အား ပြန်ပြောပြခဲ့ခြင်း ဖြစ်၏။

သိမ်းမစည်းကတော့ ခပ်အေးအေးဖြင့်ပင်…

“မတုန်လှုပ်ပါနဲ့ ကိုရယ်။ သူတို့ဘက်က အခြေအနေကို ကို သိအောင် ပြောပြထားတာပါ။ တကယ် အရေးကြုံလာတဲ့အခါကျရင် စည်းတစ်ယောက်လုံး ကို့ဘက်က ရှိနေမှာပဲဥစ္စာ…။ စိတ်ချနော်”

“အင်း…”

ချစ်သူကို အလိုက်အထိုက် ခေါင်းညိတ်ပြခဲ့ရသော်လည်း ထိုစဉ်ကတည်းက သူ့စိတ်ထဲတွင် ထင့်ခနဲ ဖြစ်ခဲ့ရသည်။

အခု မာနဖြူက နှစ်ယောက်ချင်းတွေ့ရန် ချိန်းသည်ဆိုတော့…။

●

မည်သို့ပင်ဖြစ်စေ…ချိန်းဆိုသောနေရာသို့ သူ အတိအကျရောက်အောင် သွားခဲ့သည်။ မာနဖြူက သူ့ကို တွေ့သည်နှင့်တပြိုင်နက်…

“ရှင့်မျက်နှာကြီးကလည်း တစ်ခုခုကို အရမ်းသတိထားနေတဲ့ ပုံမျိုးဖြစ်နေပါလား…။ ဟင်း…ဟင်း…။ အဲဒီလောက်လည်း မလိုအပ်ပါဘူး ကိုခေါင်ဗညား”

ခပ်ထေ့ထေ့ လှောင်ရယ်သံပါသည်ဟု သူ ခံစားရ၏။ ထို့ကြောင့် သူက…

“သတိထားရတာက တခြားကြောင့်တော့ မဟုတ်ပါဘူး။ မင်း အကွက်ဆင်ထားတဲ့ ထောင်ချောက်တစ်ခုများ ဖြစ်နေမလားလို့”

မာနဖြူက ပိုင်နိုင်သူတစ်ဦး၏ လေသံမျိုးဖြင့် ရယ်မောလိုက်ပြန်၏။ ပြီးမှ…

“ရှင့်ကိုချိန်းရတာက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုအတွက် အကူအညီတောင်းချင်လို့…”

www.burmeseclassic.com

''ဟုတ်လား...။ အကူအညီတောင်းရမယ့်လူ ဒီလောက်တောင် ရှားပါးနေပြီလား''

''ဒီကိစ္စက ရှင်နဲ့ သင့်တော်တဲ့ ကိစ္စမျိုးမို့လို့ပေါ့''

''ဒါဆို ဘာဖြစ်လို့ မင်းရဲ့ညီမ သိမှာ စိုးနေရတာလဲ''

''စည်းသိမှာ စိုးရုံတင်မကဘူး။ ရှင်နဲ့ကျွန်မကလွဲပြီး တခြား ဘယ်သူ့ကိုမှ မသိစေချင်တာ''

မာနဖြူ၏စကားကြောင့် သူ့စိတ်ထဲမှာ အနည်းငယ် အားနာသွားမိသည်။ တကယ်ပင် အရေးကြီးသောကိစ္စဖြစ်သောကြောင့် ရိုးရိုးသားသား အကူအညီတောင်းခြင်းဖြစ်နိုင်သည်ဟု သူ ပထမဦးဆုံးအကြိမ် တွေးလိုက်မိ၏။

သူ့မျက်နှာ အရိပ်အကဲကို တစေ့တစောင်း ကြည့်နေသော မာနဖြူက...

''ရှင် ကျွန်မကို ကတိတစ်ခုတော့ ပေးရမယ်။ အခုကိစ္စကို ရှင် ကူညီနိုင်သည်ဖြစ်စေ၊ မကူညီနိုင်သည်ဖြစ်စေ ဘယ်သူ့ကိုမှ ပြန် မပြောပါဘူးဆိုတဲ့ ကတိပဲ။ ဒါ ကျွန်မဘက်က အနည်းအညွတ် တောင်းပန်တာပါ''

''အိုကေ...။ မင်းအတွက် တကယ်လိုအပ်တယ်ဆိုရင် ကိုယ် ကတိပေးပါတယ်။ ပြောပါ...ဘာကူညီရမလဲ''

မာနဖြူက မျက်မှောင်ကို အသာတွန့်၍ သက်ပြင်းချလိုက်ရင်း...

''ဒီလို...။ ကျွန်မကို အိမ်ထောင်ချပေးဖို့ ကျွန်မမိဘတွေက စီစဉ်နေကြတယ်။ မေမေ့သူငယ်ချင်းတစ်ယောက်ရဲ့သားနဲ့တဲ့။ ဟိုးကတည်း က သူတို့ လူကြီးချင်း ပြောထားကြပြီးသား ဆိုပါတော့...''

''ဟင်...မင်းဖေတ်လမ်းကြီးကလည်း ဟောင်းလိုက်တာ။ အဲဒီ တိတ် ရုပ်ရှင်ခေတ်လောက်က ခပ်ညံ့ညံ့ဇာတ်ညွှန်းမျိုးပဲ။ ဒါဖြင့် မင်းတို့ အဖေက သားသမီးတွေကို လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ပေးတယ်ဆို။ အခုတော့ ဘယ်လိုဖြစ်ရပြန်တာလဲ''


www.burmeseclassic.com

www.burmeseclassic.com

"အခုကိစ္စမှာလည်း ဖေဖေက ရွေးချယ်ခွင့်ပေးတာပါပဲ။ လူငယ်ချင်း အရွယ်ချင်းညီနိုင်းပြီး အဆင်ပြေမှ ယူပါလို့ နှစ်ဖက်စလုံးကို ပြောထားတယ်"

"ဒါဆိုလည်း မင်း မယူချင်ရင် ငြင်းလိုက်ပေါ့။ ရှင်းနေတာပဲ"

မာနဖြူက ခေါင်းကို ဖြည်းဖြည်းခါယမ်းလိုက်ရင်း...

"အဲဒါ ခက်နေတာပေါ့။ ဟိုတစ်ဘက်က လူက နောက်မဆုတ်ချင်ဘူး ဖြစ်နေတယ်။ ဟုတ်လည်း ဟုတ်ပါတယ်လေ။ လူကြီးတွေ သေသေချာချာစီစဉ်ထားတဲ့ကိစ္စကို ကျွန်မဘက်က ငြင်းမယ်ဆိုရင်လည်း အကျိုးသင့် အကြောင်းသင့်ရှိမှ ကောင်းမယ် မဟုတ်လား"

"အကျိုးအကြောင်းဆိုတာ ရှာကြံလုပ်ယူရတဲ့ ကိစ္စတွေပါကွာ"

"ဟိုလူ့ကို ငြင်းလောက်စရာအကြောင်း ဘာမှ ရှာလို့မတွေ့ဘူး။ သူ့နာမည်က ကိုမြတ်စိုးတဲ့၊ အသက်က (၃၀)ကျော်လောက်၊ ပညာအရည်အချင်း၊ ငွေကြေး၊ အကျင့်စာရိတ္တ ဘာဆိုဘာမှ ချွတ်ယွင်းတာမရှိဘူး။ အားလုံးပြည့်စုံတယ်"

မာနဖြူ၏စကားက လိုရင်းကို မရောက်နိုင်သေးသဖြင့် ခေါင်ဗညားက စိတ်မရှည်တော့ဘဲ...

"အဲဒီတော့..."

"ဒီတော့ 'ကျွန်မမှာ ချစ်သူရှိပြီးသားဖြစ်နေလို့ပါ' ဆိုပြီးတော့ပဲ အကြောင်းပြစရာ ကျန်တော့တယ်။ မတတ်နိုင်ဘူးလေ...။ အဲဒီလို လိမ်ရတော့မှာပဲ။ အင်း...ဟိုတစ်ယောက်ကလည်း လူကြီးလူကောင်းပါ။ အဲဒီလိုပြောလိုက်ရင် သူ နောက်ဆုတ်သွားမှာပါ"

"ကိုယ်က ဘယ်လိုကူညီရမှာလဲ"

မာနဖြူက မျက်လွှာကို ဖျတ်ခနဲ တစ်ချက်ပင့်ကာ ခေါင်ဗညားကို ကြည့်လိုက်သည်။ စက္ကန့်အတော်ကြာအောင် တွေကြည့်နေပြီး...

"ရှင်က ကျွန်မရဲ့ချစ်သူအဖြစ် ခဏလောက် ဟန်ဆောင်ပေးဖို့ပါပဲ"


www.burmeseclassic.com

www.burmeseclassic.com

''ဗျာ...ဘယ်လို''

မမျှော်လင့်မထားသော စကားကြောင့် ခေါင်ဗညား အံ့အား သင့်သွားသည်။ ရုတ်တရက်မို့ ဘာပြန်ပြောရမည်ကို မသိ။ မာနဖြူ ကတော့...

''ရှင်နဲ့ကျွန်မ နှစ်ယောက်တွဲပြီး ကိုမြတ်စိုးနဲ့ တစ်နေရာရာမှာ နာရီဝက်လောက် စကားအေးအေးဆေးဆေး ပြောကြရုံလေးတင်ပါပဲ။ ရှင့်အနေနဲ့ ကျွန်မဟာ ရှင့်ချစ်သူမို့လို့ ကိုမြတ်စိုးကို နောက်ဆုတ်ပေးပါလို့ ပြောလိုက်ရင် ပြီးပါတယ်။ ဒါလောက်လေးပါပဲ''

ခေါင်ဗညားစိတ်ထဲမှာ ရှုပ်ထွေးထွေဝေနေမိ၏။ ဒီလိုမျိုးကူညီဖို့ တကယ်လိုအပ်လို့လားဟု...ကိုယ့်ကိုယ်ကိုယ် ပြန်မေးနေဖြစ်သည်။ အဖြေ ကိုရှာမရ။ နောက်ဆက်တွဲပြဿနာတွေကကော ဘယ်လောက်ထိ ရှုပ်ထွေး လာနိုင်သေးသလဲ။

''ရှင်...ရှင် ကျွန်မကို မကူညီတော့ဘူးလားဟင်''

မာနဖြူက မရဲတရဲလေသံဖြင့် တုန်ယင်စွာ မေးလိုက်သည်ကို သူ ကြားရ၏။ သူ ဘာပြန်ပြောရမှာလဲ။ ငြင်းလိုက်ရလျှင် ကောင်းမလား။ သူ မာနဖြူ၏မျက်နှာကို မကြည့်ရဲသလို ဖြစ်နေ၏။ မာနဖြူက အားငယ် စွာဖြင့် ခေါင်းကိုငုံ့လျှိုးသွားရင်း...

''ကျွန်မဘက်ကို နည်းနည်းလောက်တော့ ငဲ့ပါရှင်။ ဒီလို ကိစ္စ မျိုးကို တခြားသူစိမ်းယောကျ်ားလေး တစ်ယောက်ယောက်ဆီမှာ ကျွန်မ ဘယ်လိုလုပ်ပြီး အကူအညီသွားတောင်းရမှာလဲ။ စဉ်းစားကြည့်ပါဦး''

ခေါင်ဗညား ပင့်သက်ရှိုက်ရင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ မာနဖြူကို သူ ခေါင်းတစ်ချက် ညိတ်ပြလိုက်၏။ ထိုနောက်...

''ကောင်းပြီ...ကိုယ် မင်းကိုကူညီပါမယ်။ ဒါပေမဲ့...တစ်ခုတော့ ရှိတယ်။ အခု မင်းညီမလေးစည်း အတန်းတင်စာမေးပွဲ ဖြေနေရလို့ ကိုယ်နဲ့သူ နှစ်ပတ်လောက် တွေ့ခွင့်ရဦးမှာ မဟုတ်ဘူး။

မင်းရဲ့ကိစ္စကို ဒီနှစ်ပတ်အတွင်း ပြီးအောင်လုပ်ပါ။ စည်း


www.burmeseclassic.com

www.burmeseclassic.com

တာမေးပွဲပြီးသွားလို့ သူနဲ့ကိုယ် ပြန်ဆုံကြတဲ့အချိန်မှာ ဒီကိစ္စတာန်းလန်းနဲ့ အရှုပ်အထွေးဖြစ်နေမှာ ကိုယ် မလိုချင်ဘူး မာနဖြူ''

''ဪ...ဒါလား။ ဟင်း...ဟင်း စိတ်ချပါရှင်''

ထိုစဉ်က မာနဖြူ၏မျက်ဝန်းထဲတွင် မီးလျှံတွေ တောက်ပလောင်ကျွမ်းနေခဲ့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

အင်းလျားလမ်းပေါ်က BURGER BUSTER ဆိုင်တွင် ကိုမြတ်စိုးနှင့် တွေ့သည့်နေ့ကတည်းကပင် ထိုသူ့ဘက်က အနေအထားက နည်းနည်းတော့ ထူးဆန်းနေမှန်း သူ ရိပ်မိခဲ့ဖို့ ကောင်းသည်။

မာနဖြူနှင့် သူ၏အခြေအနေကို ကိုမြတ်စိုးက သိပ်အရေးတကြီးထားပြီး စိတ်ဝင်စားပုံ မပြလှ။ ခေါင်ဗညားက…

"ကျွန်တော်က မာနဖြူရဲ့ချစ်သူပါ။ အဲဒါကြောင့် လူကြီးတွေစိတ်ဝင်စားတာ ခရီးမလွန်ခင် အစ်ကို့အနေနဲ့ မျက်နှာမပျက်ရအောင် ကြိုပြီး အသိပေးထားတာ"

"ဪ…ဟုတ်လား"

ကိုမြတ်စိုးက ဒီလောက်ပဲပြောသည်။ မာနဖြူကို ဆုံးရှုံးရမည့်အတွက် အနည်းငယ် ကသိကအောက်တော့ ဖြစ်သွားပုံရ၏။ သို့သော် သိပ်ကျကျနနမြေပျက်လောက်အောင်တော့ မဟုတ်။ ကိုမြတ်စိုးက ဆိုင်မှ စားပွဲထိုးလေးကိုခေါ်ကာ Coke တစ်ဘူး မှာသောက်သည်။ ခေါင်ဗညားနှင့် မာနဖြူတို့သောက်နေသော Milk shake နှင့် သစ်သီးဖျော်ရည်ဖန်ခွက်များကို တစ်ချက်ငွေ့ကြည့်ရင်း…

"ညီလေးတို့ကော ထပ်မှာကြဦးလေ။ တစ်ခုခု စားပါလား" ဟု ညွှဝတ်ပြု၏။



www.burmeseclassic.com

www.burmeseclassic.com

ကိုမြတ်စိုးဝေါဟုံစံက တွေ့နေကျသူငယ်ချင်းများကို တွေ့ရလေးပါး ပြောပြီး ညှော်ခံနေသလောက်သာရှိသည်။ သိဝ်စိတ်ဖိစီးပုံ မရ။

ကိုမြတ်စိုးပြောသော စကားများထဲတွင် ယခုအပတ် နေပြည်တော်ရုံတွင် အသစ်ဝင်လာသည့် နိုင်ငံခြားရုပ်ရှင်ကားသစ်အကြောင်း လည်းပါသည်။ မန်ယူနှင့် အာဆင်နယ် ဘောလုံးပွဲအကြောင်းလည်း ပါသည်။ ဘီးတဲလ်စ် (BEATLES) အဆိုတော်များ၊ ဇော်ဝင်းထွဋ်၊ လေးဖြူတို့အကြောင်းလည်း ပါသည်။ စတော့ရှယ်ယာဈေးကွက်အကြောင်း လည်း ပါသည်။ မွေးနေ့တိုင်း သက်သတ်လွတ်စားပြီး အရပ်ပုတီး(၁၀၈) ပတ်စိပ်သည့် အကြောင်းလည်း ပါသည်။ စုံတကာ ဇေ့နေ၏။

သည်နောက်တွင်မှ ကိုမြတ်စိုးက...

'ညီလေးတို့ ချစ်သူတွေဖြစ်ကြတာ ဘယ်လောက်ကြာပြီလဲ' ဟု မေးသည်။

ဒါကလည်း မကောင်းတတ်သဖြင့်သာ အားနာပါးနာမေးသည့် ပုံစံမျိုး...။ ခေါင်ဗညားက...

"နှစ်နှစ်ကျော်ပြီ အစ်ကို"

သေးမှ မာနဖြူကလည်း ခေါင်းကို ခပ်မြန်မြန်ညိတ်ပြသည်။ (သူမကတော့ ဘာကြောင့်မှန်းမသိ တော်တော်ပျော်နေဟန်ရှိ၏)

ကိုမြတ်စိုးက...

"သြော်...ကြာပြီပဲ။ အင်း...လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းကဆို ကိုယ် စင်္ကာပူမှာပဲ ရှိသေးတယ်။ အဲဒီမှာ ကိုယ့်ဦးလေးနဲ့ နေတာလေ"

ပြောရင်းဆိုရင်း ကိုမြတ်စိုးစကားက စင်္ကာပူအတွေ့အကြုံများ အကြောင်းသို့ ရောက်သွားပြန်သည်။ ခေါင်ဗညားက စိတ်မရှည်တော့။ သူက လာရင်းကိစ္စကို မြန်မြန်လက်စသိမ်းပြီး မြန်မြန်ပြန်ချင်ပြီ။ ကိုမြတ်စိုးအနေဖြင့် မာနဖြူနှင့်ကိစ္စကို ဘာကြောင့် ခပ်ပေါ့ပေါ့သဘောထား နေရသလဲဆိုသည့်အချက်ကို ခေါင်ဗညား မစဉ်းစားမိ။ တော်လှငယ်ချင်း ဖြစ်သောကြောင့် (ဟိုးပဝေသဏီကလိုမျိုး မိန်းမလှယ်ယောက်အတွက်


www.burmeseclassic.com

www.burmeseclassic.com 

ဓါးချင်ယှဉ်ခုတ်၊ သေနတ်ချင်းယှဉ်ပစ်ခြင်းဖြင့် စစ်ပွဲခင်းပြီး လုနေစရာမလို ဘဲ) အေးအေးဆေးဆေးနှင့် အထာပေါက်ပြီးသားမို့လို့သာဟု တွက်ဆ လိုက်မိ၏။

တကယ်ဆိုလျှင် ဘေးမှ အကြောင်းမဲ့သက်သက် အနိုင်ပြိုး ပြိုးနေသည့် မာနဖြူ၏မျက်လုံးများကို သတိမထားခဲ့မိခြင်းကိုက သူ့ ညံ့ဖျင်းမှု ဖြစ်လေသည်။ ခေါင်ဗညားက စကားလက်စသတ်အောင် ရည်ရွယ်ပြီး…

"ကဲ…အစ်ကို၊ ကျွန်တော့်ကိုတော့ ဒါနဲ့ပတ်သက်လို့ ကြည် လင်ပါတယ်နော်။ အစ်ကို အာဝါဟဝိဝါဟ မင်္ဂလာလုပ်မယ့်ကိစ္စကို ဖျက်ဆီးတယ်လည်း မအောက်မေ့ပါနဲ့ဗျာ။ ဒါတွေက ကျွန်တော်တို့ လူငယ်ချင်းတွေပဲ အထာပေါက်တဲ့ကိစ္စပါ"

"ဟာ…ရပါတယ် ညီလေးရာ၊ ပြောနေစရာမလိုပါဘူး။ အစ်ကို ကလည်း အစ်ကို့မိဘတွေကြောင့်မို့လို့ပါ"

"ဟုတ်ပါတယ်။ အစ်ကို့မိဘတွေဘက်က အပိုင်းလည်း ပါနေ တော့ ကျွန်တော်က ပိုပြီး အားနာရတာပေါ့"

"အေးကွာ…။ အစ်ကိုကလည်း တစ်သက်လုံး မိဘစကား နားထောင်လာခဲ့တဲ့သူပါ။ အခု အိမ်ထောင်ပြုချိန် ရောက်လာပြီဆိုတော့ လည်း မိဘတွေ စိတ်တိုင်းကျပဲ ဖြစ်စေချင်တယ်လေ။ အစ်ကို့မိဘတွေ ကလည်း ရှေးဆန်တဲ့ လူကြီးတွေပီပီ အရမ်းအစွဲအလမ်းကြီးကြတာ။ သူတို့က ဟောဒီက…မာနဖြူတို့ မိသားစုနဲ့ပဲ ရွှေလမ်းငွေလမ်းဖောက်ချင် တယ်။ တခြား ဘယ်သူ့ကိုမှ ခမည်းခမက် မတော်နိုင်ဘူးဆိုလို့။ အဲဒီ မှာ…"

"ဟင်…ကိုစိုးခွက်ထဲ ယင်ကောင်ကျနေတာလား မသိဘူး။ ပေး…ပေး…ကျွန်မ ဆယ်လိုက်မယ်"

အရေးထဲတွင် မာနဖြူက စကားကို ဝင်ဖြတ်ပြီးပြောလိုက်၏။ ကိုမြတ်စိုးက သူ့အအေးဖန်ခွက်ထဲသို့ ပြန်ငုံ့ကြည့်ရင်း…


www.burmeseclassic.com

www.burmeseclassic.com

''မဟုတ်ပါဘူး။ ဘာယင်ကောင်မှ မရှိဘာ။ ဖန်ခွက်က အလင်းပြန်တဲ့အရိပ် ဖြစ်ပါလိမ့်မယ်''ဟု ဖဝေဖဝါဖြင့်ပြော၏။

သို့ဖြင့် စကားစ ပြတ်သွားကြသည်။ ငွေရှင်းပြီး စားပွဲမှ ထခါနီးတွင် မာနဖြူက လက်ကိုင်အိတ်ထဲမှ ဓါတ်ပုံတစ်ပုံကို ထုတ်ရင်း...

''ဪ...ကိုစိုး။ ဒီဓါတ်ပုံလေး ယူသွားပါလား။ ဒါ...ကျွန်မနဲ့ မောင်နဲ့ နှစ်ယောက်တွဲရိုက်ထားတဲ့ဓါတ်ပုံ။ ခရစ်စမတ်မှာတုန်းက ရိုက်ထားတာလေ။ ဟုတ်တယ်နော်...မောင်''

အံ့အားသင့်နေသော ခေါင်ဗညားက ခေါင်းကိုသာ ညိတ်ပြလိုက်ရတော့သည်။ သူနှင့် မာနဖြူတို့ ချစ်သူတွေဖြစ်ခဲ့ကြတုန်းက ရိုက်ထားခဲ့သော ဓါတ်ပုံတစ်ပုံဖြစ်၏။ ပုံထဲတွင် မာနဖြူက သိုးမွေးခေါင်းစွပ်နှင့် ဆွယ်တာဝတ်ထားသည်။ ခေါင်ဗညားကတော့ သူမကို နောက်ဖက်မှနေ၍ သိုင်းဖက်ထား၏။ မာနဖြူက ထိုဓါတ်ပုံကို ကိုမြတ်စိုးလက်ထဲသို့ ထည့်ပေးရင်း...

''ဒီဓါတ်ပုံလေးပါ လိုလိုမယ်မယ် ယူသွားပါလား ကိုစိုး။ ကိုစိုး မိဘတွေကို ဖြူ့အကြောင်းပြောတဲ့အခါ ကိုစိုးဘက်က ခိုင်ခိုင်လုံလုံရှိတာပေါ့။ ဪ...ဒီကိစ္စကို ဖြူ့အိမ်ကတော့ မသိပါစေနဲ့နော်။ အိမ်က ဖြူ့ကို မောင်နဲ့ သိပ်သဘောတူချင်တာ မဟုတ်ဘူး''

''စိတ်ချပါ...မဖြူ။ ကိုယ် သဘောပေါက်ပါတယ်''

ကိုမြတ်စိုးက ဓါတ်ပုံကို အိတ်ထဲထည့်ရင်း ပြောလိုက်၏။ ထိုအခိုက်အတန့်တွင် ဘာရယ်ကြောင့်မှန်းမသိဘဲ ခေါင်ဗညား၏ ရင်ထဲ၌ အမှားတစ်ခုဖြစ်သွားသလို ခံစားလိုက်ရသည်။ မာနဖြူကတော့ မကောင်းဆိုးရွားအလင်းတန်းတစ်ခုလို တောက်ပကျယ်လောင်စွာ ရယ်မောနေလေသည်။

●●●

www.burmeseclassic.com

## ■ SCENE 11

ပထမဦးဆုံး ကံ့ကော်တွေ ဖွေးဖွေးဆွတ်အောင် ပွင့်ကြသော ညနေခင်းဖြစ်သည်။ နောက်ဆုံးနေ့ စာမေးပွဲဖြေအပြီး ကျောင်းခန်းထဲမှ ထွက်လာမည့် သိမ်းမစည်းကို ကံ့ကော်ပင်အောက်မှ သူ စောင့်နေခဲ့သည်။ မျက်လုံးများကို မှိတ်ထားရင်း 'ချစ်သူ စာမေးပွဲဖြေနိုင်ပါစေ'ဟု ရင်ထဲမှ တိုးတိတ်စွာ ဆန္ဒပြုနေမိ၏။ ငြင်သာသော ခြေသံဖွဖွကို ကြားရတော့မှပင် သူ မျက်လုံးဖွင့်ကြည့်မိသည်။ သူ့အနားတွင် ချစ်သူ ရောက်နေလေပြီ။

"ဖြေနိုင်ရဲ့လားဟင်…စည်း"

"အင်း…"

သူမ၏မျက်နှာဖြူလျော့လျော့သည် နွမ်းနေ၏။ ဖျားနာနေသော ကံ့ကော်ပွင့်လေးတစ်ပွင့်နှင့် တူနေသည်။

ခေါင်းဗညားက…

"ဖြေနိုင်တယ်သာပြောတယ် စည်းမျက်နှာလည်း မကောင်းပါ လား။ ဘာဖြစ်လို့လဲဟင်…။ နေမကောင်းဘူးလား"

သူ့ဘေးမှာ ဝင်ထိုင်လိုက်သော စည်း၏နဖူးပြင်ကို သူ လက်ဖုံဖြင့် အသာအယာကပ်ကြည့်ပြီး ကိုယ်ပူငွေ့စမ်းကြည့်သည်။ သိမ်းမစည်းက


www.burmeseclassic.com

www.burmeseclassic.com

စိတ်မပါတပါဖြင့် အနည်းငယ်ရယ်မောပြီး…

"အမယ်…ကိုယ့်ပူတွေ ဘာတွေ လာပြီးစမ်းနေတယ်၊ တကယ်နေမကောင်းရင် သူပဲ ပျောက်အောင်ကုပေးမှာ ကျနေတာပဲ"

"ပျောက်အောင် ကုမပေးနိုင်ပေမဲ့ စည်းကို မြန်မြန်နေကောင်းလာအောင် ကိုယ်က ဘေးနားမှာ အမြဲနေပြီး ပြုစုမှာပေါ့။ ကဲ…ဘာဖြစ်သလဲ…ပြော"

သူမ၏ မျက်နှာက အနည်းငယ်ညှိုးသွားပြီး…

"ဒီစာမေးပွဲပြီးတဲ့ ရက်ပိုင်းကျမှ အိမ်မှာ စိတ်ရှုပ်စရာကိစ္စတွေနဲ့ တိုးနေလို့"

"စည်းတို့အိမ်မှာ…ဟုတ်လား။ ဘာဖြစ်လို့လဲ"

"ဖေဖေနဲ့မေမေက စည်းကို လူတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ စီစဉ်နေကြတယ်"

"ဟင်…အဲဒီလူက ဘယ်သူလဲ"

"အဲဒီလူနာမည်က ကိုမြတ်စိုးတဲ့။ မေမေ့ငယ်သူငယ်ချင်း တစ်ယောက်ရဲ့ သားပေါ့။ အသက်ကတော့ ကြီးပြီ၊ (၃၀)ကျော်လောက်ရှိမယ်"

"ဘာ…"

ကမ္ဘာပြိုသလို ခံစားလိုက်ရသည်။ တစ်ခုခုတော့ ကြီးကျယ်ခမ်းနားစွာ မှားယွင်းနေလေပြီ၊ သူ အေးစိမ့်စွာ ချောက်ချားလာ၏။ စကားပြောရန် ပါးစပ်ကို ဟလိုက်သောအခါ သူ့လည်ချောင်းထဲတွင် ခြောက်ကပ်ပူလောင်နေလေသည်။

"ဘယ်လို…ဘယ်လိုဖြစ်တာလဲ။ ကိုယ့်ကို သေသေချာချာ ရှင်းပြစမ်းပါဦး"

"ကိုမြတ်စိုးရဲ့ မိဘတွေက မေမေနဲ့ ညီအစ်မအရင်းတွေလို အရမ်းချစ်ကြတာကိုး။ ဟိုးကတည်းက မေမေက သမီးတွေ အရွယ်ရောက်လာရင် ကိုမြတ်စိုးနဲ့ လက်ထပ်ပေးမယ်လို့ လူကြီးချင်း သဘောတူထားကြတယ်။ စည်းနဲ့ပဲဖြစ်ဖြစ်၊ မမဖြူနဲ့ ဖြစ်ဖြစ်ပေါ့။ ညီအစ်မ


www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်ထဲက ကိုမြတ်စိုးနဲ့ လူငယ်ချင်းအခြေအခင်ပြေမယ့် တစ်ယောက်ယောက်ကို လက်ထပ်ပေးမယ်လို့ ရည်ရွယ်ထားကြတာပေါ့"

"အခု အခုကျတော့...အဲဒီလူက စည်းကို..."

"အဲဒါ စိတ်ညစ်နေတာပေါ့။ အခု ကိုမြတ်စိုးက သူ 'မမြူကို မယူချင်ပါဘူး။ စည်းကိုပဲ လက်ထပ်ပါရစေ' ဆိုပြီး သူ့မိဘတွေကတစ်ဆင့် စည်းမေမေကို ပြောလာတယ်လေ။ မေမေကလည်း သူ အရမ်းတော်ချင်နေတဲ့ သားမက်လောင်းစိတ်ကြိုက် ဖြစ်စေချင်နေတယ်။ အခြေအနေကတော့ မကောင်းဘူး"

သူ့ ဒေါသမုန်တိုင်း၏ 'တောက်' ခေါက်သံသည် အပြင်သို့ထွက်မလာဘဲ ရင်ထဲမှာပင် ကျယ်လောင်စွာ မြည်ဟိန်းသွားသည်။ မာနဖြူ၏ တောက်ချောက်ထဲသို့ သူ ဝင်ခဲ့မိပြီ။ သူ့ကို စစ်တုရင်ခုံပေါ်မှ အရုပ်ကလေးတစ်ရုပ်လို ရွှေ့ကစားသွားခဲ့သော မာနဖြူ၏ ပရိယာယ်ကစားကွက်ကို ပြန်စဉ်းစားရင်း နှုတ်ခမ်းကို ဖိကိုက်မိ၏။ သူက...

"စည်းကတော့ မငြင်းဘူးလား"

"ငြင်းတာပေါ့။ ဒါပေမဲ့ မေမေက လုံးဝ သံမဏိဆုံးဖြတ်ချက်ပဲ။ ခါတိုင်းလိုဆိုရင် ဖေဖေက 'သမီးဘာသာ လွတ်လွတ်လပ်လပ်ရွေးပါစေ' ဆိုပြီး ကူပြောပေးဦးမှာ။ အခုကျတော့ ဖေဖေက ဒီဘက်မှာ ကိုနဲ့ နီးစပ်သွားမှာ စိုးလို့လားမသိဘူး။ အင်းမလှုပ် အဲမလှုပ်နဲ့...။ အဲဒီတော့ စည်းမှာ မေမေ့ကို ပြောအားမရှိဘူး ဖြစ်နေတယ်"

စကားအဆုံးတွင် သူမက သက်ပြင်းကို ချ၏။ အသက်ကို ကျိတ်ပြီး နှိုးရှူနေရသည်ထက်စာလျှင် သက်ပြင်းချလိုက်ရသည်က များစွာ ပိုပြီး သက်သာပေါ့ပါးစေနိုင်မှန်း သူကိုယ်တိုင်လည်း နားလည်ပါသည်။

●

စိမ်းလန်းသော ကုံကော်ရွက်တွေကို မြင်နေရသော်လည်း


www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ မအေးမြ။ ခပ်လှမ်းလှမ်းက အဆောင်ဆောင်းတွင် သစ်ရွက်အမှိုက်တွေကို မီးရှို့နေသည်ကို မြင်ရ၏။ သူ့နှလုံးအိမ်ထဲမှာလည်း မီးလောင်နေပြီ ထင်သည်။ ချစ်သူနှင့်ပေါင်းရသော ကမ္ဘာ၌သာ လူအဖြစ်ကို ရလိုပါ၏ ဘုရား…။

●

စည်းက ဆုံးဖြတ်ချက်တစ်ခုကို ပြောသည်။

"ကိုမြတ်စိုးဘက်က သူ့ဘာသာသူ နောက်ဆုတ်သွားမှပဲ ဒီကိစ္စက ပြေလည်မှာ။ ဒီလိုလုပ်ရအောင်လား…ကို"

"စည်းက ဘယ်လိုလုပ်ချင်လို့လဲ"

"စည်းတို့နှစ်ယောက် ကိုမြတ်စိုးနဲ့ သွားတွေ့ကြမယ်လေ။ ပြီးတော့…ကို့ကို စည်းရဲ့ချစ်သူပါဆိုပြီး မိတ်ဆက်ပေးလိုက်မယ်လေ။ ဘယ်လိုလဲ…ကို။ အဲဒါ မကောင်းဘူးလား"

စည်း၏စကားအဆုံးတွင် သူ မျက်နှာကို အောက်သို့ငုံ့လိုက်၏။ နှုတ်က ဘာစကားလုံးမှ မဖွင့်ဟနိုင်။ ခွန်အားမဲ့နေသည်။ တိတ်ဆိတ်ခြင်းဖြင့်သာ သူ ငြင်းမိလေသည်။ စည်းက မျက်မှောင်ကုပ်သွားပြီး…

"ဘာဖြစ်လို့လဲဟင် ကို။ ဘာလို့…စည်းရဲ့ချစ်သူအဖြစ်နဲ့ ကိုက သတ္တိရှိရှိ ရှေ့ထွက်ပြီး ရင်မဆိုင်ရဲရတာလဲ။ ပြောပါဦး"

ချောင်ပိတ်မိနေသူတစ်ယောက်လို သူ ခံစားရသည်။ အဖြေမဲ့သော နှုတ်ခမ်းများသည် ခြောက်သွေ့လွန်းလှ၏။ သူ ဘယ်လိုမျက်နှာမျိုးဖြင့် ကိုမြတ်စိုးရှေ့သို့ နောက်တစ်ခေါက် ထပ်သွားရမှာလဲ။ လွန်ခဲ့သည့် သုံးရက်ခန့်ကပင် ကိုမြတ်စိုးကို 'မာနဖြူဟာ ကျွန်တော့်ချစ်သူပါ'ဟု ပြောခဲ့ပြီးပြီ။ ယခုတစ်ကြိမ်ထပ်ပြီး မာနဖြူ၏ ညီမနှင့်တွဲကာ 'သည်မိန်းမစည်းကလည်း ကျွန်တော့်ချစ်သူပါ'ဟု ပြောနိုင်အား ရှိပါဦးမည်လား။

●

www.burmeseclassic.com


နောက်ဆုံး…ကိုမြတ်စိုးကို အကျိုးအကြောင်းအားလုံး ဖွင့်ပြောပြီး နားလည် လက်ခံစေနိုင်သည်ပဲ ထားဦးတော့။ ခုလောက်ဆိုလျှင် မာနမြူကို သူ မွေးဖက်ထားသည့်ခါတ်ပုံကို ကိုမြတ်စိုး၏မိဘများ တွေ့မြင်ပြီးလောက်ချေပြီ။ သူတို့ကိုကော ဘယ်လိုရှင်းပြရမှာလဲ။ ရှင်းပြလိုက်လျှင်ကော သိမ်းမစည်းတို့ တစ်မိသားစုလုံးကို တန်ဖိုးထားနေသည့် ကိုမြတ်စိုး၏ မိဘများက အထင်သေး စိတ်ပျက်သွားလိမ့်မည် မဟုတ်ပါလား။ သူ ချစ်သော သိမ်းမစည်းနှင့်အတူ သူမ၏အဖေအမေတွေပါ သူကြောင့် သိက္ခာကျရဦးတော့မည်။ ထွက်ပေါက်ကို မမြင်နိုင်။

●

သိမ်းမစည်း၏အသံက စိုးစိုးထိတ်ထိတ်…။

"ဘာဖြစ်လို့လဲဟင် ကို။ ကို ဘာလို့ အဲဒီလူကို ခဏလောက် မတွေ့နိုင်ရတာလဲ"

သူ ခေါင်းခါပြလိုက်သည်။ စည်းက…

"ဒါဆို ကိုက စည်းကို အဆုံးရှုံးခံမယ်ပေါ့။ ဟုတ်လား…"

ငိုသံပါစပြုလာသော စည်း၏စကားသံကို သူ ပူလောင်စွာ ကြားနေရ၏။

"ကိုပြောတော့ စည်းကို ချစ်တယ်ဆို။ ဟင်…ပြောပါဦး ကိုရဲ့"

ကံကော်ပွင့်ကြွေတို့အပေါ်သို့ မျက်ရည်စက်တစ်စက် ကျလာသည်။ သူ နှုတ်ခမ်းကို တင်းတင်းစေ့ထားရင်း ရင်ထဲတွင် မွန်းကျပ်လာလေသည်။ ကြွေကွဲခြင်းဘာသာရပ်ကို သင်ယူတတ်မြောက်ခဲ့ပြီ။ ကတို့ပ်အမုန်းနှင့်သာ ငါ့ရုပ်အလောင်းကို လွှမ်းခြုံပါလေ။ သေလျှင်လည်း လောင်ကျွမ်းသော ရင်ခွင်၊ ရှင်လျှင်လည်း နာကျင်သောနှလုံးဖြင့် ငါ့အား မထားခဲ့ရစ်ပါနှင့်။

●

www.burmeseclassic.com

စည်းက မျက်ရည်ကို သုတ်သည်။ ထို့နောက် (တည်ငြိမ်အောင် ချုပ်တည်းထားရသောအသံဖြင့်) ဘီးတိုးပြော၏။

"စည်း နားလည်ပါပြီ ကို။ ကိုဟာ စည်းကို ရည်းစားထားရုံ သက်သက်ပဲ ချစ်ခဲ့တာပါ။ ကို့ဘက်က ကြည့်တော့လည်း မမှားပါဘူး။ လူဆိုတာ ကိုယ်တတ်နိုင်တဲ့ အတိုင်းအတာထက်တော့ ဘယ်သူက ပိုပြီး ပေးချင်မှာလဲ။ ကိုဟာ မိန်းကလေးတွေကို ရည်းစားထားရုံလောက် အတိုင်းအတာထိပဲ သတ်မှတ်ထားတယ်ဆိုတာ အရင်ကတည်းက စည်း သိပါတယ်။ ထားပါ ကို။ စည်းကို အားမနာပါနဲ့၊ တကယ်ပြောတာပါ။ စည်းအတွက်နဲ့တော့ ကို ဒုက္ခမရှာနဲ့နော်။ ကို နေတတ်သလိုပဲနေပါ။ ကိစ္စမရှိပါဘူး။ ကို့ဘက်က တတ်နိုင်တဲ့ အတိုင်းအတာအတွင်းမှာပဲ ကိုနဲ့စည်း ချစ်ခွင့်ရခဲ့တာကို ကျေနပ်ပါတယ် ကိုရယ်"

သူမက ဘယ်လိုမှ မခံစားရသကဲ့သို့ ဟန်ဆောင်ပြီးပြောသည်။ ထိုသို့ တမင်ဟန်ဆောင်ပြီးပြောမှန်း သိနေသည့်အတွက်ကြောင့်ပင် သူ ပိုကြေကွဲရလေသည်။ နေဝင်တော့မည်။ သူ ငိုချင်လာ၏။

●●●



www.burmeseclassic.com

www.burmeseclassic.com


## SCENE 12

လမ်းပေါ်မှာ လူတွေတွေ့တိုင်း
လိုက်ပြီးမေးကြည့်ရဦးမယ်...
'ချစ်တယ်'ဆိုတာ ကိုယ့်ကိုယ်ကို
သတ်သေတဲ့ နည်းတစ်မျိုးလား?...လို့။

●

ညက တစ်ညလုံး သူ အိပ်မပျော်၊ အိမ်ရှေ့စာကြည့်ခန်းထဲတွင် တစ်ယောက်တည်း ထိုင်နေရင်း မိုးစင်စင်လင်းခဲ့သည်။ပြတင်းပေါက်မှ ဝင်လာသော နေရောင်ခြည်က ဆွတ်ဆွတ်ဖြူရင့်သည်အထိ သူ ထိုင်နေရာမှ မရွှေ့သေး။

ထိုစဉ်...

အိမ်သို့ သိမ်းမစည်း ရုတ်တရက်ရောက်လာသည်၊ သူ အံ့သြနေမိ၏။ စည်းက စာကြည့်ခန်းတံခါးဝမှာရပ်ကာ သူ့ကို အတန်ကြာအောင် ငေးစိုက်ကြည့်နေသည်။


www.burmeseclassic.com

www.burmeseclassic.com

သူကလည်း တွေဝေငြိမ်သက်စွာ ပြန်ကြည့်နေမိ၏။

ပြုံးခနဲ…

သူမက အခန်းထဲပြေးဝင်လာပြီး သူ့ပခုံးနှစ်ဖက်ကို ရုတ်တရက် သိုင်းဖက်လိုက်ကာ မပြောမဆိုနှင့် ဖျတ်ခနဲ လှမ်းပြီးနမ်းသည်။

(သူမ၏အရပ်ပုပုလေးဖြင့် မမီမကမ်း လှမ်းပြီးနမ်းလိုက်ခြင်းကြောင့်) သူ့မေးဖျားကို နွေးခနဲ ခံစားလိုက်ရအောင် နမ်းမိ၏။

ထို့နောက်…

ဘာစကားတစ်ခွန်းမှ မပြောဘဲ ချာခနဲလှည့်ပြီး အိမ်ပေါ်မှ ပြေးဆင်းသွားတော့သည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

## ■ SCENE 13

နောက်တစ်နေ့တွင် သူ ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

●

မည်သူ့ဖျက်နှာကိုမှ မငဲ့ဘဲ ဒီပြဿနာကို ဖြေရှင်းမည်ဆိုလျှင်လည်း ရတော့ရသည်။ ထိုသို့လည်း မလုပ်ချင်။

မာနဖြူ၏အကြောင်းကိုလည်း မိဘတွေပါ အားလုံး အရှက်ရအောင် အသိမပေးသင့်ဟု သူ ထင်၏။ (တကယ်ဆိုလျှင် မာနဖြူ ထိုသို့လုပ်ရသည်မှာလည်း တစ်ချိန်တုန်းက ရည်းစားများခဲ့သည့် သူ့အပြစ်ကြောင့်ပင် မဟုတ်ပါလား)။

လောလောဆယ်တွင် သိမ်းမစည်း၏မင်္ဂလာပွဲကို ဖျက်စဉ်ဖြစ်အောင် အဆင်အပြေဆုံး နည်းလမ်းတစ်ခုကို သူ ရှာဖွေမည်ဖြစ်သည်။

သူ့ဆုံးဖြတ်ချက်ကို ပြောပြဖို့ သိမ်းမစည်းကို ချိန်းဆိုလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

ပင်လုံရှိပ်သာထဲက ရေကန်ကြီးအနီးကွင် သူ့ စောင့်နေမည်။

ရောက်အောင်သာ လာခဲ့စေချင်ပါသည် ချစ်သူ...။

●

ရေငွေ့တို့ကြောင့် ကန်ရေပြင်သည် ပြာရီမှိုင်းမှုန်နေ၏။ သူက သိမ်းမစည်း၏ ဝင်းဝါနုစိုသော လက်ဖမိုးလေးကို အသာအယာဆုပ်ကိုင်လိုက်ပြီး...

"ကို မင်းကို နိုးပြောမယ် စည်း"

"ဟင်...ဖြစ်ပါ့မလားကို"

စည်းမျက်လုံးကလေးများ ဝိုင်းသွားသည်။ စိုးရိမ်ခြင်းတစ်ဝက် ဝမ်းသာခြင်းတစ်ဝက်နှင့် ပြန်မေး၏။ သူက...

"ဘာလို့ မဖြစ်ရမှာလဲ စည်းရဲ့"

"ဟို...ကို့ဖေဖေက ကျောင်းမပြီးမချင်း အိမ်ထောင်မပြုရဘူးလို့ ပြောထားတယ်လေ။ အဲဒါ..."

သူက ရယ်မောလိုက်သည်။ ထို့နောက်...

"အဲဒါကိုလည်း ကို ထည့်ပြီး စဉ်းစားထားပြီးသားပါ။ စိတ်ချ။ ကိုက တခြားလူတွေကိုသာ ကတိဖျက်ချင်ဖျက်မယ်။ ကို့ဖေဖေကို ပေးထားတဲ့ကတိကို ဘယ်တော့မှ မဖျက်တတ်ဘူး"

"ဟင်...ဒါဆို ကိုက ဘယ်လိုလုပ်မှာလဲ"

"ကိုနဲ့စည်းနဲ့ သန့်သန့်ရှင်းရှင်းပဲ နေကြမယ်လေ။ စိတ်ချ...။ စည်းကို လက်ဖျားနဲ့တောင် မတို့ဘူး။ ကို စည်းကို ဘယ်လောက်တန်ဖိုးထားသလဲဆိုတာ စည်း သိသားပဲ။ ဘာလဲ...ကို့ ကိုယ်ကျင့်တရားကို မယုံဘူးလား"

"ယုံပါတယ် ကို"

စိတ်သက်သာရာရဟန်ဖြင့် သူမက ကြည်လင်စွာပြုံးသည်။


www.burmeseclassic.com

www.burmeseclassic.com

ဒီရက်ပိုင်းအတွင်း သူမ၏အပြုံးကို ပထမဦးဆုံးအကြိမ် ပြန်လည် မြင်တွေ့ခွင့်ရခြင်း ဖြစ်၏။ သူက…

''တကယ်ဆို ကို စကားပြောလောကြီးသွားတာ စည်းရဲ့။ စည်းကို နိုးပြေးမယ်လို့ ပြောရမှာ မဟုတ်ဘူး''

''ကိုက ဘယ်လိုပြောချင်တာလဲ''

''စည်းကို အလည်ခေါ်သွားမယ်လို့ ပြောရမှာ။ ဟုတ်တယ်။ ကိုက ကျွဲဦးလေးတစ်ယောက်ရှိတဲ့ နယ်မြို့လေးတစ်မြို့ကို အလည်သွားမယ်။ စည်းက လိုက်ခဲ့ပေါ့။ ဟုတ်တယ်…မဟုတ်လား။ သိပ်ချစ်တဲ့ သူငယ်ချင်းနှစ်ယောက် ခရီးတစ်ခုကို အတူတူသွားကြတဲ့ သဘောပဲပေါ့နော်''

'သိပ်ချစ်တဲ့ သူငယ်ချင်းနှစ်ယောက်' ဟူသော စကားအသုံးအနှုန်းကြောင့် သူမက ပျော်ရွှင်စွာဖြင့် ခေါင်းကို ခပ်သွက်သွက်ညိတ်ပြ၏။

ရင်ခုန်သံချင်း နားလည်စွာဖြင့် အသံလွင်လွင်ရယ်မောလိုက်ဖြစ်ကြသည်။ ရယ်သံချိုချိုသည် ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြေထဲတွင် လွင့်လွင့်စီးဆင်းသွား၏။

●●●

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ဟာ စန် ခံ ချက် [ ၉ ]

ရန်ကုန်–မန္တလေး အဆန်ရထားကြီးရဲ့ ရွေ့လျားမှုနဲ့အတူ ကျွန်တော်တို့နှစ်ယောက်ရဲ့ ခရီးကို စတင်ခဲ့ကြတာပေါ့။

●

မြို့ကိုရောက်တော့ ကျွန်တော့်ဦးလေးက ဘူတာရုံမှာ လာကြိုနေတယ်။ ကျွန်တော့်နောက်ကပါလာတဲ့ သိမ်းမစည်းကိုမြင်တော့ သူ့မျက်လုံးတွေဟာ တရုတ်အသုဘမှာတီးတဲ့ လင်ပန်းလောက်နီးနီး ပြူးကျယ်သွားပြီး...

"သူက...သူက ဘယ်သူလဲကွ။ မင်း မိန်းမ ခိုးလာတာလား"

"မဟုတ်ပါဘူး ဦးလေးရ။ ဒါ ကျွန်တော့်သူငယ်ချင်းပါ။ ဒီကို မရောက်ဘူးလို့ အလည်လိုက်လာတာ"

"ဟုတ်ရဲ့လား မိုးခေါင်ရာ...။ ငါတော့ မယုံနိုင်လှုပ်လှုပ်ပဲနော်။



www.burmeseclassic.com

www.burmeseclassic.com

မင်းမိန်းမခိုးပြီး ငါ့ဆီရောက်လာတယ်ကြားရင် မင်းအဖေ ငါ့ကိုသတ်လိမ့်မယ်''

''ခြောက်...စိတ်ချပါ ဦးလေးရဲ့။ အခုနေမှာ ဦးလေးတို့က ကျွန်တော့်ကို အတင်းရိုက်ပြီး မိန်းမပေးစားတောင် ကျွန်တော်က မယူသေးဘူး။ အမှန်အတိုင်းပြောရရင် ကျွန်တော်တို့က ချစ်သူတော့ ချစ်သူတွေပေါ့။ ဒါပေမဲ့ ဒီမှာနေတုန်းတော့ သူငယ်ချင်းတွေလိုပဲ ဖြူဖြူစင်စင် နေကြမှာ...''

''ဟော...မင်းတို့ဟာက အဆန်းပါလား''

ကျွန်တော့်ဦးလေးကတော့ စိတ်ညစ်သွားပြီး ခေါင်းကို ကုတ်နေတယ်။ သူ့တူဖြစ်တဲ့ ကျွန်တော်ဟာ သူ ထင်ထားတာထက် အဆပေါင်းများစွာ ပိုရှုပ်တဲ့ လူရှုပ်ကလေးပဲလို့ တွေးနေမှာပေါ့။

ကျွန်တော်က စည်းကို ဦးလေးနဲ့ မိတ်ဆက်ပေးလိုက်တယ်။

''စည်း...။ ဒါ...ကိုဦးလေးလေ။ ဦးရဲလင်းအောင်တဲ့။ သူက ဒီမြို့မှာ ကျော်ဇောမွေးမြူရေးလုပ်တယ်''

''ဘယ်လို...။ ကျော်ဇောမွေးမြူရေး။ ဟုတ်လား...ကို''

စည်းက နားမလည်ဟန်နဲ့ မျက်မှောင်ကုပ်ပြီး ပြန်မေးတယ်။ ကျွန်တော့်ဦးလေးက သူ့အတွက် (စွယ်စုံအားကိုးလောက်တယ်လို့ သူ့ဘာသာသူထင်တဲ့) လက်ရုံးတပည့်တွေ တစ်ယောက်ပြီးတစ်ယောက် ခေါ်မွေးထားတယ်။ နောက်မှ မှန်းချက်နဲ့ နှမ်းထွက်မကိုက်တာတော့ တစ်ပိုင်းပေါ့ဗျာ။

အဲဒီ တပည့်တွေရဲ့နာမည်က ပထမတစ်ယောက်လည်း 'ကျော်ဇော'ပဲ၊ နောက်တစ်ယောက်လည်း 'ကျော်ဇော'ပဲ၊ ဒါကြောင့် ကျွန်တော်က သူ့အလုပ်ကို 'ကျော်ဇောမွေးမြူရေး'လို့ ပြောတာ။

အခုလောလောဆယ် ကျွန်တော့်ဦးလေးရဲ့ ရွာမ ဖွံ့ဖြိုးရေး စီမံကိန်းက ဖြူးက ရုပ်ရှင်ရုံကိုငှားပြီး ဘောလုံးပွဲ ပြနေရော့။ သူမှိုလို့ ကြံကြံဖန်ဖန် ဘာတွေလျှောက်လုပ်နေမှန်း မသိဘူး။

www.burmeseclassic.com

သိမ်းမစည်းနဲ့ မိတ်ဆက်ပေးလိုက်တော့ ဦးလေးက သူ့ထုံးစံအတိုင်း ပြုံးတော့မလိုလို ရယ်တော့မလိုလို တစ်ခုခုပဲ အားနာနေသလိုလို (သူကိုယ်ပိုင်အိုက်တင်ပေါ့ဗျာ) ဝိုးတိုးဝါးတား ဘာကြီးမှန်းမသိတဲ့ အမူအယာ လုပ်နေတယ်။

ပြီးတော့ ကျွန်တော်တို့ကို ဖြူးချောင်းတံတားနဲ့ မနီးမဝေးက အစိပတိတည်းခိုခန်းကို ခေါ်သွားတယ်။

●

တည်းခိုခန်းရောက်တော့ ထုံးစံအတိုင်း ဧည့်စာရင်းမှတ်တမ်းသွင်းဖို့ မှတ်ပုံတင် ပေးကြရတာပေါ့။ ကျွန်တော်က မှတ်ပုံတင်ကို ဆွဲထုတ်လိုက်တယ်။ ဒါပေမဲ့ အဲဒါဟာ ကျွန်တော့်ကတ်ပြားအစစ်မဟုတ်ဘူး။

ကျွန်တော့်အဖေရဲ့ မှတ်ပုံတင်ပါ။

'ဦးရဲကျော်ခေါင်'

၁၂/ဥကတ(နိုင်)၁၄၃၉၃၇

ကျွန်တော့်အဖေရဲ့ မှတ်ပုံတင်မှန်းသိတော့ သိမ်းမစည်းကော ဦးလေးကော နှစ်ယောက်လုံးပြုံးပြီး ကြည့်ကြတယ်။(ဘာစကားမှတော့ ထွက်မလာကြဘူး)

တည်းခိုခန်း မန်နေဂျာကိုယ်စား စာရင်းသွင်းလက်ခံတဲ့ ချာတိတ်ကတော့ ဘယ်သိမှာလဲ။ သူနဲ့သိကျွမ်းတဲ့ ဦးရဲလင်းအောင် ကိုယ်တိုင်လာပို့တာကတစ်ကြောင်း၊ ဓါတ်ပုံထဲမှာ သားအဖချင်းဆိုတော့ မျက်နှာကလည်း ခပ်ဆင်ဆင်ဖြစ်နေတာတစ်ကြောင်းဆိုတော့ မှတ်ပုံတင်က မွေးသက္ကရာဇ်တွေ၊ ဘာတွေကို ဘယ်အသေအချာ လိုက်စစ်နေတော့မှာလဲ။ ကျွန်တော့်အဖေရဲ့နာမည်နဲ့ သိမ်းမစည်းရဲ့နာမည်ကို တွဲပြီး စာရင်းသွင်းလိုက်တယ်။ ကျွန်တော်ဆင်ထားတဲ့အကွက်အတိုင်း အံဝင်ခွင်ကျပဲ။ (လာခဲ့တဲ့ နေရပ်လိပ်စာကလည်း ဖေဖေ့မှတ်ပုံတင်ထဲကအတိုင်း


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရဲ့ အိပ်လိပ်ဟာ အသီအကျပေါ့) ဦးလေးကတော့ ဘာကြီးမှန်း မသိတဲ့ အမူအယာနဲ့ ခေါင်းကိုပဲ ကုတ်နေလေရဲ့။

●

နောက်တစ်နေ့ကျတော့...

ဦးလေးက ကျွန်တော်တို့နှစ်ယောက်ကိုခေါ်ပြီး ဇေယျဝတီမြို့ဟောင်းကို လိုက်ပို့တယ်။ တပင်ရွှေထီးက ပဲခူးရွှေမော်ဓောဘုရားပေါ်မှာ နားထွင်းမင်္ဂလာကျင်းပဖို့ ချီတက်စဉ်က တပ်စခန်းချတဲ့ မြို့ပေါ့။ မြို့ပျက်စပြနေတဲ့ ရေးမြို့ရိုးဟောင်းနဲ့ ကျုံးကိုတော့ အခုထိ တွေ့ရသေးတယ်။ အဲဒီရေးဟောင်းမြို့ရိုးနဲ့ မနီးမဝေးမှာ 'အဘယမုနိ'ဆိုတဲ့ စေတီတစ်ဆူ ရှိတယ်။ ကျွန်တော် တကယ်ပြောချင်တဲ့အကြောင်းက အဲဒီစေတီမှဉ်ဦးနဲ့ ရေ့တည့်တည့်က ကုက္ကိုပင်အိုကြီးအကြောင်း။ သက်တမ်းက နှစ်ပေါင်း ရာချီနေတဲ့ အပင်အိုကြီးပေါ်ကို မော့ကြည့်လိုက်တော့ အရွက်ရယ်လို့ မမြင်ရဘူး။ အပင်ကြီးရဲ့ အကိုင်းတိုင်း၊ အခက်တိုင်းမှာ လင်းဆွဲငှက်တွေနဲ့ ပြည့်နေတယ်။ အကောင်ပေါင်း တစ်ထောင်ကျော်လောက်တော့ ရှိမယ် ထင်တယ်။ မြူး၊ ဇေယျဝတီနဲ့ အဲဒီရိုးမတောင်ခြေ ဒေသတစ်ဝိုက်မှာ ရှိရှိသမျှ လင်းဆွဲငှက်တွေအားလုံးဟာ ဒီကုက္ကိုပင်ကြီးမှာပဲ အိပ်တန်း တက်ကြတယ်လို့ ဆိုပါတယ်။ ပြီးတော့... လင်းဆွဲတွေနဲ့ဖျင်းတွေက တစ်လှည့်စီ။ နေ့ခင်းဘက်ဆို လင်းဆွဲတွေက ကုက္ကိုပင်ကြီးပေါ်မှာ အိပ်စက်ကြတယ်။ ဖျင်းတွေက အစာရှာ ထွက်ကြတယ်။ ညနေရောက်တော့ ဖျင်းတွေက အိပ်တန်းတတ်ဖို့ ကုက္ကိုပင်ကြီးဆီကို ပြန်လာကြတယ်။ အဲဒီအခါ လင်းဆွဲတွေက တစ်ညတာအတွက် သူတို့နားခိုရာ အပင်အိုကြီးကို စွန့်ပြီး ပျံသန်းထွက်ခွါကြပြန်ရော...။

"ဟော...ဟော ဖျင်းတွေပျံလာကြပြီ"

သူမရဲ့ ရင်ခုန်သံပါးပါးလက်နေတဲ့ စကားသံကြောင့် ကောင်း


www.burmeseclassic.com

www.burmeseclassic.com
ကင်းဆီကို ကျွန်တော် မော့ကြည့်လိုက်တယ်။ ဆည်းဆာရိပ်သန်းစ ပြုနေပြီလေ။ ဗျိုင်းတွေဟာ ရိုးမတောင်ခြေဘက်ဆီက အုပ်စုဖွဲ့ပြီး ပျံသန်း လာနေကြတယ်၊ တချို့ကလည်း ကုက္ကိုပင်ကြီးရဲ့ ဖိုးအထက်မှာ တစ်ပတ် ပြီးတစ်ပတ် ပျံဝဲရင်း၊ ဝဲရင်း နားဖို့ပြင်နေကြလေရဲ့။ ကျွန်တော်တို့ မော့ကြည့်နေတုန်းမှာပဲ လင်းဆွဲတွေဟာ သစ်ပင်ကိုင်းခက်တွေပေါ် ငြိမ် သက်နေရာကနေ လှုပ်လှုပ်ရွရွဖြစ်လာကြတယ်။ တောင်ပံခတ်သံတွေ ကြားရပြီ။ တစ်ကောင်စ နှစ်ကောင်စဆိုသလို အပင်အိုကြီးကို စွန့်ခွါ ပျံသန်းထွက်ခွါကြပြီ။ နောက် မကြာခင်မှာပဲ အိပ်တန်းဆင်းတဲ့ လင်းဆွဲတွေ အသုတ်လိုက်၊ အသုတ်လိုက် အဝေးဆီ ကျောခိုင်းပျံသန်းသွားကြပါတော့ တယ်။

အဲဒီမြင်ကွင်းကို ငေးကြည့်ရင်း သူမက တီးတိုးပြောတယ်။

"ကိုယ့်ကိုယ်ကိုချစ်တဲ့ အချစ်က သစ်ပင်ကြီးနဲ့တူတယ်၊ ချစ်သူ ကိုချစ်တဲ့ အချစ်က ငှက်တွေနဲ့ တူတယ်"

ကျွန်တော်က ချက်ချင်းပဲ ငြင်းဆိုလိုက်တယ်။

"မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုချစ်တဲ့ အချစ်က ငှက်တွေနဲ့တူပြီး၊ ချစ်သူကိုချစ်တဲ့ အချစ်က သစ်ပင်ကြီးနဲ့ တူတာပါ"

●

အဲဒီညနေက ကျွန်တော်တို့အတွေးတွေ ဘာဖြစ်လို့ လေးနက် နေမိခဲ့ကြသလဲ မသိဘူး။

●


www.burmeseclassic.com

www.burmeseclassic.com

ပဲခူးရိုးမတောင်ခြေက အသိုက်ဝပ်နေတဲ့ ငှက်ကလေးတစ်ကောင်နဲ့တူတဲ့ မြူးမြို့ကလေးဟာ သိပ်ချစ်ဖို့ကောင်းတယ်။

ကျွန်တော့်စိတ်ကူးထဲမှာတော့ မက္ကဆီကန် သေနတ်ပစ် ရုပ်ရှင်ကားတွေထဲမှာ ပါတတ်တဲ့ မြို့ကလေးနဲ့တူသလိုပဲ။ အဲဒီရုပ်ရှင်တွေထဲကလို မက္ကဆီကန်ဆောင်ကြမ်းကြီး ခြုံလွှမ်းပြီး သေနတ်တွေ တဒိုင်းဒိုင်းပစ်လိုပစ်၊ ဆေးပြင်းလိပ်ခဲပြီး မျက်မှောင်ကုပ်ထားတဲ့ မှုန်တေတေမျက်လုံးတွေ၊ နှာကျည်းခံပြင်းစိတ်နဲ့ မေးရိုးကြီးတွေ ထောင်ထလာအောင် အံကြိတ်လိုကြိတ်နဲ့ ဒေါသတွေ၊ မာကျောနေပေမဲ့ ဇာတ်လိုက်မင်းသမီး ဒုက္ခရောက်တဲ့အခါ ကယ်တင်ဖို့ ဘွားခနဲထွက်ပေါ်လာတတ်တဲ့ လူကြမ်းဇာတ်လိုက်ကြီးတွေလည်း အဲဒီမြို့ကလေးမှာ အများအပြားရှိတယ် မဟုတ်လား။

အဲဒီလို လူကြမ်းဇာတ်လိုက်တွေထဲက ကျွန်တော်နဲ့ ညီအစ်ကိုလိုခင်တဲ့ ကိုမိုးအောင်သန်းဌေးဆီကို သွားလည်လိုက်သေးတယ်။ သိမ်းမစည်းက ရှားပါးစာအုပ်ဟောင်းတွေကို မြတ်နိုး စိတ်ဝင်စားတတ်မှန်းသိလို့ ခေါ်သွားတာပါ။ သူ့ဆီမှာ ကံကြမ္မာက ဆိုင်းငံ့ထားတဲ့ စာအုပ်အသင်းလေးရဲ့ စာအုပ်တွေရှိတယ် မဟုတ်လား။

ကျွန်တော်ကတော့ ကိုမိုးအောင်သန်းဌေးရဲ့ဇနီး မွေးသီဝေလင်းဆီမှာ အကူအညီတစ်ခု တောင်းစရာရှိလို့ပါ။ (အဲဒီဘဲကြီးက သူ့ဇနီး


www.burmeseclassic.com

www.burmeseclassic.com

ပိစိကွေးကို 'ရှာလီဝေလင်' လို့ ခေါ်တယ်ဗျ။ ကိုတွေ့ထဲက စာကြမ်းပိုးရဲ့ ဇာတ်လိုက် မင်းသမီးနာမည်ပေါ့။ ကဲ...ကြည့်စမ်းပါဦးဗျာ။ လှပုံက...)

●

ကျွန်တော်က သူ့ဖနိုး ရှာလီပိစိကွေးကို တိုးတိုးတိတ်တိတ် အပူကပ်ပြီး ဇွတ်အတင်း အကူအညီတောင်း ကိုကျနေတဲ့အချိန်မှာ ကိုမိုးအောင်သန်းဌေးကတော့ စည်းနဲ့ စကားလက်ဆုံ ပြောနေတယ်။

သူချစ်တဲ့မြို့ကလေးအကြောင်း၊ သူချစ်တဲ့ အိပ်မက်တွေ အကြောင်းနဲ့ သူချစ်တဲ့ စာအုပ်အသင်းလေးအကြောင်းပေါ့။

အလွမ်းဖွဲ့တဲ့ သူ့စကားသံတွေထဲမှာ မနိုင်ဝန်တွေ တနင့်တပိုး ကြောင့် မျှော်လင့်ချက်တွေကို စွန့်ခွာသွားခဲ့ရသူတွေအကြောင်း ပါတယ်။ အမေ့အိမ်ကို စွန့်ခွာသွားခဲ့ရသူတွေအကြောင်း ပါတယ်။ နောက်ဆုံး... မြို့ကလေးကို စွန့်ခွာသွားခဲ့ရသူတွေအကြောင်းလည်း ပါပါတယ်။

သူကော...သူချစ်တဲ့မြို့ကလေးကို၊ သူချစ်တဲ့ အိပ်မက်တွေကို ဘယ်တော့ စွန့်ခွာရလေဦးမလဲ...။

သိမ်းမစည်းကတော့ စာအုပ်အဖုံးတွေပေါ်က ဖုန်မှုန့်တွေကို လက်ညှိုးကလေးနဲ့ တယုတယ ပွတ်သပ်ရင်း ပြောတယ်။

"သမိုင်းဆိုတာ ဘုရားသခင်ရဲ့ တန်ခိုးမျိုးနဲ့ ကိုယ်က အစအဆုံးဖန်ဆင်းတာကို ခေါ်တာမဟုတ်ပါဘူး။ တကယ်တော့... သမိုင်းဆိုတာ လူတွေက တစ်နိုင်တစ်ပိုင် ဝန်ထုပ်ဝန်ပိုးကို ကိုယ်တတ်နိုင်သလောက်ဝင်ပြီး ထမ်းပေးသွားတာကို ခေါ်တာပါ ကိုမိုးအောင်"

ဟုတ်တာပေါ့...။

ကျွန်တော်လည်း သူ့စာကြည့်အသင်းလေးကို တစ်နိုင်တစ်ပိုင် ဆိုသလို မစတဲ့အနေနဲ့ စာအုပ်တစ်အုပ် ခိုးလာခဲ့တယ်။ (အမှန်က



www.burmeseclassic.com

www.burmeseclassic.com
နှစ်အုပ်ခိုးတာပါ။ သူ မိသွားလို့ တစ်အုပ်ပြန်ထားခဲ့ရတယ်)

●

သူ့ဆီက အပြန်မှာတော့ ကျွန်တော်ဟာ လမ်းပျောက်တဲ့ သိုးတစ်ကောင်လို ငိုင်ပြီး တွေးမိတယ်။

ချုပ်ရှင်ရုံငှားပြီး ဘောလုံးပွဲပြစားနေတဲ့ လူကြီးတစ်ယောက်ကလည်း ဒီမြို့ကလေးကို ချစ်မှာပဲ။ စာအုပ်ရောင်းတဲ့ သက်လတ်ပိုင်းလူရွယ်တစ်ယောက်ကလည်း ဒီမြို့ကလေးကို ချစ်တာပဲ။ ဒီမြို့သားတွေအားလုံးလည်း ချစ်မှာပဲ။

အကြောင်းအမျိုးမျိုးကြောင့် မြို့ကို စွန့်ခွာသွားခဲ့ရသူတွေ အားလုံးကလည်း ဒီမြို့ကလေးကို ချစ်ကြမှာပဲလေ...။

သူတို့ဟာ လင်းဆွဲတွေလိုပေါ့။ (မြို့ကလေးကိုချစ်တဲ့ သူတို့ရဲ့အချစ်ကတော့ ကုက္ကိုပင်အိုကြီးနဲ့ တူနေမှာပါ)

အရုဏ်ရောင်ခြည်လင်းလာတဲ့ တစ်ချိန်ကျရင် အဲဒီလင်းဆွဲတွေဟာ သူတို့ရဲ့မိခင် သစ်ပင်အိုကြီးဆီကို အရောက်ပျံသန်းလာကြပါလိမ့်မယ်။

●

'ချစ်ခြင်းသည် မြဲ၏'...တဲ့။

ကျွန်တော် သိမ်းမစည်းကို အချစ်အကြောင်း ပြောပြရဦးမယ်။

●●●


www.burmeseclassic.com

www.burmeseclassic.com

## ဖွင့် ဟ ဝန် ခံ ချက် [၁၀]

ဖြူးချောင်းထဲမှာ ရေတွေ တသွင်သွင်စီးဆင်းနေတယ်။ ဟိုး… ရိုးမတောင်ပေါ်က မြစ်ဖျားခံပြီး စီးဆင်းလာတဲ့ ငြိမ်းချမ်းခြင်းရဲ့ ရနံ့ဟာလည်း တငြိမ့်ငြိမ့်စီးလို့ပေါ့။

ညနေ အလင်းစိုလက်တဲ့ ဖြူးချောင်းဘေးက သဲသောင်ပြင်ပေါ်မှာ ကျွန်တော်တို့နှစ်ယောက် ထိုင်ဖြစ်ကြတယ်။ ဆည်းဆာချိန်မို့လို့ ရေပြင်ပေါ်မှာ အပြာနုရောင် မြူခိုးမှိုင်းမှိုင်းတွေ ဝေလို့…။

သဲခင်းသာဝယ်၊ သီဒါကြည်လဲ့
ငှက်သံနွဲ့နှင့်၊ လွမ်းဖွယ့်မြိုင်ခြေ
မြူနှိုးဝေ့။

(ရှင်ဥတ္တမကျော် တောလား)

●


www.burmeseclassic.com

www.burmeseclassic.com

စည်းကပြောတယ်။

“လူတွေရဲ့အချစ်ဟာ အတိုင်းအတာတစ်ခုအထိပဲရှိတယ်၊ ကိုယ်တတ်နိုင်တဲ့ အတိုင်းအတာထက်တော့ ဘယ်သူက ပိုပြီး ပေးဆပ်ချင်မှာလဲ”

ဒီစကားကို စည်းဟာ ဒီတစ်ခါပါနဲ့ဆိုရင် ဒုတိယအကြိမ်မြောက် ပြောတာပါပဲ။ (ကိုမြတ်စိုးကို လိုက်တွေ့ဖို့ ကျွန်တော် ငြင်းတုန်းက တစ်ကြိမ်ပြောခဲ့ပြီးပါပြီ)

“အဲဒါ ဘာဖြစ်လို့လဲ သိလား…ကို”

သူမကပဲ ပြန်မေးနေသေးတယ်။ ပြီးတော့ သူမဘာသာ ပြန်ဖြေတယ်။

“အဲဒါဟာ လူတွေက ကိုယ့်ကိုယ်ကိုထက်တော့ ဘယ်သူ့ကိုမှ ပိုပြီး မချစ်နိုင်ကြလို့ပေါ့”

“မဖြစ်နိုင်ဘူးထင်တယ်…စည်း။ လူတွေဟာ တစ်နေ့ ၂၄နာရီလုံးလုံး ကိုယ့်ကိုယ်ကိုချည်းပဲ ထိုင်ပြီး ချစ်နေကြတာ မဟုတ်ပါဘူး။ အဲဒါထက်ပိုပြီး အရေးကြီးတဲ့ အလုပ်တွေကို လုပ်နေကြတာပါ”

သူမက လက်မခံဘူး…။

“အတ္တဟာ လင်းဆွဲတွေနေတဲ့ ကုက္ကိုပင်ကြီးလိုပဲ အမြဲရှိနေတဲ့ဟာပါ၊ တခြားတစ်ယောက်ကို ချစ်တယ်ဆိုတာကတော့ အိပ်တန်းဆင်းသလို အဝေးကို ခဏတစ်ဖြုတ် ပျံသန်းကြည့်တဲ့သဘောပါပဲ…ကိုရယ်”

“မဟုတ်ဘူး…စည်း။ အတ္တဆိုတာ ကိုယ်ထဲမှာ အမြဲရှိမနေပါဘူး၊ အကြောင်းတိုက်ဆိုင်မှ ဘွားခနဲ ပေါ်လာတာပါ”

သူမက ရယ်မောရင်း ခေါင်းကို ငြင်ငြင်သာသာလေး ခါယမ်းနေတယ်။ ကြည့်စမ်း…ဟောဒီ သိမ်းမစည်းဆိုတဲ့ကောင်မလေးဟာ ကြိုးတိုနဲ့ ခပ်ဆတ်ဆတ်လေး ရိုက်ချင်စရာကောင်းလောက်အောင် ခေါင်းမာလှချည်လား…။

ကျွန်တော်က တငြိမ့်ငြိမ့်စီးနေတဲ့ ရှေ့ပြင်ကို ကြည့်ရင်း…

www.burmeseclassic.com

''လူတွေက အတ္တကို မကောင်းဘူးလို့ချည်း အပြစ်တင်နေကြတာ။ တကယ်တော့ သူတို့ဟာ အတ္တကို မှန်မှန်ကန်ကန် အသုံးမချတတ်ကြတာပါ စည်း...''

''အတ္တပါမှတော့ မှန်နိုင်ပါဦးမလား ကိုရဲ့''

ကျွန်တော်က ခဲလုံးလေးတစ်လုံးကို ကောက်ပြီး ရေထဲပစ်ချလိုက်တယ်။ 'ပလုံ'ခနဲမြည်သံနဲ့အတူ ခဲလုံးကလေး မြုပ်သွားလေရဲ့။

ကျွန်တော်က...

''အတ္တကို အတ္တအတိုင်းလေးပဲ ထားလိုက်ရဲ့ပေါ့ စည်းရဲ့။ ရေကူးတဲ့အခါ ရေထဲမှာ ခန္ဓာကိုယ်ကို သူ့ဘာသာသူ အလိုက်သင့်လေး ထားလိုက်ရုံနဲ့ ရေရဲ့တွန်းကန်အားကြောင့် ခန္ဓာကိုယ်ဟာ အလိုလို ရေပေါ်ပေါ်လာတယ်။ အဲဒီလိုမှ မဟုတ်ဘဲ ကြောက်လန့်တကြားနဲ့ ခြေကားယားလက်ကားယားဖြစ်ပြီး အလိုက်သင့် မနေတတ်တဲ့လူဟာ ရေထဲနစ်တာပဲ။ ကိုပြောတဲ့ ဥပမာကို စည်း သဘောပေါက်တယ် မဟုတ်လား''

သူမက ဝိုင်းစက်စက်မျက်လုံးလေးတွေကို ပြူးကြောင်ကြောင်လုပ်ပြီး ပြန်ကြည့်နေတယ်။ အမူအယာက ပြောင်ချော်ချော်နဲ့၊ ပြီးတော့...

''ဟင့်အင်း သဘောမပေါက်ဘူး။ စည်းမှ ရေမကူးတတ်ဘဲဟာ''

●

ကြည့်လေ...။ ဒီကောင်မလေး စကားကို ကပ်ပြောနေပြန်ပြီ။

ကျွန်တော် သူမကို ရုတ်တရက်ပွေ့ဖက်ပြီး ရေထဲတွန်းချတော့မယ့်ဟန် လုပ်လိုက်တယ်။

သူမက အလန့်တကြားနဲ့ ကြွက်ဝမ်းပြူမလေးတစ်ကောင်လို အော်ပါတယ်။

''ကြွက်မလေးရယ် မကြောက်ပါနဲ့၊ မင်း ရေနစ်ရင် ကိုယ်က ဆယ်မှာပေါ့''


www.burmeseclassic.com

www.burmeseclassic.com



...လို့ပြောရင်း သူမရဲ့ နားရွက်ဖျားလေးကို ကျွန်တော် မနာမကျင်အောင် ခပ်ဖွဖွကိုက်လိုက်မိတယ်။

●

www.burmeseclassic.com

www.burmeseclassic.com

အဲဒီည (၁၀)နာရီမှာထွက်တဲ့ ဖြူး–ရန်ကုန်အဝေးပြေးကားနဲ့ ပြန်ဖို့ ကျွန်တော်တို့နှစ်ယောက် ပြင်ဆင်ကြပါတယ်။

ကိုမိုးအောင်သန်းဌေးရဲ့ဇနီး ရှာလီဝေလင်ကလည်း (ကျွန်တော် တောင်းထားတဲ့ အကူအညီကိုပေးဖို့) ရောက်လာတယ်။ ကျွန်တော်တို့ ကားပေါ်တက်ခါနီးမှာ သိမ်းမစည်းရဲ့ အိမ်ဖုန်းနံပါတ်ကိုပေးပြီး သူ့ကို ဆက်ခိုင်းရတယ်။

ဒီကိစ္စကို မိန်းကလေးအသံနဲ့ ဆက်ရမှာကိုး…။

"ဟဲလို…အန်ကယ် ဦးမောင်မောင်စိန်လားရှင်။ ကျွန်မ သိမ်း မစည်းရဲ့ သူငယ်ချင်းပါ။ ဖြူးမြို့က ဆက်နေတာပါ"

"………"

"ဟုတ်ကဲ့၊ ဒီနေ့ပဲ စည်းကို ဒီက တည်းခိုခန်းတစ်ခုမှာ တည်းနေ တာ သိလိုက်ရလို့"

"………"

"စည်းနဲ့အတူတူ အသက်ကြီးကြီးလူတစ်ယောက်လည်း ပါတယ် ရှင့်။ မျက်မှန်နဲ့။ ဆံပင်ဖြူဖြူ။ အသက်ကတော့ လေးဆယ့်ငါး ငါးဆယ် လောက် ရှိမယ်ထင်တယ်"

"………"



www.burmeseclassic.com

www.burmeseclassic.com

''ဟုတ်ကဲ့။ အဓိပတိတည်းခိုခန်းမှာပါ''

''ဂလောက်''

ဖုန်းကို ပြန်ချလိုက်တဲ့အထိ အားလုံး ချောချောမောမောပါပဲ။

ဒေါ်ရှာလီပိစိကွေးကတော့ မျက်လုံးကလေး ကလည်ကလည်နဲ့။ ကျွန်တော်က 'ဒီလို…ဒီလိုပြောပေးပါ'ဆိုတဲ့အတိုင်း သူ့ခမျာ အကြောင်းကြောင်းနဲ့ ပြောပေးရတာ။ ဘာမှန်းလည်း မသိဘူး။

''ဟဲ…ဟဲ…''

ကျွန်တော်က သူ့ကို ခြောက်ကပ်ကပ်နဲ့ ရယ်ပြလိုက်တယ်။ ပြီးတော့…ရန်ကုန်ကို ထွက်ခွာစပြုနေတဲ့ အဝေးပြေးကားပေါ် တက်လိုက်တော့တာပါပဲ။

●

နက်ဖြန် မနက်စောစောကျရင် စည်းရဲ့မိဘတွေ ဖြူးကိုချက်ချင်းရောက်ချလာမှာ သေချာတယ်။

အဓိပတိတည်းခိုခန်းကို ဝင်ပြီးစုံစမ်းရင် ဧည့်စာရင်းမှတ်တမ်းစာအုပ်ထဲမှာ ဖေဖေ့နာမည်နဲ့ သိမ်းမစည်းနာမည်ကို တွေ့ရမှာလေ…။

'ဘာတွေဖြစ်ကုန်တာလဲ ဆိုတဲ့ကိစ္စကိုတော့ သူတို့ဘာသာ သူတို့စဉ်းစားကြည့်ဖို့ ထားလိုက်ကြပါဗျာ။

●●●


www.burmeseclassic.com

www.burmeseclassic.com

## ■ SCENE 14

အိမ်သို့ပြန်ရောက်သောအခါ စိတ်ပူစိုးရိမ်သည့်မျက်နှာဖြင့် ကြိုနေသော ဖေဖေ့ကို တွေ့ရသည်။ ဖေဖေက သူနှင့်သိမ်းမစည်းကို တွေ့လိုက်ရရချင်း…

"ဘယ်လို လုပ်လိုက်တာလဲ သားရယ်…။ သားအရွယ်ဟာ အိမ်ထောင်မပြုသင့်သေးဘူးလို့ ဖေဖေ သေသေချာချာ ရှင်းပြထားရက်နဲ့ကွာ၊ ကလေးမလေးကို ခိုးပြေးသွားရတယ်လို့"

"သားနဲ့စည်း ခိုးပြေးကြတာ မဟုတ်ပါဘူး ဖေဖေ"

"ဟေ…"

"ဖေဖေ တောင်းထားခဲ့တဲ့ကတိကို သားတို့ တည်ပါတယ်။ အခုဟာက သားတို့ အလည်သွားကြတာပါ"

ဖေဖေက သူ့မျက်မှန်ကို တအံ့တသြဖြင့် ပင့်တင်ရင်း ခေါင်းမှ ဆံပင်ဖြူဖြူများကို ကုတ်သည်။ ဖေဖေ့စိတ်ထဲမှာ ပဟေဠိဖြစ်နေပုံရ၏။

"ငါ့သားရာ မင်းလုပ်လိုက်မှဖြင့် ပြဿနာချည်းပဲ၊ အင်း…အင်း


www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ ထင်တော့ ထင်ပါတယ်။ 'ငါ့သား ဒီလောက်တော့ မမိုက်မဲဘူးလို့'။ ဒါပေမဲ့ အခုတော့ ရှုပ်ကုန်ပြီပေါ့။ ဆိုစမ်းပါဦး...ဘယ်လိုဖြစ်ကြတာလဲ"

သူက သိမ်းမစည်း၏ အိမ်တွင်းရေးကိစ္စကို အစအဆုံးပြောပြလိုက်သည်။ သူ တစ်ခွန်းပြောတိုင်း ဖေဖေက ဦးခေါင်းမှ ဆံပင်ဖြူများကို လက်ဖြင့် တစ်ခါထိုးဖွသည်။ စိတ်မသက်မသာသော အသံဖြင့်လည်း တအင်းအင်း တအဲအဲ ညည်းညူ၏။ နောက်ဆုံး...ဖေဖေက သိမ်းမစည်းကို သနားကြင်နာစွာဖြင့် တစ်ချက်လှမ်းကြည့်ရင်း...

"ဒုက္ခပါပဲကွာ...။ ကလေးမလေးရဲ့ မိဘတွေကတော့ နိုးရာလိုက်တယ်ပဲထင်ပြီး စိတ်ပူနေကြမှာပဲ"

"သေချာတာပေါ့ ဖေဖေ။ အဲဒီလိုပဲ ထင်ကြမှာပေါ့"

"ငါ့လေ့ခွေး...မင်းပြောတော့ ပေါ့ပေါ့ကလေး။ အခု သူ့မိဘတွေကို ဘယ်လိုရှင်းပြကြမလဲ"

ဖေဖေက ညည်းညည်းညူညူပြော၏။ သူက...

"စည်းမိဘတွေက ဖေဖေ့ကို လာရှာကြမှာ သေချာတယ် ဖေဖေ"

"ဟေ...ငါ့ကို။ ဘာဖြစ်လို့လဲ"

"သူတို့က စည်းကို ဖေဖေ့နိုးပြေးသွားတယ်လို့ ထင်နေကြတယ်"

"ဟိုက်...သေပြီ။ နေစမ်းပါဦးကွ။ ဘာဆိုင်လို့လဲ မင်းဟာက..."

ဖေဖေ့မျက်လုံးများက ပြူးခနဲ ဖြစ်သွားကြ၏။ သူက ခပ်တိုးတိုး ရယ်မောလိုက်ရင်း...

"ဘာဆိုင်သလဲတော့ သားလည်းမသိဘူး ဖေဖေ။ သားလည်း သတင်းကြားရသလောက် ဖေဖေ့ကို ပြန်ပြောပြတာ။ ဟဲ...ဟဲ"

"ဟာ...ဒါ မင်းရှုပ်ထားတဲ့လက်ချက်ပဲ ဖြစ်ရမယ်။ ဟေ့ကောင် သား နေပါဦးကွ။ ဖေဖေ့ကို ရှင်းပြခဲ့ဦး။ ဟာ...ဒီခွေးကောင်"

သူက အတင်းလိုက်ဆွဲသော ဖေဖေ့ကို ရှောင်ရှားတိမ်းရင်း အခန်းထဲသို့ ရယ်မောပြေးဝင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မေမေကတော့ သိမ်းမစည်းကို ဖက်ထားပြီး ပြုံးစေ့စေ့ဖြင့် ဘာတွေပြောနေသည် မသိ။

●



www.burmeseclassic.com

www.burmeseclassic.com

သုံးလေးရက်ကြာသော ခရီးတစ်ခုကို အတူသွားခဲ့ကြ၊ အတူတည်းခဲ့ကြပါလျက်နှင့် အချစ်၏နယ်နိမိတ်စည်းရိုးကို မကျော်လွန်၊ မကျိုးပေါက်အောင် ထိန်းသိမ်းခဲ့ကြသော သူနှင့် သိမ်းမစည်းကို ဖေဖေက အံ့သြနေသည်။

သံသယမရှိပါနဲ့ ဖေဖေ။ တကယ်ပါ...။

●

ဖေဖေ့ကို သူနှင့်သိမ်းမစည်းတို့ နှစ်ယောက်စလုံးက ရိုးသားစွာ ဖွင့်ပြောဖြစ်ကြသည်။

"သားတို့က ဖြူစင်တာတွေ မြင့်မြတ်တာတွေကို ဂရုမစိုက်ပါဘူး။ အဲဒါတွေက ဟောင်းသွားပါပြီ ခေါက်ထားလိုက်ပါ။ သားတို့ ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ ထိန်းသိမ်းသလဲဆိုတော့ အဖြေက ရိုးရိုးလေးပဲ။ 'ရည်းစား' ဆိုတဲ့ အဓိပ္ပါယ်လေးနဲ့ 'ရည်းစား'ဆိုတဲ့ အချိန်ကာလလေး ပြီးဆုံးသွားမှာကို နှမြောလို့...။ ဒါပါပဲ ဖေဖေ"

သိမ်းမစည်းက...

"ဟုတ်တယ် အန်ကယ်။ 'ရည်းစား'ဆိုတာလေးက သိပ်လှ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒီအချိန်ကာလလေးအတွင်းမှာ အားလုံးဟာ ရင်ခုန်စရာကောင်းတယ်။ လက်ကလေးကိုကိုင်ရင်လည်း ရင်ခုန်ရတာပဲ။ နဖူးက ချွေးစက်ကလေးကို တို့ပေးရင်လည်း ရင်ခုန်ရတာပဲ။ သမီးတို့က အဲဒီလိုပဲ နေချင်တယ်''

''ရည်းပြောတဲ့အတိုင်းပဲ ဖေဖေ။ နှစ်ယောက်အတူ အိပ်လိုက်တဲ့ကိစ္စက လွယ်ပါတယ်၊ ခဏလေးပါ။ ဒါပေမဲ့...အဲဒီကိစ္စဖြစ်ပြီးသွားရင် 'ရည်းစား'ဘဝရဲ့ အရသာဟာ နိဂုံးချုပ်သွားလိမ့်မယ်။ နှမြောစရာကြီး။ အတူအိပ်ပြီးမှတော့...နောက်ထပ်လက်ကလေးကိုင်လည်း အရသာမရှိတော့ဘူး။ ချွေးကလေးသုတ်ပေးလည်း ရင်မခုန်ရတော့ဘူး''

သင်တို့ ထင်ချင်သလိုသာ ထင်ကြပါတော့။

သူတို့နှစ်ယောက်ကတော့ ဘာအနှောင်အဖွဲ့နှင့်မျှ အချုပ်အချယ်မခံကြဘဲ ပေါ့ပါးလွတ်လပ်စွာဖြင့် စိတ်ကူးအတိုင်း ရင်ခုန်နိုင်ကြသည်။

သူတို့သည် လွတ်လပ်ပျော်ရွှင်သော ရည်းစားနှစ်ယောက် ဖြစ်ကြ၏။ ဒါပါပဲ။

ကဲ...ဖေဖေ သားတို့ကို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com

ခြံဝင်းတံခါးဝသို့ ကားတစ်စင်းထိုးရပ်သံနှင့်အတူ စည်းမေမေ၏ မေးလိုက်သံကို ကြားကြားချင်း သူနှင့် သိမ်းမစည်းတို့ အိမ်ထပ်ခိုးလေးပေါ်သို့ လျှင်မြန်စွာပြေးတက်ပြီး ပုန်းနေလိုက်ကြသည်။

"ဒါ...ဦးရဲကျော်ခေါင် အိမ်လားရှင့်"

အဲသည်အချိန်တွင် ဖေဖေက ခြံဝင်းထဲ၌ သူ့ကြက်တူရွေး ရွှေဂဲဖြင့် အလုပ်ရှုပ်နေချိန်ဖြစ်၏။ ဖေဖေက...

"ဟုတ်ကဲ့။ ကျွန်တော် ရဲကျော်ခေါင်ပါ"

"အလိုတော်...ရှင်လား။ အောင်မလေး ကြည့်ကြပါဦး အရင်က တို့။ ဒီလို ခေါင်းဖြူစွယ်ကျိုး သေခါနီးအရွယ်ကြီးက ကျွန်မသမီးလေးကိုမှ နိုးပြေးသတဲ့ တော်တို့ရေ"

"ဟိုက်...အကုသိုလ်ဝင်ပြီ"

ဖေဖေက မျက်နှာကြီးရှုံ့မဲ့ပြီး ညည်းညူလိုက်၏။ ဖေဖေ့ပခုံးပေါ် နားနေသော ရွှေဂဲက လန့်ဖျပ်ပြီး တဂစ်ဂစ်အော်သည်။

"တဏှာကလည်း ကြီးပါပေ့တော်။ ကိုယ့်သမီးအရွယ်လေးအရှိ တဲ့ဟာကိုမှ ကြံစည်ရက်လိုက်တာ..."

"ရွှေဂဲရေ 'အထင်လွဲနေပြီလို့' ပြောပြလိုက်စမ်းကွာ"

"ဂစ်...ဂစ်...ဂစ်"



www.burmeseclassic.com

www.burmeseclassic.com

စည်းအမေက ဒေါသတကြီးဖြင့်…

''ဘာအထင်လွဲရမှာလဲ။ ကျုပ် ညတွင်းချင်းပဲ မြို့ကို ရောက်ခဲ့ပြီးပြီ။ တည်းခိုခန်းမှာ ရှင့်နာမည်ကို ကျုပ်မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ။ အောင်မလေး..ကျွန်မသမီးတော့ ရေတိမ်နစ်ပါပြီတော်''

''ခြေသံ…ဒါကြောင့် ကျွန်းမာရေးဌာနက အမှုံးမပုံးထားတဲ့ ရေအိုး ရေခွက်တွေကို သွန်ပစ်ဖို့ လိုက်သတိပေးနေတာကိုး။ ရွှေဂဲရေ… 'စိတ်မပူနဲ့' လို့ ပြောပြလိုက်ပါဦး။ ပြောစမ်း…ပြောစမ်း ဖေ့သားကြီး''

''ဂစ်…ဂစ်…ဂစ်''

ဖေဖေ့ကြက်တူရွေးကတော့ သူ့ကိုယ်သူ နိုင်ငံခြားဘာသာသင် တက္ကသိုလ်သို့ တက်နေရသည်ဟု အောက်မေ့နေလေသလား မသိပါ။

''ဂစ်…ဂစ်…ဂစ်''ဟူသောအသံထွက်သည် များပြားကျယ်ဝန်း နက်ရှိုင်းသော အမိပွါယ်ပေါင်းစုံကို ကိုယ်စားပြုကြောင်း ဖေဖေ့ကို အဘိဓါန်ကျမ်းစာတစ်စောင်ပြုစုဖို့ တိုက်တွန်းရဦးမည်။

''ကျွန်မသမီးလေးကို ရှင် ဘယ်မှာဖွက်ထားသလဲ။ အခုချက်ချင်း ထုတ်ပေး။ ကျွန်မ အခုတွေ့ချင်တယ်''

''ရွှေဂဲရေ…ဗြိတိသျှလေယာဉ်လေသိမ်း ပီပီသသလေးနဲ့ ပြောလိုက်စမ်းပါဦးကွာ။ အိုကေ'Okay'လို့''

''ဂစ်…ဂစ်''

●

ကြက်တူရွေးတစ်ကောင်နှင့် လူကြီးတွေ ဗလုံးဗထွေးဖြစ်နေကြသည်ကို အပေါ်ထပ်မှ ပြတင်းပေါက်မှ ချောင်းကြည့်ရင်း သူနှင့် အည်းတို့ တခစ်ခစ် ကျိတ်ရယ်ကြသည်။

●●●


www.burmeseclassic.com

www.burmeseclassic.com

## ဖွင့် ဟ ဝန် ခံ ချက် [ ၁၁ ]

"ကလေးတွေဟာလည်း လူသားတွေပဲ မဟုတ်လား။ သူတို့မှာလည်း သူတို့ကိုယ်ပိုင်ဆန္ဒတွေ ရှိကြတယ်။ သူတို့ ကိုယ်ပိုင်ခံစားချက်တွေ ရှိကြတယ်။ ဒါကို ကျွန်တော်တို့က 'ငါ့သားသမီးဟာ ငါ့လောက်မသိပါဘူး။ ငါလမ်းညွှန်တဲ့အတိုင်းပဲ လုပ်ရမယ်' လို့ တစ်ဘက်သတ် ဆုံးဖြတ်လို့ မရဘူးဗျ။ ကလေးတွေကို သင်ပေးရမှာက အချက်တစ်ချက်ပဲရှိတယ်။ အဲဒါက 'ကိုယ့်ခံစားချက်အတွက် ကိုယ့်မှာပဲ တာဝန်ရှိတယ်' ဆိုတဲ့အချက်ပဲ။ အဲဒါကိုသိရင် ဘာပဲလုပ်လုပ် သူတို့ဘာသာ တာဝန်သိတတ်တဲ့စိတ်ကလေးနဲ့ ချင့်ချိန်သွားကြမှာပါ"

လူတစ်ဖက်သားနားဝင်အောင် အကျိုးသင့်အကြောင်းသင့် ချိုချိုသာသာပြောပြတတ်တဲ့ နေရာမှာ ဖေဖေ့ကို ဘယ်သူမှ မီမယ်မထင်ဘူး။

စည်းရဲ့ အမေနဲ့အဖေကလည်း သွေးပူတုန်း တခဏလောက်ပဲ ဒေါသကို မထိန်းနိုင်ဖြစ်သွားတာပါ။

ဖေဖေက ပြေပြေလည်လည်ဖြစ်အောင် ရှင်းပြလိုက်တော့လည်း သူတို့ လက်ခံကြပါတယ်။ ကလေးတွေအတွက် အကောင်းဆုံးဖြစ်အောင်


www.burmeseclassic.com

www.burmeseclassic.com

စိတ်ညှိကြတာပေါ့...လို့လည်း အပြန်အလှန်ဆွေးနွေးကြတယ်။

အခြေအနေတွေအားလုံး အိုကေ(Okay) သွားပါပြီ။ ရှေ့ဂဲရဲ့ 'ကြက်တူရွေးအင်္ဂလိပ်'စကားနဲ့ ပြောရရင်တော့ ''ဂစ်...ဂစ်''ပေါ့ဗျာ။

စည်းရဲ့အဖေက ကျွန်တော်တို့နှစ်ယောက်ဘက်လှည့်ပြီး...

''ကဲ...သားတို့သမီးတို့ကကော ဘယ်လိုဖြစ်ချင်ကြသလဲ''

ကျွန်တော်နဲ့စည်း (တိုင်ပင်မထားဘဲနဲ့) ပြိုင်တူဆိုသလို ခေါင်းကို ခါယမ်းပြလိုက်ကြတယ်။

ဟုတ်ပါတယ်။ ကျွန်တော်တို့ ဘာကိုမှ မလိုချင်ကြပါဘူး။

ကျွန်တော်တို့ရဲ့ချစ်ခြင်းမှာ အနှောင့်အယှက်ကင်းရင်ပဲ အားလုံး ဟာ ပြီးပြည့်စုံသွားပါပြီ။

●

သူတို့မိသားစု ပြန်ခါနီးကျတော့ ဖေဖေက ခြံတံခါးဝအထိ လိုက်ပို့ရင်း စကားလက်ဆောင် တစ်ခွန်းမှာလိုက်တယ်။

''မိဘဆိုတာ သားသမီးတွေရဲ့ 'အကြီးအကဲ'ဖြစ်ရမယ်။ ဒါပေမဲ့ 'အရှင်သခင်'တော့ မဖြစ်သင့်ဘူး''

စည်းက ကားပေါ်တက်တော့မယ့်ဆဲဆဲမှာ ဖျတ်ခနဲ ကျွန်တော့် ဘက်လှည့်ပြီး ပြုံးပြတယ်။

အဲဒီအပြုံးတစ်ချက်က ကျွန်တော့်အတွက် ခမ်းနားကြီးကျယ်လွန်း လှတယ်။

အမိပွါယ်တွေ၊ ခွန်အားသတ္တိတွေပြည့်ဝတဲ့ 'တန်ခိုး'စွမ်းပကား တစ်ခု ရလိုက်သလိုပဲ။

'တန်ခိုး'ဆိုတာ ဘာလဲ...လို့ ကျွန်တော် တွေးကြည့်လိုက်တယ်။

●


www.burmeseclassic.com

www.burmeseclassic.com

တန် = အလင်းရောင်

နိုး = အလင်းရောင်

စကားလုံးနှစ်လုံးစလုံးရဲ့ အဓိပ္ပါယ်က 'အလင်းရောင်'တဲ့။ အချစ်ဟာ အလင်းရောင်ပါပဲ။

●●●

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၃)

အဲဒါ...

မနေ့ကတင် ဖြစ်ခဲ့တာပါ။

ကြေကွဲခြင်းဆိုတဲ့ နတ်သမီးတစ်ပါးက
ငါနဲ့လက်ထပ်မလား...လို့ ကမ်းလှမ်းလာတယ်။

မိုးခေါင်သလိုမျိုး...
ဆောင်းကကော မခေါင်နိုင်တော့ဘူးတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com

## ■ SCENE 15

ပင်လုံရိပ်သာ ကန်ရေပြင်ပေါ်ရှုပ်ပြီး ငှက်တချို့ ပျံသန်းသွားကြသည်။ အိပ်တန်းတက်ရန် အသိုက်အမြုံဆီ ပြန်သောငှက်တွေ ဖြစ်ပေလိမ့်မည်။

ရေမျက်နှာပြင်ပေါ်တွင် လှိုင်းအယဉ်ကလေးတွေ ငြိမ်ငြိမ်သာသာ ယိမ်းနေကြ၏။ ဆည်းဆာနေရောင်စိုလက်သော ရေပြင်သည် လိမ္မော်ရောင်၊ မရမ်းရောင် လဲ့နေလေသည်။

သူက ဆိပ်ခံတံတားတွင် ချည်နှောင်ထားသော လှေထဲသို့ ဆင်းလိုက်သည်။ နောက် သိမ်းမစည်းဆီသို့ လက်ကမ်းပေးလိုက်၏။

စည်းက မဝံ့မရဲဖြင့်…

"ဖြစ်ပါ့မလား ကိုရဲ့။ စည်း…ကြောက်တယ်။ ကြည့်ပါဦး လှေကလည်း မငြိမ်ဘူး…လှုပ်တုတ် လှုပ်တုတ်နဲ့"

ကြောက်လန့်နေသော ကြက်ကလေးတစ်ကောင်နှင့်တူသည့် သူမကို ကြည့်ရင်း သူ ပေါ့ပါးစွာ ရယ်မိသည်။ နောက်…

"ဘာမှ မဖြစ်ပါဘူး စည်းရဲ့။ ကိုလက်ကို အားပြုပြီး ရဲရဲဆင်း။ ကဲ…လာပါဆို"


www.burmeseclassic.com

www.burmeseclassic.com


"ကို မြဲမြဲကိုင်ထားနော်"

စည်းက သူ ကမ်းပေးသောလက်ကို တင်းကျပ်စွာ ဆုပ်ကိုင်သည်။ ခွန်အားရှိသမျှ ဖျစ်ညှစ်ဆုပ်ကိုင်ထားသောကြောင့် သူ့လက်ကောက်ဝတ်သည်ပင်လျှင် သွေးမလျှောက်တော့ဟု ထင်ရ၏။

"အဲဒီလောက်ကြီး တင်းတင်းမဆုပ်နဲ့လေ စည်းရဲ့။ ကို့လက်တောင် အောင့်လာပြီ"

"ကြောက်လို့ပေါ့ ကိုရဲ့"

"ကဲ...ကဲ...ဟုတ်ပြီ...ဖြည်းဖြည်း။ လှေထဲကို ခြေထောက်တစ်ဖက်နဲ့ လှမ်းပြီးနင်းလိုက်။ ဟုတ်ပြီ...ရဲရဲသာနင်း။ နောက်ခြေထောက်တစ်ဖက်...ဟာ..."

"အို...အမေ့..."

စည်းက လန့်ပြီး အော်လိုက်သည်။ သူမက စိုးရိမ်တကြီးဖြင့် စိတ်လောပြီး ဆင်းလိုက်ရာတွင် ခြေတစ်ဖက်က လှေဝမ်းထဲ မနင်းမိဘဲ လှေနံရံကို နင်းလိုက်မိသောကြောင့် လှေတိမ်းမှောက်တော့မလို စောင်းသွား၏။

ခေါင်ဗညားက သူမ၏ကိုယ်ကို လက်တစ်ဖက်ဖြင့် သိမ်းပွေ့ရင်း လှေကို အချိန်မီ ထိန်းလိုက်ရသည်။

"အမယ်လေး ဘုရား...ဘုရား...ကြောက်လိုက်တာ ကိုရယ်။ ရင်ထဲမှာ ထိတ်သွားတာပဲ"

သူမက လှေဝမ်းထဲသို့ အထိတ်တလန့် ထိုင်ချလိုက်ရင်း ပြောသည်။ သူလည်း အခုမှပင် စိုးရိမ်စိတ်ပျယ်ကာ ရယ်နိုင်တော့သည်။

"ဟားဟားဟား..."

"ကိုက ဘာရယ်တာလဲ။ ကြည့်...ဒါ စည်းကို လှောင်တာပေါ့လေ"

သူက လှော်တက်ဖြင့် တစ်ချက်နှစ်ချက် ခတ်လိုက်ပြီး လှေကို ကမ်းမှ စတင်ခွာစဉ် စည်းက နှုတ်ခမ်းစူကာ ပြောသည်။

www.burmeseclassic.com

စည်း ထိုင်နေပုံက သက်တောင့်သက်သာ မရှိ၊ ဖလှယ်မယုက်နှင့် ဒူးနှစ်ဖက်ပေါ် လက်တင်က ကျုံ့ကျုံ့ကလေး ထိုင်နေသည်။

သူက လှေကို အားစိုက်၍ လှော်ခတ်လိုက်ရင်း…

"အဲဒီလောက်ကြီးလည်း မကြောက်နဲ့ စည်းရဲ့။ အကြောက်တရားက ပိုပြီး ဒုက္ခပေးတတ်တယ်"

"ကိုကလည်း သူရဲကောင်းတွေတောင် ကြောက်တတ်ကြသေးတာပဲ"

"သူရဲကောင်းတွေက ဘာကို ကြောက်လို့လဲ"

"သူတို့ကို သတ္တိမရှိဘူးလို့ အထင်ခံရမှာကို ကြောက်တယ်လေ။ မဟုတ်ဘူးလား"

ခေါင်းညိတ်ပြီး ဟုတ်တယ်…ဟုတ်တယ်ဟု ပြောရင်း…ရေကို လက်ခုပ်ဖြင့် ခပ်ပက်ကျီစယ်လိုက်သည်။

"ဟယ်…ကိုကလည်းကွာ။ ဒီမှာ စိုကုန်ပြီ"

"နည်းနည်းလေးစိုတာများ ဘာဖြစ်လဲ စည်းရဲ့။ မကျေနပ်ရင် ကိုကို ပြန်ပက်ပေါ့"

လှေက ရေလယ်ခေါင်နားသို့ တရွေ့ရွေ့ နီးလာသည်နှင့်အမျှ စည်း၏ ကြောက်စိတ်က တဖြည်းဖြည်း ပြေလျော့လာ၏။ လှေပေါ်တက်ခါစကလောက် စိတ်တင်းတင်းကျပ်ကျပ် ဖြစ်မနေတော့။

သူမ၏ ဖြူသွယ်သော လက်ကလေးတစ်ဖက်ကိုပင် လှေနံရံဘေးမှ ရေထဲသို့ချကာ လှိုင်းဂယက်လေးများကို တို့ထိဆော့ကစားနေ၏။

ထို့နောက် သူမက…

"သဘာဝတရားကြီးဟာ အရမ်းလှပတယ်နော်။ စတယ်လို့လည်း မရှိဘူး။ ဆုံးတယ်လို့လည်း မရှိဘူး။ သူ့ဘာသာသူ ပြီးပြည့်စုံနေတာပဲ"

"အစအဆုံး မရှိတာနဲ့ဘဲ ပြည့်စုံရောလား စည်းရဲ့"

သူမက မျက်မှောင်လေးကို အသာကုပ်လျက် စဉ်းစားနေပြီး…

"ကိုကိုတော့ မရှင်းပြတတ်ဘူး။ ဒါပေမဲ့ စည်းရင်ထဲမှာ သိနေ

www.burmeseclassic.com

www.burmeseclassic.com

တယ်''

''ဘယ်လိုမျိုး သိတာလဲ''

''ဥပမာပြောရရင် ကိုရယ် စည်းတို့ အခုရှုနေရတဲ့ လေကိုပဲ ကြည့်။ အပြင်မှာ လေဟာ တစ်ခုတည်းပဲ။ ဒါပေမဲ့ နှာခေါင်းပေါက် နှစ်ခုက ရှုသွင်းလိုက်တဲ့အခါကျတော့''

''လေက လမ်းနှစ်လမ်းခွဲပြီး ဝင်လာတယ်''

သူမက ခေါင်းညိတ်ရင်း...

''ခန္ဓာကိုယ်ထဲရောက်တော့ တစ်ခုတည်း ပြန်ဖြစ်သွားရော။ ရှုထုတ်လိုက်ရင်လည်း ဒီလိုပဲ။ တစ်ခုကနေ နှစ်ခုကွဲသွားတယ်။ အပြင်ပြန်ရောက်တဲ့အခါ တစ်ခုတည်း ပြန်ဖြစ်သွားတာပဲ မဟုတ်လား။

'တစ်'ဟာ အစလည်း ဟုတ်တယ်၊ အဆုံးလည်း ဟုတ်တယ်လေ။ သဘာဝတရားကြီးဟာ ကြိုက်နဲ့ မတူဘူးလားဟင်''

''ကိုကို ကလေးလေးအောက်မေ့လို့ သချင်္ချာတွက်ပြနေတာလား စည်း...။ ဟုတ်လား''

''ကြည့်...ကိုကလည်း စည်းက အကောင်းပြောနေတဲ့ဟာကို''

သူမက နှုတ်ခမ်းကို ချစ်ရာကောင်းအောင် ရှုရင်း နဖူးပေါ်ဝဲကျလာသည့် ဆံပင်များကို သပ်တင်၏။

ကန့်ရှေ့ပြင်အလယ်ဖြစ်သောကြောင့် တဟူးဟူးတိုက်ခတ်နေသော လေပြည်က သူမ၏ ဆံပင်စများကို လွင့်ပျံနေစေသည်။

စည်းက သူမ၏ ဆံပင်ကို စုစည်းချည်နှောင်ရန် လက်ကိုင်ပဝါကို ထုတ်လိုက်သည်။

လည်ပင်းသားနောက်ဘက်မှ ဆံပင်များကို လက်နှစ်ဖက်ဖြင့် နောက်ပြန် စုသိမ်းလိုက်စဉ်မှာပင် ခပ်ပြင်းပြင်းတိုက်လိုက်သော လေအဝှေ့တွင် လက်ကိုင်ပဝါလေးက လွင့်ပြီး ပါသွား၏။

သူမက ရုတ်တရက် ကိုယ်ကို ဆတ်ခနဲလှည့်ကာ ဖမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com

''ဟယ်...စည်းလက်ကိုင်ပဝါ''

''စည်း...မထနဲ့...စည်း...''

သူ အလန့်တကြား အော်ဟစ်လိုက်၏။ နောက်ကျသွားပြီ။

စည်းက မမိမကမ်းဖြစ်နေသော လက်ကိုင်ပဝါကို လှမ်းဆွဲရန် ကိုယ်ကို အနည်းငယ်ကြွပြီး တစ်စောင်းလှည့်ကာ လှေနံရံကို လက် အထောက်...

အလေးချိန် မမျှတော့ဘဲ လှေနံရံကို ဖိချလိုက်သလို ဖြစ်သွားပြီး

''ဗွမ်း...''

လှေ မှောက်သွားသည်။ သူလည်း ရေထဲသို့ ဦးခေါင်းစိုက်လျက် သား ထိုးကျ နစ်မြုပ်သွား၏။

''အမလေး...ကိုရေ...ကိုရေ...ကယ်ပါဦး''

သူ ရေထဲရောက်ရောက်ချင်း မျက်စိများ ပြာသွားသော်လည်း ချက်ချင်းသတိရပြီး ကိုယ်ကို ဖော့လိုက်သည်။

ဘွားခနဲ သူ ပြန်ပေါ်လာ၏။

''ကိုရေ...လုပ်ပါဦး။ စည်းကြောက်တယ် ကြောက်တယ်... အား...''

သူ ရေထဲမှ ပြန်ပေါ်လာလာချင်း စည်း၏အသံကို ကြားလိုက်ရ သဖြင့် ရင်ထဲမှာ ပူခနဲ ဖြစ်သွား၏။

လှမ်းကြည့်လိုက်တော့ သူနှင့် ဝါးနှစ်ပြန်ခန့်အကွာတွင် သွေး ရူးသွေးတန်း ရုန်းကန်နေသည့် စည်းကို မြင်လိုက်ရသည်။

''စည်း...မကြောက်နဲ့။ ကိုယ်လာပြီ''

သူ အော်ဟစ်ရင်း ထိုနေရာသို့ တရှိန်ထိုး လက်ပစ်ကူးသွား လိုက်၏။ ထိုနေရာသို့ သူ မရောက်နိုင်ခင်မှာပင် စည်းက 'ခွုံးဝုံး ဝါးဝါး' ဖြစ်ကာ ရေထဲနစ်မြုပ်သွားသည်။

ဘာမှမကြာလိုက် မလှမ်းမကမ်း တစ်နေရာတွင် ပြန်ပေါ်လာ ပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com

"စည်း...စည်း..."

"အား...ကယ်ပါ...ဦး...အု"

ခြေကားယားလက်ကားယားနှင့် ယက်ကန်ရင်း ပြန်လည်နစ်မြုပ်မသွားမီ အချိန်လေးအတွင်းမှာပင် သွေးပျက်ချောက်ချားနေသော စည်း၏ မျက်နှာပေါ်မှ ခံစားချက်ကို သူ မြင်လိုက်ရသည်။

နောက်တစ်ကြိမ် စည်း ပြန်လည်ပေါ်အလာကို မစောင့်တော့။

ရေအောက်ထဲသို့ သူ ထိုးငုပ်လိုက်၏။

●

ပေနှစ်ဆယ်ခန့် ရေအောက်အနက်တွင် ရုန်းကန်လှုပ်ရှားနေသော လူရိပ်ကို ဝိုးတဝါး လှမ်းမြင်ရပြီ။

သူ့အဆုပ်ထဲတွင် အောက်စီဂျင် မလုံလောက်သော မွန်းကျပ်မှုကြောင့် ရင်ဘတ်က အောင့်လာ၏။

သူ စိတ်ကို တင်းထားလိုက်သည်။

စည်းရှိရာဆီသို့ ကူးခတ်လိုက်၏။ မကြောက်နဲ့စည်း၊ ကိုယ်လာပြီ။ မင်းကို မရရအောင် ကိုယ် ကယ်မယ်။ ကိုယ်သေချင် သေပစေ၊ မင်း မသေစေရဘူး။

သူ့စိတ်ထဲတွင် မီးတွေ တဟုန်းဟုန်း တောက်လောင်နေသည်။ ဘုရား...ဘုရား အသက်ရှူကျပ်လိုက်တာ။ စည်းကော စည်း။

လက်ကို ဆန့်တန်းလိုက်သောအခါ စည်း၏ ခန္ဓာကိုယ်ကို ထိမိသည်။ ရေအောက်ထဲတွင် သူ့လှုပ်ရှားမှုက နှေးကွေးလွန်းနေ၏။

သူက စည်း၏ လက်မောင်းတစ်ဖက်ကို ဆွဲယူလိုက်သည်။ စည်းကို ဆယ်ပြီး ရေပေါ် မြန်မြန်ပြန်တက်မှ ဖြစ်တော့မယ်။ မွန်းကျပ်လွန်းနေပြီ။ နောက်တစ်မိနစ်အတွင်း အသက်ရှူမရလျှင် သူပါ သေဆုံးရတော့မည်ဟုပင် စိတ်ထဲက ထင်လာသည်။


www.burmeseclassic.com

www.burmeseclassic.com

စည်းရေ…စည်း…။

စည်းကလည်း သူမ၏ လက်မောင်းမှ အထိအတွေ့ သတိထား မိလိုက်ချင်းမှာပင် သူမှန်း သိသွားပုံရသည်။

စည်းရေ…ကိုယ်ပါ။

သူက စည်းကို ဆွဲခေါ်ဖို့ ကြိုးစားနေစဉ်မှာပင် စည်း၏ လက်အစုံက သူ့ကို တင်းကျပ်စွာ ကွယ်ဖက်လာ၏။

သေလုမျောပါး ကြောက်လန့်စိတ်ဖြင့် ခွန်အားရှိသမျှ ဖျစ်ညှစ်တွယ်ဖက်ထားခြင်းကြောင့် စည်း၏ လက်များက မြဲမြံလှ သည်။ သူ့ရင်ထဲ ထိတ်သွား၏။

သူ ခြေထောက်အစုံကို အားကုန်သွန်ပြီး ခတ်သည်။ မရ။ သူပါ ရေအောက်ထဲသို့ တစ်စတစ်စ နစ်မြုပ်လာ၏။

'စည်း…လွှတ်ပါဦး…လွှတ်။ ကိုယ်တို့နှစ်ယောက်စလုံး သေကုန်လိမ့်မယ်။ အား…မွန်းကျပ်လိုက်တာ'

သူ့အဆုပ်များ ပေါက်ကွဲထွက်တော့မတတ် ခံစားနေရသည်။ မျက်စိတွေ ပြာလာသည်။ ဘာကိုမှ မမြင်ရတော့။

'စည်း…စည်း…ခဏလောက် လွှတ်ပါဦး'

သူ့အသိစိတ်က မလွှတ်တစ်ချက် လွှတ်တစ်ချက်။ စည်း၏ လက်အစုံက သူ့တစ်ကိုယ်လုံးကို တင်းတင်းကျပ်ကျပ် မြဲမြံစွာ ဖက် တွယ်ထားဆဲ။

ဝေဝါးနေသော သူ့အာရုံထဲတွင် ထိတ်လန့်ချောက်ချားစရာ အသိတစ်ခု ပေါ်လာသည်။

ငါ…ငါ…ရေနစ်သေတော့မယ်။

●

သူ သိစိတ်တစ်ချက် လွှတ်သလို ဖြစ်သွားသည်။ မခံမရပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com

အောင် မွန်းကျပ်သော ဝေဒနာဆိုးဒဏ် အလူးလူးအလဲလဲကြားမှာ ကြောက်ရွံ့…။

သေငယ်ဇောဏ် လှုံ့ဆော်မှုဖြင့် ရုတ်တရက် ကြီးမားသော အားအင်ကို သုံးကာ သူ့ခန္ဓာကိုယ်ကို တွယ်ဖက်ထားသည့် အချုပ်အနှောင်တို့ကို တစ်ချက်တည်း ဆောင့်ပြီး ဆွဲဖြုတ်ရုန်းဖယ်လိုက်၏။

လွတ်ပြီ…လွတ်ပြီ…ငါ…လွတ်ပြီ။

သူ ရေပေါ်သို့ ဝေါခနဲ တစ်ရှိန်ထိုး တက်လာခဲ့မိသည် ထင်၏။

•

ရေမျက်နှာပြင်ပေါ်တွင် ဘွားခနဲ သူ ပေါ်လာလာချင်း အေးမြနူးညံ့သော လေထုကို သူ့အသိတရားက တွေ့သိလိုက်သည်။

လေကို အားပါးတရ သူ ရှူရှိုက်လိုက်၏။

ရင်ထဲမှာ ပေါ့ပါးငြိမ်းချမ်းသွားသည်။

ထို့နောက်…

ထို့နောက်…

ထို့နောက်…

စည်းကောဟင်…စည်းဘယ်မှာလဲ…။

•

ရေမျက်နှာပြင်သည် ငြိမ်သက်နေ၏။

ဒီကမ္ဘာလောကတွင် စည်းတစ်ယောက် မရှိတော့ပြီ

…

နောင် သူမနှင့် ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးဟုသည်



www.burmeseclassic.com

www.burmeseclassic.com

အသိတရားတစ်ခုသာလျှင် သူ့နှလုံးသည်းပွတ်၌
သူ၏ နောက်ဆုံးနေ့ရက်များထိတိုင်
ဝမ်းနည်းစွာ စွဲမြဲကျန်ရစ်နေပေတော့မည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

ဟောဒီ ကျွန်တော့်ရဲ့လက်တွေဟာ စည်းကို သေမင်းဆီ တွန်းပို့ခဲ့တာပေါ့။

ကြောက်ရွာလွန်းလို့ ကျွန်တော့်ကို အားကိုးတကြီး ဖက်တွယ်ထားတဲ့ သူမကိုမှ ကျွန်တော့်လက်တွေက အတင်းဆွဲခွာရုန်းထွက်ပြီး ထားပစ်ခဲ့တယ်။

သူမရဲ့ နောက်ဆုံးအားကိုးရာမဲ့နေတဲ့ အချိန်မှာ ကျွန်တော်ဟာ ကိုယ်လွတ်ရုန်းပြီး သူမကို စွန့်ခွာခဲ့တယ်။

ကျွန်တော်ဟာ သူမကို သတ်ပစ်ခဲ့သူပါပဲ။

... ... ...

အဲဒီ နာကျင်ခါးသီးမှုဟာ ကျွန်တော့်ရင်ဘတ်က အသားစတွေ သွေးကြောမျှင်တွေကို အစိမ်းလတ်လတ် ကုတ်ဖဲ့ဖြတ်ထုတ်နေသလိုပဲ။

... ... ...

သူမ သေဆုံးခဲ့ပြီ။

အခုအချိန်ကစပြီး သူမက

ကျွန်တော့်ကို စတင် နှိပ်စက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

တစ်သက်လုံး မက်လို့မဆုံးတော့မယ့် အိပ်မက်ဆိုးကြီးက ကျွန်တော့်ကို ပြစ်ဒဏ်ခတ်လိုက်ပြီလေ။

အဲဒီအပြစ်ဒဏ်ကို ကျွန်တော် အသက်ရှင်နေသမျှ နေ့ရက်တိုင်း အံကြိတ် ခါးစည်းခံရတော့မှာပေါ့။

မနက်မိုးလင်းရင် မျက်စိနှစ်လုံးကို မဖွင့်ရဲဘူး။ ကြောက်တယ်။ 'ငါဟာ အဆိုးရွားဆုံး ရာဇဝတ်သားတစ်ယောက်ပဲ' ဆိုတဲ့ အသိအာရုံနဲ့ အိပ်ယာက နိုးထရမှာကို ခံစားနိုင်တဲ့ အားမရှိတော့ဘူး။

လိပ်ပြာမသန့်တဲ့စိတ်နဲ့ မျက်စိကို ပိတ်ပြီး အိပ်ပစ်နိုင်ဖို့ဆိုတာ ကိုလည်း ဒီဘဝမှာတော့ ဘယ်လိုမှ မရနိုင်တော့ဘူး။

သွားပြီ...။

အသက်ရှင်နေလျက်နဲ့ ကျွန်တော်ဟာ လူ့ဘဝကို ဆုံးရှုံးလိုက် ရပါပြီ။

ကျွန်တော့်အတွက်တော့
အသက်ရှင် ကျန်နေရစ်ခဲ့ရတာဟာ
သေခြင်းထက် အဆပေါင်းများစွာ ပိုဆိုးရွားတဲ့
အပြစ်ဒဏ်တစ်ခုပါဗျာ။

မေမေရေ...

သားကို နားလည်ပေးနိုင်သေးရဲ့လားဟင်။ ကျေးဇူးပြုပြီး သားကို ကယ်ပါနော်။ မေမေ့ရဲ့သားကို ကယ်ပါဦးဗျာ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး မှုင်း ပျာ ထန် ခံ ချက်

ဒီနှစ်နွေဦးရောက်လို့ သစ်ချပင်က ရွက်နုတွေထွက်တဲ့အခါ ဟိုး ရိုးမတောင်ခြေက ချောင်းရေစပ် သဲသောင်ပြင်ကို သွားကြမယ်။

အောက်မေ့တာသဖွယ် နေ့ရက်များစွာဟာ မြူခိုးတွေလို မှိုင်းမှိုင်း ဝေနေရော့မယ်။

ရွက်ကြွေခဲ့ပြီဖြစ်တဲ့ သက်ရင့်ပင်အိုတွေတောင်မှ အတိတ်ကို ပြန်လွမ်းဆွတ်တတ်ကြမှာပဲလေ။ ရင်ခွင်ထဲမှာ ချစ်ခြင်းရဲ့ ရွက်သစ်နုတွေနဲ့ တိတ်တိတ်ကလေး သတိရနေပါရစေ။

ဒါဟာ 'နွေဦးသို့ ပူဇော်ခန်း'ပဲပေါ့။ ဟိုး အမြင့်ကြီးတစ်နေရာဆီက ဥသြသံကြားရသလိုလို ထင်မိတယ်။ ကံ့ကော်တွေလည်း ဦးညွှတ်ငြိမ်သက်စွာ ပွင့်နေကြလောက်ရော့မယ်။

ဟိုတစ်ချိန်တုန်းက နွေဦးရဲ့ရနံ့ဟာ ရင်ခွင်ထဲမှာ တွဲလွဲခိုနေဆဲပဲ။

နွေဦးရောက်ရင် နေရောင်ခြည်ဟာလည်း ရွှေရောင်နုနုညံ့ပြီး နွေးထွေးနေလိမ့်မယ်။ ပန်းပွင့်နဲ့ ရနံ့တွေဟာလည်း အိပ်မက်တစ်ခုလို


www.burmeseclassic.com

www.burmeseclassic.com

ချို့မြဲနေလိမ့်မယ်။

ဒါတွေဟာ အတိတ်က ကြည်နူးခြင်းတွေပေါ့။

အခုတော့ ကြည်နူးခြင်းဟာ အလွမ်းဖြစ်ခဲ့ရပြီ မဟုတ်လား။

ဒီနှစ် နွေဦးရောက်လို့ သစ်ချပင်က ရွက်နုတွေထွက်တဲ့အခါ ရိုးမတောင်ခြေကို သွားကြမယ်လေ။

ပြန်လာတဲ့အခါကျရင်တော့ အလွမ်းတွေ သယ်မလာခဲ့ကြပါစို့ရဲ့။

ခင်ဗျားတို့ သိကြတဲ့အတိုင်းပဲဗျာ။

ကျွန်တော်ဟာ ကိုယ့်ချစ်သူကို ကိုယ်ပြန်သတ်ခဲ့တဲ့ကောင်ပါ။ ဟောဒီ ကျွန်တော့်ရဲ့လက်အစုံနဲ့ စည်းကို သတ်ပစ်ခဲ့တာပေါ့။

ကျွန်တော် သိပ်တစ်ကိုယ်ကောင်း ဆန်တယ်နော်။

တကယ်တမ်း မရဏတရားနဲ့ ရင်ဆိုင်ရတဲ့အခါကျတော့ ကျွန်တော်ဟာ သူမနဲ့အတူတူလိုက်ပြီး မသေရဲဘူး။

ကျွန်တော် ကြောက်တယ်။

ကျွန်တော် ဘဝကို တပ်မက်တယ်…။

●

'လူဟာ ကိုယ့်ကိုယ်ကိုထက်တော့ ဘယ်သူ့ကိုမှ ပိုပြီး မချစ်နိုင်ဘူး'…လို့

တစ်ခါက စည်းပြောခဲ့ဘူးတာ မှန်များမှန်နေမလားလို့ပြီး ကျွန်တော် စဉ်းစားကြည့်တယ်။


www.burmeseclassic.com

www.burmeseclassic.com


ဒါဖြင့်...

အချစ်ဆိုတာ ဘာလဲ။

ကျွန်တော် မသိဘူး။

●

ခင်ဗျားတို့ကော ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စတစ်ခုကို ဘာဖြစ်လို့ ခေါင်းရှုပ်ခံပြီး စဉ်းစားနေကြမှာလဲ။

မင်းမိုက်မိုးစန်
၂၀၀၄

www.burmeseclassic.com

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com